# မြန်မာ့အလင်း

၁၉၁၄ ခုနှစ်က တည်ထောင်သည်။ Established in 1914

**Myanma Alinn Daily**

## မိမိပြုဖွယ် အမှုကိစ္စ

သီလနှင့်လည်းပြည့်စုံ၊ ဉာဏ်အမြင်နှင့်လည်း ပြည့်စုံ၍ တရား၌တည်ကာ အမှန်တရားကိုလည်း သိတတ်သော မိမိပြုဖွယ်အမှုကိစ္စကိုလည်း ပြုတတ်သူကို လူအပေါင်းသည် ချစ်မြတ်နိုး၏။

ပိဋကတ်(ဓမ္မပဒ-၂၁၇)

၁၃၈၃ ခုနှစ်၊ ဝါခေါင်လဆန်း ၇ ရက် | ၂၀၂၁ ခုနှစ်၊ ဩဂုတ် ၁၄ ရက်၊ စနေနေ့ | အတွဲ (၆၀)၊ အမှတ် (၃၁၅)

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ကို ပြန်လည်ဖွဲ့စည်းပြီး မဲစာရင်းများစစ်ဆေးခြင်းများအပါအဝင် လုပ်ဆောင်သင့်၊ လုပ်ဆောင်ထိုက်သည်များကို ဥပဒေနှင့်အညီ ဆက်လက်လုပ်ဆောင်သွားမည်။

၂။ လတ်တလော ဖြစ်ပွားနေဆဲဖြစ်သည့် COVID-19 ကပ်ရောဂါ ကာကွယ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မပျက် ထိထိရောက်ရောက် ဆက်လက်ဆောင်ရွက်သွားမည်။

၃။ COVID-19 ကပ်ရောဂါကြောင့် ထိခိုက်ခဲ့သည့် စီးပွားရေးလုပ်ငန်းများအား ဖြစ်နိုင်သမျှနည်းလမ်းများဖြင့် အမြန်ဆုံးကုစားသွားမည်။

၄။ တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ် (NCA) ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှအလေးထား လုပ်ဆောင်သွားမည်။

၅။ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်) နှင့်အညီ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲအား ပြန်လည်ကျင်းပ၍ အနိုင်ရသည့်ပါတီအား ဒီမိုကရေစီစံနှုန်းများနှင့်အညီ နိုင်ငံတော်တာဝန်အား လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

## COVID-19 ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဗဟိုကော်မတီ အသိပေးကြေညာချက်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

Coronavirus Disease 2019 (COVID-19) ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဗဟိုကော်မတီ

အသိပေးကြေညာချက်

၁၃၈၃ ခုနှစ်၊ ဝါခေါင်လဆန်း ၆ ရက်

(၂၀၂၁ ခုနှစ်၊ ဩဂုတ်လ ၁၃ ရက်)

၁။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် ၁၂-၈-၂၀၂၁ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ်၊ ၂၂၆/၂၀၂၁ ဖြင့် ၂၀၂၁ ခုနှစ်၊ ဩဂုတ်လ ၁၆ ရက်နေ့မှ ၂၂ ရက်နေ့အထိအား တစ်ဆက်တစ်စပ်တည်း အများပြည်သူအလုပ်ပိတ်ရက်အဖြစ် သတ်မှတ်ကြေညာခဲ့ပါသည်။

၂။ အဆိုပါ အများပြည်သူ အလုပ်ပိတ်ရက်ကာလအတွင်း ကိုဗစ်-၁၉ ရောဂါ ကူးစက်မှုကို ထိရောက်စွာ ဟန့်တားနိုင်ရေးအတွက် အောက်ပါစည်းကမ်းချက်များနှင့်အညီ နေထိုင်၊ ဆောင်ရွက်ရန်ဖြစ်သည်-

(က) မိမိတို့၏နေအိမ် သို့မဟုတ် အဆောင်များတွင်သာ နေထိုင်ရန်နှင့် တာဝန်နှင့် နာရေးမှအပ ခရီးသွားလာခြင်း လုံးဝမပြုလုပ်ရန်၊

(ခ) ကုန်ထုတ်စွမ်းအား မကျဆင်းစေရေးအတွက် အလုပ်သမားဝန်ကြီးဌာနနှင့် သက်ဆိုင်ရာ နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် အစိုးရအဖွဲ့များ၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် စက်ရုံ၊ အလုပ်ရုံများအား ကျန်းမာရေးဝန်ကြီးဌာန၏ ကိုဗစ်-၁၉ ကာကွယ်ရေးဆိုင်ရာ လမ်းညွှန်ချက်များနှင့်အညီ ဖွင့်လှစ်ရန်၊

*စာမျက်နှာ ၃ ကော်လံ ၁* ❑



## ပုလောမြို့နယ်အတွင်းရှိ ကဏန်းလက်မပုံသဏ္ဌာန်ကျွန်းမှာ ခရီးသွားများအတွက် ဆွဲဆောင်ရာနေရာတစ်ခုဖြစ်လာ

**ပုလော ဩဂုတ် ၁၃**

တနင်္သာရီတိုင်းဒေသကြီး ပုလောမြို့နယ်အတွင်းရှိ ကဏန်းလက်မပုံသဏ္ဌာန် ကျွန်းတစ်ခုပေါ်တွင် ကမ်းခြေတစ်လျှောက်နှင့် ရေထဲ၌ခြေတံရှည်နေအိမ်များ အစီအရီတည်ဆောက်ထားသည့် ကျောက္ကာကျေးရွာသည် ကိုဗစ်-၁၉ အလွန် ယခုနှစ်ခရီးသွားရာသီကာလတွင် ပြည်တွင်း ပြည်ပ ခရီးသွားဧည့်သည်များအတွက် စိတ်ဝင်စားဖွယ်နေရာတစ်ခုဖြစ်လာကြောင်း သိရသည်။

မြိတ်မြို့မှ ရေမိုင် ၂၀ ခန့် ကွာဝေးပြီး ပုလောမြို့နယ်အတွင်း ထူးခြားထင်ရှားသည့်ပင်လယ်ပြင်တွင် ကျွန်းပတ်လည်ကမ်းခြေတစ်လျှောက်နှင့် ရေပေါ်တို့တွင် လူနေအိမ်များကို အစီအရီ တည်ဆောက်နေထိုင်ကာ တံငါလုပ်ငန်းကို အဓိကထား အသက်မွေးဝမ်းကျောင်းပြု လုပ်ကိုင်စားသောက်လျက်ရှိသည့် ကျောက္ကာကျေးရွာသို့ လွန်ခဲ့သောသုံးနှစ်ကျော်ခန့်မှစတင်ကာ လူသိများလာပြီး ပြည်တွင်း ပြည်ပ ခရီးသွားဧည့်သည်များအတွက် စိတ်ဝင်စားဖွယ်နေရာ ကျွန်းခရီးစဉ်တစ်ခုဖြစ်လာနေကြောင်း သိရသည်။

*စာမျက်နှာ ၂၂ ကော်လံ ၁* ❋

**ယနေ့ ဖတ်စရာ**

ဆရာကြီး စည်သူ ဒေါက်တာ ကျော်စိန်၏ ဘဝနှင့် စာပေ — *ဆောင်းပါး* (စာ - ၈)

အိန္ဒိယအပါအဝင် အခြားသော ကိုးနိုင်ငံမှ ခရီးသွားများ ဖိလစ်ပိုင်နိုင်ငံအတွင်း လာရောက်ခြင်း ပိတ်ပင်မှုကာလ သက်တမ်းတိုး — *နိုင်ငံတကာသတင်း* (စာ - ၁၂)

လမ်းသမိုင်းရှာမှသည် တောင်ဖြူကျေးရွာဆီသို့ သမိုင်းအရွေ့နှင့်အတူ ဖြစ်တည်လာသည့် ပြည်သူ့စစ်ဒို့စစ် — *ဆောင်းပါး* (စာ - ၂၀)

မြန်မာ့အလင်း

# သတင်းအမှန်ကို လျစ်လျူရှု၍ တစ်ဖက်သတ်စွပ်စွဲမှု

ဒုတိယကမ္ဘာစစ်ကြီးအပြီး ၁၉၄၅ ခုနှစ် အောက်တိုဘာ ၂၄ ရက်နေ့တွင် ကုလသမဂ္ဂအဖွဲ့ကြီးကို စတင်ထူထောင်ခဲ့သည်။ အဖွဲ့၏အခြေခံမူအဖြစ် (၁) အဖွဲ့ဝင်နိုင်ငံအားလုံးသည် အချုပ်အခြာအာဏာပိုင်တန်းတူရည်တူနိုင်ငံများဖြစ်ကြသည်။ (၂) အဖွဲ့ဝင်နိုင်ငံအားလုံးသည် ပဋိညာဉ်စာတမ်းကို လိုက်နာကြရမည်။ (၃) နိုင်ငံများသည် မိမိတို့၏ ကွဲပြားခြားနားချက်များကို ငြိမ်းချမ်းသောနည်းဖြင့် ဖြေရှင်းကြရမည်။ (၄) ကုလသမဂ္ဂသည် မည်သည့်နိုင်ငံ၏ ပြည်တွင်းရေးကိုမျှ ဝင်ရောက်စွက်ဖက်ခြင်းမပြုနိုင်။ (၅) နိုင်ငံများသည် ကုလသမဂ္ဂကို ကူညီထောက်ပံ့ရန် ကြိုးစားအားထုတ်သင့်ကြသည်ဟူသော မူ(၅)ရပ်ကို အခြေခံမူများအဖြစ် ချမှတ်ခဲ့သည်။ သို့ရာတွင် ကုလသမဂ္ဂကို စတင်ထူထောင်စဉ်ကပင် အဖွဲ့ဝင်နိုင်ငံများအတွင်းမှ နိုင်ငံကြီးများကသာ အဖွဲ့ကို လွှမ်းမိုးခဲ့သည်။

၁၉၄၆ ခုနှစ် ဇန်နဝါရီလအတွင်း ကျင်းပခဲ့သည့် ဖဆပလအဖွဲ့ချုပ်ကြီး၏ နိုင်ငံလုံးဆိုင်ရာညီလာခံတွင် ဥက္ကဋ္ဌ ဗိုလ်ချုပ်အောင်ဆန်းက မိန့်ခွန်းပြောကြားခဲ့ရာ၌ "ကျွန်ုပ်တို့မှတ်သားသင့်သည်မှာ ဤနိုင်ငံပေါင်းစုံကုလသမဂ္ဂသည် စစ်အောင်မြင်သော နိုင်ငံကြီးများ၏ လက်အောက်ခံနိုင်ငံများရှိ လက်အောက်ခံလူမျိုးများအတွက် မည်သို့မျှ မစီမံ မဆောင်ရွက်သေးသောကြောင့် ထိုထိုသော နိုင်ငံငယ်များရှိ လူမျိုးများ၏ နိုင်ငံရေး၊ စီးပွားရေးမျှော်လင့်ချက်သည် ရေးကကွဲသို့ပင် မသေမချာ မရေမရာပင် ရှိပေသေး၏" ဟူ၍ လည်းကောင်း၊ "နိုင်ငံပေါင်းစုံကုလသမဂ္ဂသည် ကမ္ဘာ့ငြိမ်းချမ်းရေး၊ ကမ္ဘာ့လုံခြုံရေးအတွက် ထိထိရောက်ရောက်ဆောင်ရွက်နိုင်သော အဖွဲ့ကြီးဖြစ်လိုခဲ့ပါလျှင် နိုင်ငံကြီး နိုင်ငံငယ် စက်ဆုပ်ဖွယ်ကောင်းသော အတန်းအစားခွဲခြင်းတို့ကို ပပျောက်အောင် ပြုလုပ်သင့်ကြလေပြီ" ဟူ၍ လည်းကောင်း ထည့်သွင်းပြောကြားခဲ့သည်။ ထိုစဉ်က မြန်မာနိုင်ငံသည် ဗြိတိသျှလက်အောက်မှ မလွတ်မြောက်သေး။ လွတ်လပ်သည့် အချုပ်အခြာအာဏာပိုင်နိုင်ငံအဖြစ်သို့ မရောက်ရှိသေးချိန်ဖြစ်သည်။ ၁၉၄၈ ခုနှစ် ဇန်နဝါရီလ ၄ ရက်နေ့တွင် မြန်မာနိုင်ငံလွတ်လပ်ရေးရပြီးသည့်နောက် ယင်းနှစ် ဧပြီလ ၁၉ ရက်နေ့တွင် ကုလသမဂ္ဂအဖွဲ့ဝင်နိုင်ငံ ဖြစ်လာခဲ့သည်။

တတိယမြောက် ကုလသမဂ္ဂအတွင်းရေးမှူးချုပ်အဖြစ် မြန်မာနိုင်ငံသား ဦးသန့်က ၁၉၆၁ ခုနှစ်မှ ၁၉၇၂ ခုနှစ်အထိ သက်တမ်းနှစ်ကြိမ်ထမ်းဆောင်ခဲ့ရာ ၎င်းတာဝန်ထမ်းဆောင်ခဲ့သည့် ဆယ်စုနှစ်ကာလအတွင်းမှ အတွေ့အကြုံများကို "ကုလသမဂ္ဂပေါ်မှ အမြင်" စာအုပ်၌ ပြန်လည်ရေးသားဖော်ပြခဲ့သည်။ ဦးသန့်၏ ကုလသမဂ္ဂအတွင်းရေးမှူးချုပ်ဘဝ အတွေ့အကြုံများတွင် စာနယ်ဇင်းများနှင့် အခြားမီဒီယာများ၏ မမှန်မကန် ဘက်လိုက်ဖော်ပြထားမှုများကြောင့် မူလဖြစ်ရပ်များနှင့် အံ့သြဖွယ်ကောင်းအောင်ခြားနားနေမှုများ၊ အခြေအနေမှန် ဖြစ်ရပ်မှန်များကို တွန်းအားပေးခြင်း၊ လျစ်လျူရှုထားခြင်း၊ ဘက်လိုက်ဖော်ပြခြင်းများ အများအပြားတွေ့ကြုံခဲ့ရသည်။ ထို့အပြင် အရေးကြီးသောအဆို ဆုံးဖြတ်ချက်များတွင် ထောက်ခံမဲသုံးပုံနှစ်ပုံရရှိရေးအတွက် နိုင်ငံကြီးများက အုပ်စုဖွဲ့စွမ်းဆောင်နိုင်မှုများ၊ မီဒီယာများကလည်း ၎င်းတို့ကိုသာ အသားပေးဖော်ပြမှုများဖြင့် ကမ္ဘာ့နိုင်ငံရေးဇာတ်ခုံပေါ်မှ အခင်းအကျင်းများ၊ ကုလသမဂ္ဂပေါ်မှ မြင်ကွင်းများသည် ဆယ်စုနှစ်ပေါင်းများစွာ ကြာမြင့်သည့်တိုင် မပြောင်းလဲသေး။

ပြီးခဲ့သည့်ရက်ပိုင်းအတွင်း ကုလသမဂ္ဂအတွင်းရေးမှူးချုပ်၏ မြန်မာနိုင်ငံဆိုင်ရာ အထူးကိုယ်စားလှယ်က မြန်မာနိုင်ငံ၏ လက်ရှိအခြေအနေနှင့်စပ်လျဉ်း၍ သတင်းစာရှင်းလင်းပွဲတစ်ရပ် ကျင်းပရာတွင် အတည်ပြုနိုင်ခြင်းမရှိသည့် မှားယွင်းသည့် သတင်းအချက်အလက်များပေါ်တွင် အခြေခံကာ တစ်ဖက်သတ်စွပ်စွဲမှု ပြုလုပ်ခဲ့ပြီး မြန်မာနိုင်ငံ၏ ပကတိအခြေအနေနှင့် မကိုက်ညီသော၊ အပြုသဘောမဆောင်သော အဆိုပြုမှု၊ မြန်မာနိုင်ငံကို ပြင်ပမှ ဝင်ရောက်စွက်ဖက်လိုသူများဘက်မှ ချဲ့ကားပြောကြားမှုများ ပြုလုပ်ခဲ့ခြင်းကြောင့် မြန်မာနိုင်ငံက ပြင်းထန်စွာ ကန့်ကွက်ခဲ့သည်။ မှားယွင်းသည့် အချက်အလက်များကို ရယူအသုံးပြုခြင်းက မှားယွင်းသည့်အသိနှင့် မှားယွင်းသည့် ဆုံးဖြတ်ချက်ကိုသာ ရလဒ်ဖြစ်ပေါ်စေမည်ဖြစ်သည်။ ရှင်းရှင်းလင်းလင်း ထုတ်ဖော်အသိပေးထားပြီးဖြစ်သည့် သတင်းအချက်အလက်များကို လျစ်လျူရှုထားခြင်းကလည်း ဘက်လိုက်မှု၊ လိုရာဆွဲမှု၊ ချဲ့ကားမှုများပြုရန်အတွက်သာဖြစ်ရာ မြန်မာနိုင်ငံအပေါ် ထားရှိသည့် စေတနာမှာ အဆိုးမှတစ်ပါး အခြားမရှိနိုင်ပါကြောင်း။ ။

## ဒုတိယဝန်ကြီး ခန့်အပ်တာဝန်ပေး

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ
အမိန့်အမှတ် ၁၇၄ / ၂၀၂၁
၁၃၈၃ ခုနှစ်၊ ဝါခေါင်လဆန်း ၆ ရက်
(၂၀၂၁ ခုနှစ်၊ ဩဂုတ်လ ၁၃ ရက်)

### ဒုတိယဝန်ကြီး ခန့်အပ်တာဝန်ပေးခြင်း

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၁၉ အရ ဦးအောင်မြိုင် အား ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးအဖြစ် ခန့်အပ်တာဝန်ပေးလိုက်သည်။

အမိန့်အရ

အောင်လင်းဒွေး
ဒုတိယဗိုလ်ချုပ်ကြီး
အတွင်းရေးမှူး

## နေရာကွက်၍ မိုးကြီးနိုင်

နေပြည်တော် ဩဂုတ် ၁၃

နေပြည်တော်နှင့် မကွေးတိုင်းဒေသကြီးတို့တွင် နေရာကွက်ကျား၊ စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ မန္တလေးတိုင်းဒေသကြီးနှင့် ကယားပြည်နယ်တို့တွင် နေရာကျဲကျဲ၊ ပဲခူးတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်(တောင်ပိုင်း)နှင့် ချင်းပြည်နယ်တို့တွင် နေရာစိပ်စိပ်နှင့် ကျန်တိုင်းဒေသကြီးနှင့်ပြည်နယ်တို့တွင် နေရာအနှံ့အပြား မိုးထစ်ချုန်းရွာပြီး စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ မန္တလေးတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီးနှင့် ကချင်ပြည်နယ်တို့တွင် နေရာကွက်၍ မိုးကြီးနိုင်သည်။ ရွာရန် ရာနှုန်းပြည့် ဖြစ်သည်။

မိုး/ဇလ

## မြန်မာနိုင်ငံသတင်းမီဒီယာကောင်စီမှ Press Helmet နှင့် သတင်းမီဒီယာဥပဒေစာအုပ်များ ပေးအပ်လှူဒါန်း

ပုသိမ် ဩဂုတ် ၁၃

သတင်းမီဒီယာကျင့်ဝတ်နှင့်အညီ သတင်းရယူနိုင်ရေးနှင့် သတင်းအမှန်များ စီးဆင်းမှုမြန်ဆန်စေရေး အထောက်အကူဖြစ်စေရန်အတွက် သတင်းမီဒီယာဥပဒေစာအုပ်များနှင့် သတင်းသမားများအတွက် Press Helmet များ ပေးအပ်လှူဒါန်းပွဲကို ဧရာဝတီတိုင်းဒေသကြီး ပုသိမ်ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရုံးတွင် ဩဂုတ် ၁၂ ရက်က ကျင်းပသည်။



အခမ်းအနားသို့ မြန်မာနိုင်ငံသတင်းမီဒီယာကောင်စီ တွဲဖက်အတွင်းရေးမှူး(၂)၊ သတင်းမီဒီယာကျင့်ဝတ်နှင့် ဖွံ့ဖြိုးရေးကော်မတီ အဖွဲ့ခေါင်းဆောင် ဦးအောင်ပြည့်စုံနှင့် ပုသိမ်ခရိုင်အတွင်းရှိ ပုဂ္ဂလိကမီဒီယာတိုက်များမှ သတင်းသမားများ တက်ရောက်ကာ သတင်းမီဒီယာကဏ္ဍဖွံ့ဖြိုးရေးအတွက် အတွေ့အကြုံအမြင်များ ဆွေးနွေးဖလှယ်ကြသည်။

တွေ့ဆုံဆွေးနွေးရာတွင် တွဲဖက်အတွင်းရေးမှူး(၂) ဦးအောင်ပြည့်စုံက လက်ရှိနိုင်ငံတော်အစိုးရ၏ ဒီမိုကရေစီလမ်းကြောင်းမှန်ပေါ်သို့ ရောက်ရှိစေရန် ကြိုးပမ်းဆောင်ရွက်မှုများအပေါ် သတင်းတု၊ သတင်းမှားများနှင့် မသမာသူများက တိုက်ခိုက်နှောင့်ယှက်မှုများရှိနေသည်ကို တက်ရောက်လာသူများအသိပင် ဖြစ်ကြောင်း၊ ပြည်သူလူထုထံ သတင်းအမှန်များ အချိန်မီရောက်ရှိနိုင်ရန် အရေးကြီးပါကြောင်း၊ ကျင့်ဝတ်နှင့်အညီ သတင်းများ ရယူဆောင်ရွက်နိုင်ရေးက အထူးအရေးကြီးပါကြောင်း၊ ကျင့်ဝတ်နှင့်အညီ မှန်ကန်မြန်ဆန်သော သတင်းများကို ရယူလျက် နိုင်ငံတော်၏ ဒီမိုကရေစီလမ်းကြောင်းမှန်ပေါ်သို့ ရောက်ရှိရေး စွမ်းဆောင်နိုင်သမျှ တစ်တပ်တစ်အား အားဖြည့်ကူညီဆောင်ရွက်ကြရန် လိုအပ်ကြောင်းနှင့် ကျင့်ဝတ်နှင့်အညီ သတင်းရယူနေသော သတင်းသမားများအတွက် သတင်းမီဒီယာကောင်စီမှလည်း ဥပဒေ၊ နည်းဥပဒေများနှင့်အညီ သတင်းသမားများအား အမြဲတမ်းကူညီပံ့ပိုးပေးသွားမည် ဖြစ်ကြောင်း မှာကြားဆွေးနွေးသည်။

သတင်းစဉ်

## မိုးထစ်ချုန်းရွာမည်

နေပြည်တော် ဩဂုတ် ၁၃

နေပြည်တော်နှင့် မန္တလေးမြို့တို့ အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်းပြည့် ဖြစ်သည်။

ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ မိုးတစ်ကြိမ်၊ နှစ်ကြိမ် ထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်းပြည့် ဖြစ်သည်။

မနက်ဖြန်အတွက် ခန့်မှန်းချက်မှာ တနင်္သာရီတိုင်းဒေသကြီး၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် မိုးပိုလာနိုင်သည်။

မိုး/ဇလ

ကျေးလက်ဒေသ
ဖွံ့ဖြိုးတိုးတက်ရေးအတွက်
ဂျာနယ်
ထွက်ရှိ
၁၅-၈-၂၀၂၁ ရက်နေ့ထုတ် အတွဲ(၁၈)၊ အမှတ်(၁၆)တွင်
- ရာသီဥတုမမှန် ဖြုတ်ပိုးရန် အချိန်မီကာကွယ်နှိမ်နင်းပါ
- မြေပဲပင်တွင် ကျရောက်တတ်သော ပိုးမွှားများကို ကာကွယ်နည်းများ
- စီးပွားဖြစ် ဖီးကြမ်းငှက်ပျော် စိုက်ပျိုးခြင်း
- ဝက်မများတွင် ဖြစ်ပေါ်တတ်သော နို့ခမ်းရောဂါ ဂရုပြုပါ
- ကျေးလက်မွေးမြူရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် တောင်သူတို့၏ လိုအပ်ချက်များ
- မိုးကာလ အအေးမိ နှာစေး နှာရည်ယို ကင်းစေဖို့
- တစ်နေ့ တစ်ခြား ပို၍အဖြစ်များလာသော သွေးတိုးရောဂါအပါအဝင် စိုက်ပျိုးရေး၊ မွေးမြူရေး၊ ကျန်းမာရေး၊ သုတရသစုံလင်စွာဖြင့် ထွက်ရှိပြီ ဖြစ်ပါသည်။

တစ်စောင် (၂၀၀) ကျပ်
အမြို့မြို့အနယ်နယ်ရှိ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ရုံးများတွင် ဝယ်ယူရရှိနိုင်ပါသည်။
DKY Journal

# ဖွံ့ဖြိုးတိုးတက်ရေးကို ဆောင်ရွက်သွားရမည်ဖြစ်ပြီး တည်ငြိမ်အေးချမ်းရေးကိုလည်း အဓိက ဦးစားပေးလုပ်ဆောင်နေ

မိမိတို့သည် ယာယီဆောင်ရွက်ရသည့် အဖွဲ့အစည်းဖြစ်ပြီး အစိုးရ၏ လုပ်ငန်းများကို အဆင်ပြေအောင် အကောင်အထည်ဖော်ဆောင်ရွက်နေရကြောင်း၊ ကဏ္ဍအသစ်များကို တိုးချဲ့ဆောင်ရွက်ရာတွင် အဘက်ဘက်က စဉ်းစားဆောင်ရွက်ရကြောင်း၊ ၂၀၂၀ ပြည့်နှစ် ရွေးကောက်ပွဲ မဲမသမာမှုကြောင့် ဖြစ်ပေါ်လာသည့် ဆူပူမှုများနှင့် အကြမ်းဖက်မှုများကိုလည်း ဖြေရှင်းဆောင်ရွက်နေရကြောင်း၊ ဖွံ့ဖြိုးတိုးတက်ရေးကို ဆောင်ရွက်သွားရမည်ဖြစ်ပြီး တည်ငြိမ်အေးချမ်းရေးကိုလည်း အဓိက ဦးစားပေးလုပ်ဆောင်နေကြောင်း၊ အထူးသဖြင့် နိုင်ငံရေးတည်ငြိမ်မှု ရရှိအောင် ဆောင်ရွက်နေကြောင်း၊ အိမ်စောင့်အစိုးရသည် တိုင်းပြည်ကို ခေတ္တတာဝန်ယူထိန်းသိမ်းပေးသည့် အစိုးရဖြစ်ပြီး အရေးပေါ်ကာလ ကုန်ဆုံးသည့်အခါ ဥပဒေနှင့်အညီ ရွေးကောက်ပွဲ ပြန်လည်ကျင်းပပေးသွားမည်ဖြစ်ကြောင်း၊ ရွေးကောက်ပွဲ ရလဒ်ဖြင့် ထွက်ပေါ်လာမည့် အစိုးရအား နိုင်ငံတာဝန်ကို အခြေခံဥပဒေနှင့်အညီ လွှဲပြောင်းပေးအပ်နိုင်ရေး ဆောင်ရွက်သွားမည်ဖြစ်ကြောင်း။

**(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ၇-၈-၂၀၂၁ ရက်နေ့တွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အစည်းအဝေး (၁၃/၂၀၂၁) ၌ ပြောကြားသည့်အမှာစကားမှ ကောက်နုတ်ချက်)**

❑ *ရှေ့ဖုံးမှ*

(ဂ) သက်ဆိုင်ရာဌာနအသီးသီး၏ မဖြစ်မနေဆောင်ရွက်ရမည့် အရေးကြီးရုံးလုပ်ငန်းများ လစ်ဟင်းမှုမရှိစေရေး work from home နည်းလမ်းဖြင့်လည်းကောင်း၊ အခြားသင့်လျော်သည့် နည်းလမ်းများဖြင့်လည်းကောင်း စီမံဆောင်ရွက်ရန်၊

(ဃ) မရှိမဖြစ် အခြေခံလိုအပ်ချက်များဖြစ်သော စက်သုံးဆီ၊ သောက်သုံးရေသန့်၊ သား၊ ငါးနှင့် အခြေခံစားသောက်ကုန်များ ရောင်းချသည့်ဆိုင်များသာ ဖွင့်လှစ် ရောင်းချရန်၊

(င) ဆေးဝါးနှင့် ဆေးပစ္စည်းကိရိယာများ ရောင်းချသည့်ဆိုင်များ၊ ဆေးကုမ္ပဏီများ ဖွင့်လှစ်ရောင်းချရန်၊

(စ) စားသောက်ဆိုင်များအနေဖြင့် ပါဆယ်စနစ်(take away) ဖြင့်သာ ရောင်းချရန်၊

(ဆ) ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆက်လက်ဆောင်ရွက်ရန်၊ (အစိုးရဆေးရုံများ၊ ပုဂ္ဂလိကဆေးရုံများနှင့်ဆေးခန်းများ)

(ဇ) မဖြစ်မနေ နေအိမ်မှ ထွက်ခွာသွားရောက်ရမည့်ကိစ္စရပ်များ ပေါ်ပေါက်ပါက ပါးစပ်၊ နှာခေါင်းစည်း(Mask) အပါအဝင် လိုအပ်သော ရောဂါကာကွယ်ရေး အစီအမံများ မဖြစ်မနေ ဝတ်ဆင်ရန်၊

(ဈ) မဖြစ်မနေ ခရီးသွားလာရမည့်ပုဂ္ဂိုလ်များ အဆင်ပြေချောမွေ့စေရေးအတွက် ကုန်းလမ်း၊ ရေလမ်း၊ လေကြောင်းလမ်းတို့နှင့် ပတ်သက်သော စက်တပ်ယာဉ်များ ပြေးဆွဲနိုင်ရေးအတွက် ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန၊ သက်ဆိုင်ရာ နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့များ၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် ပြေးဆွဲသွားလာခွင့်ပြုရန်၊

(ည) ကုန်စည်စီးဆင်းမှုအဆင်ပြေချောမွေ့စေရေးအတွက် ကုန်တင်ယာဉ်များ သွားလာမှုစံသတ်မှတ်ချက် Standard Operating Procedure (SOP)အတိုင်း လိုက်နာဆောင်ရွက်ရန်၊

(ဋ) ကုန်တင်ကုန်ချဆိပ်ကမ်းများကို ဆက်လက်ဖွင့်လှစ်ဆောင်ရွက်ရန်၊


(ဌ) Coronavirus Disease 2019 (COVID–19) ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး ဗဟိုကော်မတီနှင့် ကျန်းမာရေးဝန်ကြီးဌာနက ထုတ်ပြန်ထားသည့် COVID–19 ဆိုင်ရာ စည်းကမ်းချက်များကို တိကျစွာလိုက်နာရန်။

၃။ အထက်ပါ စည်းကမ်းချက်များအား လိုက်နာရန်ပျက်ကွက်ပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူသွားမည်ဖြစ်ပါသည်။

# ပြည်ပနိုင်ငံများရှိ မြန်မာသံရုံးနှင့် အဖွဲ့ရုံးများမှ သံရုံးအကြီးအကဲများကို လက်ရှိဖြစ်ပေါ် တိုးတက်လျက်ရှိသော နိုင်ငံရေးအခြေအနေများနှင့် ဆောင်ရွက်ချက်များအား အသိပေးရှင်းလင်းပွဲကျင်းပ

**နေပြည်တော် ဩဂုတ် ၁၃**

နိုင်ငံခြားရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်နှင့် အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးဦးကိုကိုလှိုင်တို့ဦးဆောင်၍ အရှေ့အလယ်ပိုင်းနှင့် အာဖရိကဇုန်၊ ဥရောပဇုန်၊ အမေရိကဇုန်နိုင်ငံများရှိ မြန်မာသံရုံးနှင့် အဖွဲ့ရုံးများမှ မြန်မာ သံအမတ်ကြီးများ၊ အမြဲတမ်း ကိုယ်စားလှယ်များနှင့် သံရုံးအကြီးအကဲများကို လက်ရှိဖြစ်ပေါ် တိုးတက်လျက်ရှိသော နိုင်ငံရေး အခြေအနေများနှင့် ဆောင်ရွက်ချက်များအား အသိပေးရှင်းလင်းခြင်း ညှိနှိုင်းအစည်းအဝေးကို ယနေ့ ညနေ ၄ နာရီတွင် ဗီဒီယိုကွန်ဖရင့်စနစ်ဖြင့် နိုင်ငံခြားရေးဝန်ကြီးဌာန ဧရာဝတီခန်းမ၌ ကျင်းပသည်။**(အပေါ်ပုံ)**



အစည်းအဝေးသို့ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး၊ အမြဲတမ်းအတွင်းဝန်နှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ တက်ရောက်ကြသည်။

အစည်းအဝေးတွင် ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်နှင့် ပြည်ထောင်စုဝန်ကြီး ဦးကိုကိုလှိုင်တို့က လက်ရှိနိုင်ငံရေးအခြေအနေများနှင့် ဆောင်ရွက်ချက်များ၊ (၅၄) ကြိမ်မြောက် အာဆီယံ နိုင်ငံခြားရေးဝန်ကြီးများ အစည်းအဝေးနှင့် ဆက်စပ်အစည်းအဝေးများ ကျင်းပခဲ့ခြင်းနှင့် အစည်းအဝေးများတွင် မြန်မာနိုင်ငံ၏ ရပ်တည်ချက်များကို အသိပေးရှင်းလင်းပြောကြား၍ လိုအပ်သည်များ မှာကြားသည်။

**ပြန်လည်ရှင်းလင်းဆွေးနွေး**

ထို့နောက် မြန်မာသံရုံးနှင့် အဖွဲ့ရုံးများမှ သံအမတ်ကြီးများ၊ အမြဲတမ်းကိုယ်စားလှယ်များနှင့် သံရုံး ယာယီတာဝန်ခံများ၏ မေးမြန်းချက်များ၊ အကြံပြုဆွေးနွေးတင်ပြချက်များအပေါ် ပြန်လည်ရှင်းလင်း ဖြေကြားဆွေးနွေးခဲ့ကြသည်။

အာရှပစိဖိတ်ဒေသမှ သံရုံးအကြီးအကဲများနှင့် အလားတူ အသိပေးရှင်းလင်းခြင်း အစည်းအဝေးအား ဩဂုတ် ၁၁ ရက်က ကျင်းပခဲ့ပြီးဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# အာဆီယံစီးပွားရေးအသိုက်အဝန်း (အေအီးစီ) ၂၀၂၅ လုပ်ငန်းစီမံချက်ပါ လုပ်ငန်းကော်မတီများနှင့် အဌမအကြိမ် လုပ်ငန်းညှိနှိုင်းအစည်းအဝေး ကျင်းပ

**နေပြည်တော် ဩဂုတ် ၁၃**

အာဆီယံစီးပွားရေး အသိုက်အဝန်း(အေအီးစီ)၂၀၂၅ အကောင်အထည် ဖော်ရေးလုပ်ငန်းကော်မတီများ၏ အဌမအကြိမ် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့ မွန်းလွဲ ၁ နာရီက ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန၌ ဗီဒီယိုကွန်ဖရင့် စနစ်ဖြင့် ကျင်းပသည်။(ယာပုံ)

အစည်းအဝေးသို့ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအောင်နိုင်ဦး၊ လုပ်ငန်းကော်မတီ ၂၂ ခုမှ ဒုတိယဝန်ကြီးများ၊ အမြဲတမ်းအတွင်းဝန်များ၊ ညွှန်ကြားရေးမှူးချုပ်များနှင့် တာဝန်ရှိသူများက သက်ဆိုင်ရာဌာနများမှ တက်ရောက်ကြသည်။

**လုပ်ငန်းစီမံချက်**
**ပြန်လည်ရေးဆွဲမည်**

အစည်းအဝေးတွင် ပြည်ထောင်စုဝန်ကြီးက ယခုအစည်းအဝေးသည် စက်တင်ဘာလတွင် ကျင်းပမည့် (၅၃)ကြိမ်မြောက် အာဆီယံ စီးပွားရေးဝန်ကြီးများ အစည်းအဝေးနှင့်ဆက်စပ်အစည်းအဝေးများအတွက်ကြိုတင်ညှိနှိုင်းခြင်းဖြစ်ကြောင်း၊ အာဆီယံစီးပွားရေးအသိုက်အဝန်း (အေအီးစီ)-၂၀၂၅ ပါ လုပ်ငန်းစဉ်များကို အကောင်အထည်ဖော်ဆောင်ရွက်မှုတွင် လုပ်ငန်းကော်မတီအလိုက် ဆောင်ရွက်မှုများကို သတ်မှတ်ကာလအတွင်း ပြီးမြောက်အောင် ဆောင်ရွက်ကြရန် လိုအပ်ကြောင်း၊ အာဆီယံ၏ ပြောင်းလဲလာသည့် လုပ်ငန်းစဉ်များအရ လုပ်ငန်း ကော်မတီများကို ကျစ်ကျစ်လစ်လစ် ပြန်လည်ဖွဲ့စည်းပြီး ဌာနအလိုက်လုပ်ငန်းတာဝန်များကို တိတိကျကျ ပြန်သတ်မှတ်ပေးကာ လုပ်ငန်းစီမံချက် ပြန်လည်ရေးဆွဲသွားမည်ဖြစ်ကြောင်း။

အေအီးစီ ၂၀၂၅ အကောင်အထည်ဖော်မှုနှင့် စပ်လျဉ်း၍ အာဆီယံ ဒေသတစ်ခုလုံးအနေဖြင့် ၂၀၂၁ ခုနှစ်အတွင်း ဆောင်ရွက်ရန် ဦးစားပေးလုပ်ငန်း ၁၄၈ခုကို ချမှတ်ထားပြီး ဇွန်လကုန်အထိ ၆၇ ခုကို အကောင်အထည် ဖော်နိုင်ခဲ့ကြောင်း၊ မြန်မာနိုင်ငံအနေဖြင့် တစ်နိုင်ငံတည်း သီးသန့်ဆောင်ရွက်ရန် လုပ်ငန်းအနည်းငယ်သာကျန်ရှိနေသည်ကို တွေ့ရကြောင်း၊ အဆိုပါလုပ်ငန်းများသည်လည်း ဆောင်ရွက်ဆဲလုပ်ငန်းများဖြစ်၍ မြန်မာတစ်နိုင်ငံတည်း ကျန်ရှိနေခြင်းမဖြစ်အောင် ကြိုးပမ်းဆောင်ရွက်သွားရန် တိုက်တွန်းလိုကြောင်း။




ထို့ပြင် အာဆီယံက ဆောင်ရွက်ခဲ့သည့် အေအီးစီလမ်းပြမြေပုံ ၂၀၂၅ ၏ ကာလလယ် (Mid Term Review) ကို အခြေခံ၍ ထိရောက်သည့် အကောင်အထည်ဖော်ဆောင်မှုဖြစ်စေရန် ကျန်ကာလများတွင် အကောင်အထည်ဖော်ရာ၌ လိုအပ်သည့်ပြင်ဆင်မှုများကို ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ မိမိတို့အနေဖြင့် ကဏ္ဍအလိုက် အကောင်အထည် ဖော်မှုများကိုလည်း scorecard ဖြင့် တိုင်းတာဆောင်ရွက်သွားမည်ဖြစ်ကြောင်း။

အာဆီယံအနေဖြင့် ယခုနှစ်အတွင်း ချုပ်ဆိုမည့် စာချုပ်များ ချုပ်ဆိုနိုင်ရေးအတွက် ပြည်တွင်းလုပ်ထုံးလုပ်နည်းများ အချိန်မီပြီးစီးအောင် ဆောင်ရွက်ရန်နှင့် လက်မှတ်ရေးထိုးပြီး စာချုပ်များ အသက်ဝင်ရေးအတွက် လိုအပ်သည့် ပြည်တွင်း လုပ်ထုံးလုပ်နည်းများကို ဆောလျင်စွာ ဆောင်ရွက်သွားရန် အရေးကြီးကြောင်း၊ လုပ်ငန်းအဖွဲ့များ၏ အကောင်အထည်ဖော်မှုများတွင် လိုအပ်သည့် လမ်းညွှန်ချက်များ ရရှိနိုင်ရန် အချိန်နှင့်တစ်ပြေးညီ တင်ပြနိုင်ရေး မှာကြားသည်။

**ပူးပေါင်းဆောင်ရွက် သွားမည်**

ထို့နောက် ဒုတိယဝန်ကြီး ဦးသန်းအောင်ကျော်က ကိုဗစ်-၁၉ ကြောင့် ဖြစ်ပေါ်လာသည့် သက်ရောက်မှုများကို ကုစားနိုင်ရန်အတွက် အာဆီယံတွင် ကိုဗစ်-၁၉ ကပ်ရောဂါအလွန် ပြန်လည်ထူထောင်ရေးကြိုးပမ်းမှု မူဘောင်ရေးဆွဲထားပါကြောင်း၊ မူဘောင်တွင် အာဆီယံအသိုက်အဝန်းတစ်ခုလုံးနှင့် သက်ဆိုင်သည့် အကောင်အထည် ဖော်ရမည့် လုပ်ငန်းစဉ် စုစုပေါင်း ၁၈၅ ခု ပါဝင်ကြောင်း၊ အာဆီယံစီးပွားရေးအသိုက်အဝန်းမဏ္ဍိုင်နှင့် ဆက်နွယ်နေသည့် လုပ်ငန်းစဉ် ၆၀ ပါရှိပြီး အာဆီယံဒေသအနေဖြင့် ပူးပေါင်း ဆောင်ရွက်ရမည့် လုပ်ငန်းအများစု ဖြစ်ကြောင်း၊ လုပ်ငန်းများ အကောင်အထည်ဖော်မှုနှင့် စပ်လျဉ်း၍ လိုအပ်သည့် နည်းပညာနှင့် ငွေကြေးအကူအညီများကိုလည်း ဖွံ့ဖြိုးမှုမိတ်ဖက်များနှင့် ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း ပြောကြားသည်။

ယင်းနောက် ညွှန်ကြားရေးမှူးချုပ် ဒေါက်တာဝါဝါမောင်က အာဆီယံအဆင့်မြင့် စီးပွားရေး အရာရှိများ အစည်းအဝေး (၃/၅၂) ကြိမ်မြောက် အစည်းအဝေး၌ ဆွေးနွေးညှိနှိုင်းမှုများနှင့် မြန်မာနိုင်ငံအနေဖြင့် ဆက်လက်ဆောင်ရွက်ရမည့် ကိစ္စရပ်များကို ရှင်းလင်းတင်ပြသည်။

ထို့နောက် လုပ်ငန်းကော်မတီအသီးသီး၏ ဥက္ကဋ္ဌများနှင့် အတွင်းရေးမှူးများက သက်ဆိုင်ရာ လုပ်ငန်းကော်မတီအလိုက် ဆောင်ရွက်လျက်ရှိသည့် လုပ်ငန်းစဉ်များ၊ ရှေ့ဆက်လက်ဆောင်ရွက်မည့် အစီအစဉ်များနှင့် ပူးပေါင်းဆောင်ရွက် ပေးစေလိုသည့်ကိစ္စရပ်များကို တင်ပြခဲ့ရာ ပြည်ထောင်စုဝန်ကြီးက လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်းပေးခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

# ရှမ်းပြည်နယ် ဟဲဟိုးဒေသတွင် နိုင်ငံတကာအဆင့်မီ လယ်ယာစီးပွားရေးနှင့် စိုက်ပျိုးရေးအခြေခံစက်မှုလုပ်ငန်းဇုန် တည်ထောင်နိုင်ရန်ဆောင်ရွက်

**နေပြည်တော် ဩဂုတ် ၁၃**

စိုက်ပျိုးရေးဆိုင်ရာ စီးပွားရေးဇုန်နှင့် စားသောက်ကုန်ထုတ်စက်မှုလုပ်ငန်းများကို ပုဂ္ဂလိကပိုင်းက အားကောင်းသော ရင်းနှီးမြှုပ်နှံမှု ဆောင်ရွက်နိုင်စေရန် ဝန်ကြီးဌာနများက လိုအပ်သော ပံ့ပိုးမှုများ ကူညီဆောင်ရွက် ပေးနိုင်ရေး အစည်းအဝေးကို ယနေ့နံနက်ပိုင်းတွင် အွန်လိုင်းစနစ်ဖြင့် ကျင်းပသည်။(ယာပုံ)

အစည်းအဝေးသို့ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင်ထွဋ်ဦး၊ စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာချာလီသန်း၊ ဒုတိယဝန်ကြီး ဒေါက်တာ အောင်ကြီး၊ ဒုတိယဝန်ကြီး ဦးကိုကိုလွင်နှင့် အမြဲတမ်း အတွင်းဝန်များ၊ ဦးဆောင် ညွှန်ကြားရေးမှူးနှင့် ညွှန်ကြားရေးမှူးချုပ်များ၊ သက်ဆိုင်ရာ ဝန်ကြီးဌာနနှင့် ပုဂ္ဂလိကပိုင်းမှ လုပ်ငန်းဆိုင်ရာ




တာဝန်ရှိသူများ တက်ရောက်ဆွေးနွေးကြသည်။

အစည်းအဝေးတွင် ပြည်ထောင်စုဝန်ကြီး ဦးတင်ထွဋ်ဦးနှင့် ဒေါက်တာချာလီသန်းတို့က အဖွင့်အမှာစကားများ ပြောကြားကြပြီး ဒုတိယဝန်ကြီးများနှင့် အစည်းအဝေး တက်ရောက်လာကြသူများက စီမံကိန်းလုပ်ငန်းဆိုင်ရာများကို အသေးစိတ်တင်ပြဆွေးနွေးကြသည်။

အစည်းအဝေးတွင် စီမံကိန်း မြေနေရာ သတ်မှတ်ဆောင်ရွက်နေမှုနှင့် စီမံကိန်းတွင် ပါဝင်မည့် အဆောက်အအုံဆိုင်ရာများ၊ ဆက်စပ်ဝန်ဆောင်မှု လုပ်ငန်းဆိုင်ရာများ၊ သီးနှံများသယ်ယူခြင်း၊ သန့်စင်ထုပ်ပိုးခြင်းနှင့် အအေးခန်းသိုလှောင်ခြင်း ဆိုင်ရာများ၊ နိုင်ငံတကာ၏ သတ်မှတ်စံချိန်စံညွှန်းများနှင့်အညီ တန်ဖိုးမြှင့်ထုတ်လုပ်မည့် စက်ရုံလုပ်ငန်းဆိုင်ရာများ၊ သုတေသနဓာတ်ခွဲခန်း ထားရှိဆောင်ရွက်ရန် ကိစ္စရပ်များ၊ စိုက်ပျိုးထုတ်လုပ်မှု လုပ်ငန်းစဉ် တစ်လျှောက်နှင့် ရိတ်သိမ်းပြီး နောက်ပိုင်းကာလ လုပ်ငန်းစဉ်များတွင် စက်ကိရိယာများ အသုံးပြုနိုင်ရေး၊ သွင်းအားစုများ တစ်နေရာတည်းတွင် ရရှိရေးအတွက် စိုက်ပျိုးရေးအခြေခံစက်မှုဇုန် လုပ်ငန်းဖော်ထုတ်ဆောင်ရွက်ရေး၊ နည်းပညာ အသိပညာဖွံ့ဖြိုးရေး လုပ်ငန်းစဉ်ဆိုင်ရာများကို ဆွေးနွေးခဲ့ကြကြောင်း သိရသည်။ **သတင်းစဉ်**

### ဟားခါးပြည်သူ့ဆေးရုံအတွက် တပ်မတော်က လှူဒါန်းသည့် Oxygen Plant မကြာမီလည်ပတ်တော့မည်

**ဟားခါး ဩဂုတ် ၁၃**

ချင်းပြည်နယ် ဟားခါးမြို့ပြည်သူ့ဆေးရုံအတွက် တပ်မတော်က လှူဒါန်းသည့် Oxygen Plant မကြာမီ စတင်လည်ပတ်တော့မည်ဖြစ်ကြောင်း သိရသည်။

Oxygen Plant ကို ဥက္ကာသီရိကုမ္ပဏီမှ တာဝန်ယူတပ်ဆင်ပေးခြင်း ဖြစ်သည်။

အဆိုပါ Oxygen Plant နှင့် ဆက်စပ်ပစ္စည်းများကို ဩဂုတ် ၉ ရက်နှင့် ၁၀ ရက်တို့တွင် ဟားခါးမြို့သို့ ရောက်ရှိလာခြင်းဖြစ်ပြီး Oxygen Plant တပ်ဆင်ပြီးစီးပါက တစ်ရက်လျှင် လီတာ ၄၀ ဆံ့ အောက်ဆီဂျင်အိုး ၃၄ လုံး ဖြည့်ဆည်းပေးနိုင်မည် ဖြစ်ကြောင်း သိရသည်။

**ခရိုင် (ပြန်/ဆက်)**

# ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်း ရန်ကုန်မြို့ရှိ ဂီတအဖွဲ့အစည်းများမှ တာဝန်ရှိပုဂ္ဂိုလ်များနှင့် ဂီတအနုပညာရှင်များအား တွေ့ဆုံ

**နေပြည်တော် ဩဂုတ် ၁၃**

ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းသည် ရန်ကုန်မြို့ရှိ ဂီတအဖွဲ့အစည်းများမှ တာဝန်ရှိပုဂ္ဂိုလ်များနှင့် ဂီတအနုပညာရှင်များအား ယနေ့မွန်းလွဲပိုင်းတွင် ဗီဒီယိုကွန်ဖရင့်စနစ်ဖြင့် တွေ့ဆုံသည်။ **(ယာပုံ)**




### တက်ရောက်

တွေ့ဆုံပွဲသို့ ဒုတိယဝန်ကြီး ဦးရဲတင့်၊ အမြဲတမ်းအတွင်းဝန် ဦးမျိုးမြင့်မောင်နှင့် ဌာနဆိုင်ရာအကြီးအကဲများ၊ မြန်မာနိုင်ငံ ဂီတအစည်းအရုံး (ဗဟို) တွဲဖက်အတွင်းရေးမှူး (၁) ဦးသက်ဆွေ၊ အတွင်းရေးမှူး (၃) ဦးမင်းဇော်၊ ဘဏ္ဍာရေးမှူး ဒေါ်သီသီမာ၊ မြန်မာနိုင်ငံတေးသီချင်းမူပိုင်ရှင်များအသင်း ဥက္ကဋ္ဌ ဦးမြင့်မိုးအောင်၊ မြန်မာ့ဂီတ အကျိုးစီးပွား ကာကွယ်စောင့်ရှောက်ရေးအဖွဲ့ ဥက္ကဋ္ဌ စန္ဒရား ဦးသိန်းမြင့်သန်း၊ အတွင်းရေးမှူး ဦးအောင်မင်းနိုင်၊ ဘဏ္ဍာရေးမှူး (အသံပညာရှင်) အကယ်ဒမီ ဦးကြည်မင်းသိန်း၊ တေးရေး ဦးမောင်မောင်လတ်၊ ဦးမင်းယု၊ တေးဆိုဒေါ်ထား၊ ဦးသန်းမြတ်စိုး၊ တက္ကသိုလ်လှဲ့လှဲ့၊ ဟန်နွေဦးမြိမ်း (ခ) ဂျင်းနီ၊ မြန်မာ့အသံနှင့် ရုပ်မြင်သံကြား အကြံပေး ဦးမြင့်အောင်နှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

### လေးစားတန်ဖိုးထား

တွေ့ဆုံစဉ် ပြည်ထောင်စုဝန်ကြီးက နှုတ်ခွန်းဆက်စကားပြောကြားရာ၌ နိုင်ငံတော် ဝန်ကြီးချုပ်အနေဖြင့် အနုပညာလောက၊ သတင်းမီဒီယာလောက၏ အခန်းကဏ္ဍကို အလေးထားပါကြောင်း၊ အနုပညာသည် ပြည်သူ့အတွက်ဟု ခံယူထားသည်နှင့်အညီ အနုပညာရှင်၊ အသိပညာရှင်၊ အတတ်ပညာရှင်များကို လေးစားတန်ဖိုးထားပါကြောင်း၊ လေးစားတန်ဖိုးထားသည့်အတိုင်း နိုင်ငံတော်အနေဖြင့် အနုပညာလောက ဖွံ့ဖြိုးတိုးတက်ရေးအတွက် အနုပညာစင်တာ (ရန်ကုန်၊ မန္တလေး) ဖြစ်ထွန်းပေါ်ပေါက်ရေး အပါအဝင် တတ်နိုင်သည်များကို အလေးထားကူညီ ဖြည့်ဆည်းပေးခဲ့ပါကြောင်း၊ အနုပညာရှင်များသည် တိုင်းပြည်တည်ဆောက်ရေးတွင် အရေးကြီးသည့် အခန်းကဏ္ဍမှ ပါဝင်နေသည်ကိုလည်း နိုင်ငံတော်အစိုးရက အစဉ်တစိုက် အသိအမှတ်ပြုခဲ့သည်ကို အားလုံးသိရှိပြီးဖြစ်ပါကြောင်း။

မိမိတို့ပြန်ကြားရေးဝန်ကြီးဌာနသည် နိုင်ငံတော်အစိုးရနှင့် အနုပညာရှင်များအကြား နိုင်ငံတော်နှင့်လူမျိုးအတွက် အကျိုးရှိသော လုပ်ငန်းများကို ပူးပေါင်းဆောင်ရွက်နိုင်ရန် လုပ်ဖော်ကိုင်ဖက်များအနေဖြင့် ယခုကဲ့သို့ တွေ့ဆုံခြင်းဖြစ်ပါကြောင်း။

### စံပြုရသည့်ပုဂ္ဂိုလ်များဖြစ်လာမည်

ကိုဗစ် – ၁၉ ဘေးဆိုးကပ်ဆိုးကို ရင်ဆိုင်နေကြရသည့် မြန်မာပြည်သူများ၏ ညှိုးနွမ်းနေသော စိတ်နှလုံးကို တစ်စုံတစ်ခုသော အတိုင်းအတာအထိ စိတ်ချမ်းသာ ပျော်ရွှင်အောင် ဆောင်ရွက်ရာတွင် အနုပညာကို မည်သည့်နိုင်ငံရေးအရောင်မျှ မဆိုးဘဲ အနုပညာသက်သက်ဖြင့် ဆောင်ရွက်ခြင်းဖြင့် ပြည်သူများ၏ အသည်းနှလုံး၊ ပါရမီရှင်များ၏ အနုပညာဖန်တီးမှုစွမ်းအားသည် ပြည်သူများ၏ စိတ်နှလုံးရွှင်ပြုံး အပန်းပြေစေရုံ သာမက နိုင်ငံပြန်လည်တည်ဆောက်ရေး လုပ်ငန်းများတွင်ပါ ပြည်သူ များအား အသိအမြင်မှန်၊ အတွေးအမြင်မှန်များ ရရှိစေရန် စံပြုရသည့်ပုဂ္ဂိုလ်များ ဖြစ်လာမည်ဟု ယုံကြည်ပါကြောင်း ပြောကြားသည်။

ထို့နောက် တက်ရောက်လာသော အနုပညာရှင်များက ဂီတလောက၌ ကြုံတွေ့နေရသည့် အခက်အခဲများနှင့် ပတ်သက်၍ ဝိုင်းဝန်းဆွေးနွေးမှုအပေါ် ဒုတိယဝန်ကြီး ဦးရဲတင့်နှင့် ဌာနဆိုင်ရာအကြီးအကဲများက ဖြည့်စွက်ဆွေးနွေးကြသည်။

### ညှိနှိုင်းပူးပေါင်းဖြေရှင်းပေး

ဆွေးနွေးချက်များနှင့်ပတ်သက်၍ ပြည်ထောင်စုဝန်ကြီးက မိမိတို့ပြန်ကြားရေးဝန်ကြီးဌာနအပြင် သက်ဆိုင်ရာဌာနများနှင့် ညှိနှိုင်းပူးပေါင်းဖြေရှင်းပေးနိုင်ရန် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း။

ယနေ့တွေ့ဆုံပွဲတွင် ဆွေးနွေးခဲ့သည့် ဂီတလောကသားများ၏ ဆန္ဒနှင့် သဘောထားများ၊ ဂီတလောက ပြန်လည်ရှင်သန်နိုင်ရေး လုပ်ဆောင်လိုသည့် အစီအမံများ၊ ကိုဗစ် – ၁၉ ရောဂါ ကာကွယ်ရေးနှင့် ကုသရေးဆိုင်ရာကိစ္စရပ်များတွင် တွေ့ကြုံနေရသော အခက်အခဲများ၊ ဘဏ်များတွင် ငွေကြေးထုတ်ယူမှုအဆင်ပြေ ချောမွေ့စေရေး သက်ဆိုင်ရာဌာနများနှင့် ညှိနှိုင်းပေးရေးကိစ္စရပ်များနှင့် ပတ်သက်၍ မိတ်ဖက်အဖွဲ့အစည်းအနေဖြင့် အပြည့်အဝ ကူညီပူးပေါင်းဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း။

### ကူညီဆောင်ရွက်ပေးသွားမည်

အကြောင်းအမျိုးမျိုးကြောင့် ၅၀၅ (က) အပါအဝင် အရေးယူခံထားရသော အနုပညာရှင်များနှင့် ပတ်သက်၍လည်း နိုင်ငံတော်အစိုးရက ၎င်းတို့၏ စစ်မှန်သော စေတနာကို ပေါ်ပေါ်လွင်လွင် ထင်ထင်ရှားရှား ပြသထားပါကြောင်း၊ ထုတ်ပြန်ထားသည့် ကြေညာချက်ပါအတိုင်း ပြန်လည်ဆက်သွယ်လာသော အနုပညာရှင်များကိုလည်း တည်ဆဲဥပဒေများနှင့်အညီ အပြည့်အဝ ကူညီဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း။

အနုပညာရှင်များအနေဖြင့်လည်း ပညာရှင်များဖြစ်သည်နှင့်အညီ ကိုယ်ရေးကိုယ်တာနှင့် အလုပ်၊ ခံစားမှုနှင့် အနုပညာကို ခွဲခြားသိမြင်ပြီး လက်ရှိဖြစ်ပေါ်နေသည့် အခြေအနေများကို စဉ်းစားသုံးသပ်ကာ လုပ်ချင်တာထက် လုပ်သင့်သော၊ ဖြစ်ချင်တာထက် ဖြစ်သင့်သည်တို့ကို လက်တွေ့ကျကျ ဆောင်ရွက်ရင်း မိမိအကျိုး၊ မိမိလောက အကျိုး၊ မိမိနိုင်ငံနှင့် လူမျိုးအကျိုးကို သယ်ပိုးနိုင်ပါစေကြောင်း တိုက်တွန်းပြောကြားပြီး တွေ့ဆုံပွဲကို ရုပ်သိမ်းလိုက်သည်။

အလားတူ ဩဂုတ် ၁၀ ရက်ကလည်း ပြည်ထောင်စုဝန်ကြီးသည် ရုပ်ရှင်အနုပညာရှင်များနှင့် တွေ့ဆုံကာ ဆွေးနွေးချက်များအပေါ် ဆောင်ရွက်ပေးနိုင်မည့် ကိစ္စရပ်များကို ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

## ရဲစခန်းအသီးသီးတွင် ရေးဖွင့်ထားသည့် အမှုများကို ဥပဒေနှင့်အညီ ပိတ်သိမ်းခြင်း၊ ရုပ်သိမ်းခြင်းများ ဆောင်ရွက်ပေးမည်ဖြစ်ကြောင်း အသိပေးကြေညာချက်အပေါ် ယုံကြည်စွာဖြင့် ဆက်သွယ်လာသူများ၏ အမှုများအတွက် ဥပဒေနှင့်အညီ ပိတ်သိမ်းပေး

**နေပြည်တော် ဩဂုတ် ၁၃**

ယခုကာလအတွင်း လူသတ်မှု၊ လုယက်မှု၊ မီးရှို့မှု၊ မိုင်းဖောက်ခွဲမှု၊ လုံခြုံရေး တပ်ဖွဲ့ဝင်များအားရည်ရွယ်ချက်ရှိရှိ တိုက်ခိုက်မှု၊ ပြည်သူ့ဝန်ထမ်းများနှင့်ပြည်သူအချို့အား အုပ်စုဖွဲ့ ကိုယ်ထိလက်ရောက်တိုက်ခိုက်မှု၊ အစိုးရပိုင်အဆောက်အဦများနှင့် ပုဂ္ဂလိကပိုင်အဆောက်အဦများအား ဖျက်ဆီးမှု၊ (CDM) လှုပ်ရှားမှုတွင် ငွေကြေးအရဖြစ်စေ၊ အခြားနည်းလမ်းဖြင့်ဖြစ်စေ၊ နက်ရှိုင်းစွာ ကာယကံမြောက်ပါဝင်သူများမှအပ စိုးရိမ်စိတ်ကြောင့် ထွက်ပြေးတိမ်းရှောင်နေကြသည့် ဝန်ထမ်းများ၊ အသိပညာရှင်၊ အတတ်ပညာရှင်များ၊ အခြားနယ်ပယ်အသီးသီးမှ ပုဂ္ဂိုလ်များ၊ နိုင်ငံသားများအနေဖြင့် ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်မည်ဆိုပါက ၎င်းတို့အပေါ် ရေးဖွင့်ထားသည့် အမှုများကို ဥပဒေနှင့်အညီ ပိတ်သိမ်းခြင်း၊ ရုပ်သိမ်းခြင်းများ ဆောင်ရွက်ပေးမည်ဖြစ်သည့်အတွက် မြန်မာနိုင်ငံရဲတပ်ဖွဲ့ကွပ်ကဲမှုအောက်ရှိ တိုင်းဒေသကြီးနှင့် ပြည်နယ် အသီးသီးရှိ ရဲတပ်ဖွဲ့များသို့ ယုံကြည်စိတ်ချစွာဖြင့် ဆက်သွယ်နိုင်ရန် တယ်လီဖုန်းနံပါတ်များကို ဩဂုတ် ၃ ရက်မှစ၍ နေ့စဉ်သတင်းထုတ်ပြန် ကြေညာခဲ့ပြီးဖြစ်သည်။

ထိုသို့ ထုတ်ပြန်ကြေညာထားရှိသည့် တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ ရဲတပ်ဖွဲ့များထံ ဆက်သွယ်နိုင်သည့် တယ်လီဖုန်းနံပါတ်များသို့ စိုးရိမ်စိတ်ဖြင့် တိမ်းရှောင်နေကြသူ ကာယကံရှင်များ ကိုယ်တိုင်သော်လည်းကောင်း၊ ကာယကံရှင်၏ မိဘဆွေမျိုးသားချင်းများမှ တစ်ဆင့်သော်လည်းကောင်း ယုံကြည်စွာဖြင့် ဆက်သွယ်လာကြရာ အသိပေးထုတ်ပြန် ကြေညာခဲ့သည့် ဩဂုတ် ၄ ရက်မှ ၁၂ ရက်အထိ ကျန်းမာရေးနှင့် ပညာရေးအစရှိသည့် အလွှာစုံမှ တိမ်းရှောင်နေသူ ၂၂၇ ဦး ဆက်သွယ်လာခဲ့သည်။

အဆိုပါဆက်သွယ်လာသူ ၂၂၇ ဦးနှင့်ပတ်သက်သည့် မှုခင်းများကို တိုင်းဒေသကြီး/ ပြည်နယ်ရဲတပ်ဖွဲ့များရှိ မှုခင်းမှတ်တမ်းများနှင့် ပြန်လည်တိုက်ဆိုင်စိစစ်ခဲ့ရာ ဩဂုတ် ၃ ရက် ထုတ်ပြန်ကြေညာချက်ပါ အမှုပိတ်သိမ်းခြင်း၊ ရုပ်သိမ်းခြင်းဆိုင်ရာ သတ်မှတ်ချက်များနှင့် အကျုံးဝင်ပြီး ဖြေလျှော့ပေးရန် ကိုက်ညီမှုရှိသည့်အတွက် ယုံကြည်စွာဖြင့် ဆက်သွယ်လာသူ ၁၅၀ တို့၏ အမှုများကို ပိတ်သိမ်းပေးပြီးဖြစ်ကြောင်းနှင့် ကျန်ရှိသော အမှုများနှင့်ပတ်သက်၍ အမြန်ပိတ်သိမ်းနိုင်ရေး ဆက်လက်စိစစ်ဆောင်ရွက်လျက်ရှိသည်။

စိုးရိမ်စိတ်ဖြင့် တိမ်းရှောင်လျက်ရှိသည့် ကျန်ရှိသူများအနေဖြင့်လည်း နိုင်ငံတော်အစိုးရ၏ စေတနာအပေါ် ယုံကြည်စိတ်ချစွာဖြင့် ထပ်မံ ဆက်သွယ်ဆောင်ရွက်နိုင်ကြောင်း အသိပေး သတင်းထုတ်ပြန်ထားကြောင်း သိရသည်။ **သတင်းစဉ်**

## ရေးမြို့နယ်တွင် ချောင်းများနှင့် သဘာဝရေပြင်အတွင်း ငါးမျိုးစိုက်ထည့်

**ရေး ဩဂုတ် ၁၃**

မွန်ပြည်နယ် ရေးမြို့နယ် ငါးလုပ်ငန်းဦးစီးဌာနမှ ကြီးမှူး၍ ချောင်းများနှင့် သဘာဝရေပြင်အတွင်း ငါးမျိုးစိုက်ထည့်ခြင်း အခမ်းအနားကို ယမန်နေ့နံနက်က ချောင်းတောင်ကျေးရွာ၊ ညောင်ပင်ဆိပ် (အပေါ်) ကျုံညဲချောင်း၌ ကျင်းပပြုလုပ်သည်။

အဆိုပါ အခမ်းအနားသို့ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးကိုကိုဦး၊ ငါးလုပ်ငန်းဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးဝင်းကို၊ မြို့နယ်ရဲတပ်ဖွဲ့မှူး ဦးသိန်းဇော်နှင့် မြို့နယ်အဆင့်ဌာနဆိုင်ရာများ၊ မြို့နယ်ငါးလုပ်ငန်းအဖွဲ့ချုပ်ဥက္ကဋ္ဌနှင့် လုပ်ငန်းရှင်များ တက်ရောက်ကြပြီး ချောင်းအတွင်းသို့ ငါးခုံးမကြီး ကောင်ရေ ၉၅၀၀၀ နှင့် ငါးမြစ်ချင်း ကောင်ရေ ၁၁၀၀၀ တို့ကို မျိုးစိုက်ထည့်ခဲ့ကြသည်။ ယခုကျင်းပပြုလုပ်သည့် ချောင်းများနှင့် သဘာဝရေပြင်အတွင်း ငါးမျိုးစိုက်ထည့်ခြင်း အခမ်းအနားသည် ကိုဗစ်–၁၉ရောဂါများ ဖြစ်ပွားနေသည့်အတွက် ယခုနှစ် မိုးရာသီ၌ ပထမအကြိမ်အဖြစ် ဆောင်ရွက်ရခြင်းဖြစ်ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ခြောက်လတာ ခရီးမှတ်တိုင်

**ကနောင်**

*(ယမန်နေ့မှ အဆက်)*

### ပြည်သူလူထုအကြား ပြန်ကြားဆက်ဆံ

အကြောင်းအမျိုးမျိုးကြောင့် နေရာဒေသအသီးသီးသို့ ရောက်ရှိနေကြသည့် မြန်မာနိုင်ငံသားများအား ပြန်လည်ဖိတ်ခေါ်သည့်သတင်းထုတ်ပြန်ချက်ကိုလည်း ထပ်လောင်းသတိပေး ဖော်ပြလျက်ရှိပြီး ရည်ရွယ်ချက်ရှိရှိ အကြမ်းဖက်မှုပြုလုပ်သူ၊ နက်ရှိုင်းစွာ ကာယကံမြောက်ဆောင်ရွက်သူများမှအပ စိုးရိမ်စိတ်ကြောင့် ထွက်ပြေးတိမ်းရှောင်နေကြသည့် ဝန်ထမ်းများ၊ အသိပညာရှင်၊ အတတ်ပညာရှင်၊ အခြားနယ်ပယ်အသီးသီးမှ ပုဂ္ဂိုလ်များ၊ နိုင်ငံသားများအား နိုင်ငံတော်မှ အထူးသက်ညှာစွာ ဖြေလျှော့ဆောင်ရွက်ပေးမည်ဖြစ်ကြောင်း သတင်းထုတ်ပြန်ချက်ကို ထပ်လောင်းသတိပေးလျက်လည်း ရှိပါသည်။

### သတင်းစာ ရှင်းလင်းပွဲ

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ သတင်းထုတ်ပြန်ရေးအဖွဲ့က သတင်းမီဒီယာများနှင့် တွေ့ဆုံ၍ ၇/၂၀၂၁ ကြိမ်မြောက် သတင်းစာရှင်းလင်းပွဲကို ဇူလိုင်လ ၁၂ ရက်နံနက်က ပြန်ကြားရေးဝန်ကြီးဌာန၌ကျင်းပခဲ့သည်။ သတင်းထုတ်ပြန်ရေးအဖွဲ့ခေါင်းဆောင် ဗိုလ်ချုပ်ဇော်မင်းထွန်း၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် အဖွဲ့ဝင် ဦးခင်မောင်ဦးတို့က နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ တစ်လတာဖြတ်သန်းမှု အခြေအနေ၊ ကိုဗစ် – ၁၉ ရောဂါ ကာကွယ်၊ ကုသ၊ ထိန်းချုပ်ရေးအစီအမံများ၊ အကြမ်းဖက်တိုက်ခိုက်မှုများအတွက် ဖမ်းဆီးရမိသည့် ကွင်းဆက်တရားခံများ၏ ထွက်ဆိုချက်များ၊ ရွေးကောက်ပွဲကော်မရှင်မှ နောက်ဆုံးဖော်ထုတ်တွေ့ရှိရသည့် အချက်အလက်များကို ရှင်းလင်းပြောကြားခဲ့ပြီး သတင်းထောက်များ၏ မေးမြန်းချက်များကို ပြန်လည်ဖြေကြားပေးခဲ့သည်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ သတင်းထုတ်ပြန်ရေးအဖွဲ့ထံသို့ မီဒီယာများက ဆက်သွယ်မေးမြန်းချက်များကိုလည်း ဇူလိုင်လအတွင်း တယ်လီဖုန်းဖြင့် စဉ်ဆက်မပြတ် ပြန်လည်ဖြေကြားခဲ့ပြီး အများပြည်သူများအတွက် သတင်းမှန်ရရှိအောင် ဆောင်ရွက်ပေးလျက်ရှိပါသည်။



ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် အဌမအကြိမ် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ (၄၇) ပါးစုံညီ အဌမအစည်းအဝေး ဇူလိုင် ၁၃ ရက်က ကျင်းပစဉ်။

### လူမှုစီးပွားဘဝများတိုးတက်စေရေး

အဌမအကြိမ် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ၄၇ ပါးစုံညီ အဌမအစည်းအဝေးကို ဇူလိုင်လ ၁၃ ရက်က ရန်ကုန်မြို့ သီရိမင်္ဂလာကမ္ဘာအေးကုန်းမြေရှိ မဟာပါသဏလိုဏ်ဂူသိမ်တော်ကြီး၌ ကျင်းပခဲ့ပြီး နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ ဥက္ကဋ္ဌဆရာတော် ဒေါက်တာ ဘဒ္ဒန္တကုမာရာဘိဝံသက သာရဏီယဩဝါဒကထာကို မြွက်ကြားတော်မူပြီး သာသနာရေးဆိုင်ရာကိစ္စရပ်များကို ဝေဖန်ဆွေးနွေး ဆုံးဖြတ်ခဲ့ကြကြောင်းကိုလည်း သိရှိခွင့်ရခဲ့ပါသည်။

(၇၄)နှစ်မြောက် အာဇာနည်နေ့အခမ်းအနားကို ဇူလိုင်လ ၁၉ ရက်က ကျင်းပခဲ့ပြီး အခမ်းအနားကျင်းပရေးဗဟိုကော်မတီဥက္ကဋ္ဌနှင့် တာဝန်ရှိသူများ၊ တပ်မတော်အရာရှိကြီးများနှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများက ဗိုလ်ချုပ်အောင်ဆန်းနှင့်တကွ အာဇာနည်ခေါင်းဆောင်ကြီးများ၏ ဂူဗိမာန်၌ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ လွမ်းသူ့ပန်းခွေချ၍ အလေးပြုကြပြီး နှစ်မိနစ်ခန့်ငြိမ်သက်စွာ မေတ္တာပို့သအမျှပေးဝေခြင်း၊ နိုင်ငံတော်အလံကို တိုင်တစ်ဝက်လျှော့ချလွှင့်ထူခြင်း၊ ဂုဏ်ပြုတပ်ဖွဲ့ဝင်များက သေနတ်မြောက်၍လည်းကောင်း၊ စစ်ဘင်ခရာအဖွဲ့က အလေးပြုခရာမှုတ်၍လည်းကောင်း အလေးပြုကြပြီး မိသားစုဝင်များနှင့် ဌာနအသီးသီးမှ တာဝန်ရှိသူများက လွမ်းသူ့ပန်းခွေချခြင်း အစီအစဉ်များကို ဆက်လက်ပြုလုပ်ခဲ့ကြသည်။ ထို့အတူ အာဇာနည်နေ့ ဝမ်းနည်းခြင်း အထိမ်းအမှတ်အဖြစ် ရန်ကုန်မြို့ဝန်ကြီးများရုံး၌ နိုင်ငံတော်အလံအား တိုင်တစ်ဝက်သို့ လျှော့ချလွှင့်ထူခြင်း၊ အာဇာနည်ခေါင်းဆောင်ကြီးများအား ရည်စူးကုသိုလ်ပြုခြင်းတို့ကိုလည်း ပြုလုပ်ခဲ့ကြသည်ကို မြင်တွေ့ရသည်။

လာအိုနိုင်ငံသို့ ရောက်ရှိနေပြီး အခက်အခဲကြုံတွေ့နေရသည့် မြန်မာအလုပ်သမား ၄၀၀ ကျော်ကို နေရပ်ပြန်နိုင်ရေးအတွက် မြန်မာ – လာအို နှစ်နိုင်ငံ တာဝန်ရှိသူများ ဆွေးနွေးညှိနှိုင်းခဲ့ကြပြီး ဇူလိုင်လ ၃၀ ရက်နှင့် ဩဂုတ်လ ၁ ရက်တို့တွင် နှစ်သုတ်ခွဲ၍ ပြန်လည်ခေါ်ယူရန် ညှိနှိုင်းခဲ့ခြင်းကို ဇူလိုင်လ ၂၈ ရက်က ပြုလုပ်ခဲ့သည်။

### အပြည်ပြည်ဆိုင်ရာ သမဝါယမနေ့

(၉၉) ကြိမ်မြောက် အပြည်ပြည်ဆိုင်ရာ သမဝါယမနေ့အထိမ်းအမှတ် အခမ်းအနားကို ဇူလိုင်လ ၃ ရက်က ကျင်းပခဲ့ပြီး အသင်းသားပြည်သူ ၄ ဒသမ ၂ သန်းဖြင့် ဖွဲ့စည်းထားသည့် သမဝါယမအသင်းပေါင်း ၄၀၀၀၀ ခန့်၏ ကုန်ထုတ်၊ ကုန်သွယ်၊ ဝန်ဆောင်မှုလုပ်ငန်းများကို ခေတ်စနစ်နှင့်အညီ ပြောင်းလဲတိုးတက်လာစေရန် ကြံဆအကောင်အထည်ဖော်ကြရန် ရည်ရွယ်ထားသည်ကိုလည်း သိရှိခွင့်ရခဲ့သည်။

ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင်သည် နိုင်ငံတော်အတွက် အရေးပါသည့် လုပ်ငန်းဖြစ်ပြီး သက်ဆိုင်သည့် သုတေသနလုပ်ငန်းများ၊ နည်းပညာလွှဲပြောင်းရေးနှင့် ပူးပေါင်းဆောင်ရွက်ရေးလုပ်ငန်းများကို အစဉ်တစိုက် တိုးတက်ဖွံ့ဖြိုးရန် လိုအပ်ကြောင်း ဇူလိုင်လ ၆ ရက်က သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးက ရန်ကုန်မြို့ရှိ သုတေသနနှင့် တီထွင်ဆန်းသစ်မှုဦးစီးဌာနသို့ ရောက်ရှိစဉ်ပြောကြားခဲ့သည်။ ဓာတ်ခွဲစမ်းသပ်ခြင်း ဝန်ဆောင်မှုလုပ်ငန်းများ၊ နိုင်ငံခြားသွင်းကုန်၊ ပို့ကုန်နှင့် စက်မှုလုပ်ငန်းသုံး ဓာတုဗေဒကုန်ကြမ်းများကို ရည်ညွှန်းဓာတ်ခွဲခန်းအနေဖြင့် ခေတ်မီဓာတ်ခွဲစမ်းသပ်ပေးခြင်းများကို အရှိန်အဟုန်ဖြင့် ဆက်လက်လုပ်ဆောင်သွားမည်ဖြစ်ကြောင်းကို မြင်တွေ့ရပါသည်။

### ဆိုင်ကယ်များ တရားဝင်မှတ်ပုံတင်

မှတ်ပုံတင်မဲ့ ဆိုင်ကယ်များအား One Stop Services စီမံချက်ဖြင့် တရားဝင်မှတ်ပုံတင်ခြင်းကို ဇူလိုင်လ ၇ ရက်မှစတင်၍ ရုံးဖွင့်ရက်ပေါင်း ၃၀ အတွင်း ဆောင်ရွက်ပေးခဲ့ခြင်းသည်လည်း မှတ်ပုံတင်မဲ့(ဝစ်သောက်) ဆိုင်ကယ်များအတွက် အခွင့်အလမ်းတစ်ရပ်ပင် ဖြစ်ပါသည်။ ဆိုင်ကယ်အသုံးပြု၍ ပြစ်မှုကျူးလွန်ခြင်းများ လျော့ပါးစေမည်ဖြစ်ပြီး သယ်ယူပို့ဆောင်ရေးကဏ္ဍာ မြှင့်တင်နိုင်မည်ဖြစ်သည်။

ပြည်နယ်နှင့် တိုင်းဒေသကြီး အသီးသီးတွင် နေရပ်စွန့်ခွာလာသူ တိုင်းရင်းသားများ၊ ဒေသခံပြည်သူများအား ပန်းခင်းစီမံချက်ဖြင့် အိမ်ထောင်စုလူဦးရေစာရင်းနှင့် နိုင်ငံသား စိစစ်ရေးကတ်ပြားများ ပေးအပ်လျက်ရှိသည်ကိုလည်း မြင်တွေ့ရသည်။

စက်မှုကဏ္ဍာ၌ ပြည်တွင်းအလုပ်အကိုင်နေရာ ၈၀၀ ကျော်ခန့်အပ်နိုင်မည့် အမေရိကန်ဒေါ်လာ ငါးသန်းတန်ဖိုးရှိ ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းတစ်ခုကို ဇူလိုင်လ ၇ ရက်က ခွင့်ပြုပေးခဲ့သည်ကို မြင်တွေ့ရသည်။ CMP စနစ်ဖြင့် အဝတ်အထည်အမျိုးမျိုးချုပ်လုပ်သည့် လုပ်ငန်းတစ်ခုဖြစ်ပြီး ယင်းအပြင် အထွေထွေကုမ္ပဏီ ၁၄ ခုတို့၏ တင်ပြချက်များကိုလည်း ဆွေးနွေးဆုံးဖြတ်ပေးခဲ့ကြောင်း ရန်ကုန်တိုင်းဒေသကြီး ရင်းနှီးမြှုပ်နှံမှုကော်မတီမှ သိရှိရပါသည်။


*စာမျက်နှာ ၇ သို့*

- **မြန်မာ့အာမခံလုပ်ငန်း၏ အာမခံအမျိုးမျိုးကို အွန်လိုင်းမှတစ်ဆင့်၊ မိုဘိုင်းငွေပေး ချေမှုမှတစ်ဆင့် ဆောင်ရွက်နိုင်ခြင်းကို ဇူလိုင်လ ၈ ရက်တွင် စတင်နိုင်ခဲ့**
- **ကိုဗစ် - ၁၉ ၏ တတိယလှိုင်းကို ကြုံကြိုက်ခံဖြတ်ကျော်နေရသည့် ကာလအတွင်း အများပြည်သူများ သယ်ယူပို့ဆောင်ရေးလုပ်ငန်း အဆင်ပြေစေရေးအတွက် ကျန်းမာရေးစည်းကမ်းချက်များနှင့်အညီ မြန်မာ့မီးရထားခရီးစဉ်များကိုလည်းကောင်း၊ လေယာဉ်၊ ရေယာဉ်၊ မော်တော်ယာဉ်ခရီးစဉ်များကိုကျန်းမာရေးလမ်းညွှန်ချက်များနှင့်အညီ ပြေးဆွဲပေးလျက်ရှိ**

# တိုင်းဒေသကြီး / ပြည်နယ်များ၏ ၂၀၂၁ ခုနှစ် အောက်တိုဘာလမှ ၂၀၂၂ ခုနှစ် မတ်လအထိ ခြောက်လအတွက် အရအသုံးခန့်မှန်းခြေငွေစာရင်းများကို စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာနမှ စိစစ်

နေပြည်တော် ဩဂုတ် ၁၃

**တိုင်းဒေသကြီး/ပြည်နယ်များ၏ ၂၀၂၁ ခုနှစ် အောက်တိုဘာလမှ ၂၀၂၂ ခုနှစ် မတ်လအထိ ခြောက်လအတွက် အရအသုံးခန့်မှန်းခြေငွေစာရင်း စိစစ်ညှိနှိုင်းခြင်းဆိုင်ရာ အစည်းအဝေးကို ယမန်နေ့နံနက်ပိုင်းတွင် စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန၌ ဗီဒီယိုကွန်ဖရင့်စနစ်ဖြင့် ကျင်းပသည်။ (ယာပုံ)**



အစည်းအဝေးသို့ စီမံကိန်းနှင့် ဘဏ္ဍာရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းရှိန်၊ ဒုတိယဝန်ကြီး ဦးမောင်မောင်ဝင်း နှင့် တိုင်းဒေသကြီး / ပြည်နယ်များမှ စီးပွားရေးရာဝန်ကြီးဌာန ဝန်ကြီးများ၊ သက်ဆိုင်ရာဦးစီးဌာနများမှ ညွှန်ကြားရေးမှူးချုပ်များ၊ တိုင်းဒေသကြီး / ပြည်နယ်ဦးစီးဌာနများမှ စီမံကိန်းရေးဆွဲရေး ဦးစီးဌာနနှင့် ရသုံးမှန်းခြေငွေစာရင်းဦးစီးဌာန ညွှန်ကြားရေးမှူးများ တက်ရောက်ကြသည်။

အခမ်းအနားတွင် ပြည်ထောင်စုဝန်ကြီးက ပြည်ထောင်စုမှ တိုင်းဒေသကြီး / ပြည်နယ်များ၏ ဘတ်ဂျက်လိုငွေများကို နှစ်စဉ်ထောက်ပံ့ပေးလျက်ရှိရာ မဖြစ်မနေသုံးစွဲရမည့် လုပ်ငန်း အသုံးစရိတ်များ၊ နိုင်ငံ့စီးပွားရေး ပြန်လည် ဖွံ့ဖြိုးတိုးတက်လာစေရန် ဆောင်ရွက်ရမည့် လုပ်ငန်းများကို ဦးစားပေး ဆောင်ရွက်နိုင်ရန်နှင့် တိုင်းဒေသကြီး/ ပြည်နယ် အသီးသီးတွင်ရှိသည့် ပြည်သူများ၏ လူမှုစီးပွား လိုအပ်ချက်များကို ဖြည့်ဆည်း ဆောင်ရွက်ပေးနိုင်ရန် ပြည်ထောင်စုမှ တိုင်းဒေသကြီး / ပြည်နယ်များ၏ လိုငွေအတွက် လျာထားထောက်ပံ့ပေးလျက်ရှိကြောင်း၊ ယခု ခွဲဝေရရှိသည့် ဘဏ္ဍာရန်ပုံငွေများကို မိမိတို့ တိုင်းဒေသကြီး/ပြည်နယ်အတွင်း ပြည်သူများ တိုက်ရိုက်အကျိုး ဖြစ်စေမည့် လမ်း၊ တံတား၊ လျှပ်စစ်၊ ရေ စသည့်ဒေသဖွံ့ဖြိုးရေး လုပ်ငန်းများနှင့် ကုန်ထုတ်လုပ်မှုကို ပိုမိုအကျိုးပြုစေနိုင်မည့် အသုံးစရိတ်များကို အလေးထား သုံးစွဲပြီး နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅) ရပ်၊ ဦးတည်ချက် (၉) ရပ်နှင့် ကိုက်ညီစွာ နိုင်ငံ့စီးပွားရေး ဖွံ့ဖြိုး တိုးတက်မှုအတွက် ကြိုးပမ်းအကောင် အထည်ဖော် ဆောင်ရွက်ကြရန် တိုက်တွန်းပါကြောင်း။

လုပ်ငန်းစီမံကိန်း ငွေလုံးငွေရင်း အသုံးစရိတ်များနှင့် ပတ်သက်၍ မပြီးပြတ်သေးသော ဆောင်ရွက်ဆဲ လုပ်ငန်းများကို ဦးစားပေး၍ ပြီးပြတ်အောင် ဆောင်ရွက်ပြီး ပြည်သူများအတွက် မဖြစ်မနေ ဆောင်ရွက်ပေးရမည့် လုပ်ငန်းသစ်များကိုသာ ဦးစားပေး အစီအစဉ်အလိုက် လျာထား၍ သတ်မှတ်ချိန်အတွင်း ပြီးစီးနိုင်အောင် ဆောင်ရွက်ကြရန် လိုအပ်ပါကြောင်း၊ လျာထားသည့် အသုံးစရိတ်များကို ဘဏ္ဍာရေး စည်းမျဉ်းနှင့်အညီ သုံးစွဲကြရန်နှင့် စာရင်းစစ်ဆေးခံနိုင်ရေးအတွက်လည်း အလေးပေး ဂရုပြုဆောင်ရွက်ကြရန် လိုအပ်ကြောင်း ဆွေးနွေးမှာကြားသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးက အိမ်စောင့်အစိုးရအဖွဲ့ အစည်းအဝေး အမှတ်စဉ် (၁/၂၀၂၁)တွင် နိုင်ငံတော်ဝန်ကြီး ချုပ်မိန့်ကြားခဲ့သော ဌာန၊ အဖွဲ့အစည်းများအနေဖြင့် မဖြစ်မနေ သုံးစွဲရမည့် လုပ်ငန်းကိစ္စရပ်များမှအပ အခြားကိစ္စရပ်များတွင် တတ်နိုင်သမျှ ချွေတာသုံးစွဲရန် လိုအပ်ကြောင်း မှာကြားချက်နှင့်အညီ ဘဏ္ဍာရန်ပုံငွေသုံးစွဲမှုများကို စနစ်တကျ စိစစ်သုံးစွဲသွားရန် ဖြစ်ကြောင်းကိုလည်း ဆွေးနွေးမှာကြားသည်။

ယင်းနောက် တိုင်းဒေသကြီး/ ပြည်နယ်များက ဘဏ္ဍာငွေအရ အသုံးလျာထားချက် အခြေအနေများကို ရှင်းလင်းတင်ပြကြပြီး ပြည်ထောင်စုဝန်ကြီး၊ ဒုတိယဝန်ကြီးတို့က လိုအပ်သည်များကို ပေါင်းစပ် ညှိနှိုင်းဖြည့်ဆည်း ဆောင်ရွက်ပေးသည်။

တိုင်းဒေသကြီး / ပြည်နယ် ဘဏ္ဍာငွေအရအသုံး စာရင်းများကို စိစစ်ဆောင်ရွက်ပြီးစီးပါက ဖွဲ့စည်းပုံအခြေခံဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်အညီ အတည်ပြုနိုင်ရေး ဆက်လက်တင်ပြ ဆောင်ရွက်မည်ဖြစ်ကြောင်း သိရသည်။ **သတင်းစဉ်**

## လှည်းကူးမြို့နယ် ပြည်သူ့ဆေးရုံနှင့် ကိုဗစ်စင်တာများအတွက် အလှူငွေနှင့် နှာခေါင်းစည်းများ လှူဒါန်း

လှည်းကူး ဩဂုတ် ၁၃

ရန်ကုန်မြောက်ပိုင်းခရိုင် လှည်းကူးမြို့နယ် ပြည်သူ့ဆေးရုံ၌ ကိုဗစ်-၁၉ ရောဂါ ကုသရေးလုပ်ငန်းများနှင့် ပိုးတွေ့လူနာများထားရှိသည့် စင်တာများတွင် အသုံးပြုရန်အတွက် အလှူငွေနှင့် နှာခေါင်းစည်းများကို မီလာဂါးဒန်း(ဖိနပ်)စက်ရုံမှ ယနေ့နံနက်ပိုင်းက မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမတွင် လာရောက်လှူဒါန်းသည်။

ထိုသို့လှူဒါန်းရာတွင် မီလာဂါးဒန်း(ဖိနပ်)စက်ရုံမှ မန်နေးဂျင်းဒါရိုက်တာ Mrs.SHIH WU-I က အလှူငွေကျပ်သိန်း၂၀ နှင့် နှာခေါင်းစည်းအခုရေ ၁၀၀၀၀ တို့ကို လှူဒါန်းရာ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးနေအောင်၊ အဖွဲ့ဝင်(၂) ဦးခင်ဇော်နှင့် မြို့နယ် ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးနှင့် အရေးပေါ်တုံ့ပြန်ရေးလုပ်ငန်းကော်မတီအဖွဲ့ တာဝန်ရှိသူများက လက်ခံယူခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

*စာမျက်နှာ ၆ မှ*

မြန်မာ့အာမခံလုပ်ငန်း၏ အာမခံအမျိုးမျိုးကို အွန်လိုင်းမှတစ်ဆင့်၊ မိုဘိုင်းငွေ ပေးချေမှုမှတစ်ဆင့် ဆောင်ရွက်နိုင်ခြင်းကို ဇူလိုင်လ ၈ ရက်တွင် စတင်နိုင်ခဲ့သည်ကိုလည်း သိရှိရပါသည်။ စက်မှုလုပ်ငန်းများ ပြန်လည်ထူထောင်နိုင်ရေးအတွက် အလုပ်ရုံဆွေးနွေးခြင်းကို စက်မှုဝန်ကြီးဌာန၌ ဇူလိုင်လ ၉ ရက်က ကျင်းပခဲ့ပြီး ရပ်ဆိုင်းထားသော နိုင်ငံပိုင်စက်ရုံများ လည်ပတ်နိုင်ရေးအတွက် ပြုပြင်ပြောင်းလဲသင့်သည့်နည်းလမ်းများ ဖော်ထုတ်ခဲ့ကြကြောင်း သိရှိရပါသည်။ ထို့ပြင် ပြည်တွင်းအခွန်များဦးစီးဌာနမှလည်း ကုန်သွယ်လုပ်ငန်းခွန် သုံးလတစ်ကြိမ်ကြေညာလွှာနှင့် အထူးကုန်စည်ခွန် သုံးလပတ်ကြေညာလွှာများအား အွန်လိုင်းမှတစ်ဆင့် ဆောင်ရွက်နိုင်ကြောင်း ထုတ်ပြန်ကြေညာထားခဲ့သည်။

### ခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေး

ကိုဗစ်ကပ်ရောဂါအခြေအနေကြောင့် ပုံမှန်ခရီးသွားလာခြင်းမှ New Normal ပုံစံဖြင့် ခရီးသွားလာမှုထွန်းကားလာစေရေးအပါအဝင် ခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ ညှိနှိုင်းအစည်းအဝေးကို ဇူလိုင်လ ၁၅ ရက်က ကျင်းပခဲ့ရာ အခမ်းအနားတွင် ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးက နေပြည်တော်ကောင်စီအပါအဝင် တိုင်းဒေသကြီးနှင့် ပြည်နယ်များတွင် ခရီးသွားကဏ္ဍဖွံ့ဖြိုးတိုးတက်ရေး အစီအမံများ၊




မြန်မာ့မီးရထားမှ ပြေးဆွဲပေးလျက်ရှိသော ရထားတစ်စင်းကို ရန်ကုန်ဘူတာကြီး၌ တွေ့ရစဉ်။

လုပ်ငန်းလိုင်စင်ချထားပေးမှုစသည့် စီမံခန့်ခွဲမှုဆိုင်ရာကိစ္စရပ်များကို ညှိနှိုင်းဆောင်ရွက်ခဲ့ကြသည်ကိုလည်း မြင်တွေ့ရသည်။

အရည်အသွေးမြင့် လယ်ယာသုံးစက်ကိရိယာများ တွင်ကျယ်စွာ အသုံးပြုနိုင်ရေးအတွက် လုပ်ငန်းညှိနှိုင်းဆွေးနွေးမှုကို ဇူလိုင်လ ၈ ရက်တွင် ကျင်းပခဲ့ပြီး စက်ကိရိယာများ တွင်ကျယ်စွာ အသုံးပြုနိုင်ရေးနှင့် နည်းပညာရပ်များအပေါ် စဉ်ဆက်မပြတ်လေ့လာသိရှိနိုင်ဖို့ ကြိုးပမ်းဆောင်ရွက်နေသည်ကိုလည်း သိရှိရပါသည်။

ကိုဗစ် - ၁၉ ၏ တတိယလှိုင်းကို ကြုံကြိုက်ခံဖြတ်ကျော်နေရသည့် ကာလအတွင်း အများပြည်သူများ သယ်ယူပို့ဆောင်ရေးလုပ်ငန်း အဆင်ပြေစေရေးအတွက် ကျန်းမာရေးစည်းကမ်းချက်များနှင့်အညီ မြန်မာ့မီးရထား ခရီးစဉ်များကိုလည်းကောင်း၊ လေယာဉ်၊ ရေယာဉ်၊ မော်တော်ယာဉ်ခရီးစဉ်များကို ကျန်းမာရေးလမ်းညွှန်ချက်များနှင့်အညီ ပြေးဆွဲပေးလျက်ရှိကြောင်းကိုလည်း ဇူလိုင်လ ၃၀ ရက်ထုတ် ကြေးမုံသတင်းစာတွင်ပါရှိသည့် ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာနသတင်းများအရ သိရှိရပါသည်။

### ပြည်သူများအတွက် ထောက်ပံ့ကူညီ


မိုးရာသီကာလဖြစ်သည့် အားလျော်စွာ ရေကြီးရေလျှံမှုများ တွေ့ကြုံခံစားနေရသည့် ပြည်သူများအတွက် ထောက်ပံ့ကူညီမှုများ ပြုလုပ်ပေးလျက်ရှိပြီး အကူအညီများလိုအပ်ပါက ဒေသအလိုက်ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာနရုံးများသို့ ဖြစ်စေ၊ အရေးပေါ် ဖုန်းနံပါတ်များဖြစ်စေ အကူအညီတောင်းခံနိုင်ပြီဖြစ်ကြောင်း ဇူလိုင်လ ၂၇ ရက်က ကျင်းပသည့် ရေကြီးရေလျှံမှုများအတွက် ထောက်ပံ့ကူညီဆောင်ရွက်ရေး ညှိနှိုင်းအစည်းအဝေးပွဲမှ သိရှိရပါသည်။

တစ်လတာဖြတ်သန်းမှုများအတွင်း နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ပြည်သူအတွက် အကျိုးပြုဆောင်ရွက်ချက်များစွာ ကျန်ရှိနေဦးမည်ဖြစ်ပါသည်။ မိမိတို့နိုင်ငံအတွက် အားလုံးမျှော်မှန်းသည့် လွတ်လပ်၍ တရားမျှတသည့် ဒီမိုကရေစီလမ်းကြောင်း မတိမ်းစောင်းရစေရန် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် တာဝန်ယူပြီးချိန်မှ စတင်၍ နိုင်ငံနှင့် ပြည်သူတို့၏ အကျိုးစီးပွားကို မြင့်မားစေရေးအတွက် ကိုယ်စွမ်း၊ ဉာဏ်စွမ်းတို့ဖြင့် အင်တိုက်အားတိုက် ဆောင်ရွက်ပေးလျက်ရှိပါကြောင်း တင်ပြလိုက်ရပါသည်။ ။

# ဆရာကြီး စည်သူ ဒေါက်တာကျော်စိန်၏ ဘဝနှင့် စာပေ

ရီဝေဝေလှိုင် (စာပေဗိမာန်)

**နိုင်ငံတစ်နိုင်ငံ၏ လူမျိုး၊ ဘာသာ၊ စာပေ၊ ယဉ်ကျေးမှု စသည်တို့သည် ထိုနိုင်ငံ၏ ဂုဏ်ဒြပ်များပင်ဖြစ်သည်။ တန်ဖိုးမဖြတ်နိုင်သော ရတနာများဖြစ်သည်။ ၎င်းတို့ထဲမှ စာပေသည် တိုင်းပြည်နှင့် လူမျိုး ဖွံ့ဖြိုးတိုးတက်ရေးအတွက် အခရာကျလှသည်။ အဘယ်ကြောင့်ဆိုသော် စာပေသည် လူတို့၏ အသိဉာဏ်ပညာကို ထွန်းလင်းစေနိုင်သောကြောင့် ဖြစ်သည်။ ထိုစာပေ ရေစီးကြောင်းကြီး အရှိန်အဟုန်မပြတ် ဆက်လက်စီးဆင်းနိုင်စေရန် တာဝန်သည် စာပေရေးသားပြုစုကြသည့် စာပေပညာရှင်များ၊ စာရေးဆရာများနှင့် စာဖတ်ပရိသတ်များ၏ ပခုံးပေါ်တွင် ကျရောက်နေပေသည်။**



ဆရာကြီး စည်သူ
ဒေါက်တာ ကျော်စိန်

### မြန်မာစာပေဖွံ့ဖြိုးရေး

မြန်မာနိုင်ငံ သမိုင်းစဉ်တစ်လျှောက် ခေတ်အဆက်ဆက်တွင် မြန်မာစာပေ ဖွံ့ဖြိုးတိုးတက်ခဲ့သည်။ ပုဂံ၊ ပင်းယ၊ အင်းဝ၊ တောင်ငူ၊ ညောင်ရမ်း၊ ကုန်းဘောင်စသဖြင့် မြန်မာဘုရင်များ လက်ထက်ကတည်းက ပျို့၊ ရတု၊ ချေင်း၊ ကာချင်း၊ ရကန် စသည့်ခေတ်အလိုက် ထင်ပေါ်ခေတ်စားသော စာပေပုံစံများ တံခွန်စိုက် ပေါ်ထွန်းခဲ့သည်။ မြန်မာဘုရင်များ ကိုယ်တိုင်ကလည်း စာဆိုတော်များကို ချီးမြှင့်မြှောက်စားခဲ့သည်။ နှစ်စဉ် နတ်တော်လတွင် ဖျင်ထပ်သဘင်ပွဲကျင်းပပြီး စာဆိုတော်များကို ဂုဏ်ပြုချီးမြှင့်ခဲ့သည်။ ယနေ့ခေတ်တွင်လည်း မြန်မာလူမျိုးတို့၏ ယဉ်ကျေးမှုအစဉ်အလာအရ နတ်တော်လဆန်း (၁) ရက်နေ့ကို စာဆိုတော်နေ့ဟု သတ်မှတ်ထားပြီး စာပေပညာရှင်များကို ဂုဏ်ပြုချီးမြှောက်သည့်အနေဖြင့် အမျိုးသားစာပေတစ်သက်တာဆု၊ အမျိုးသားစာပေဆုနှင့် စာပေဗိမာန်စာမူဆုတို့ကို နိုင်ငံတော်က နှစ်စဉ် ချီးမြှင့်ပေးလျက်ရှိသည်။

အမျိုးသားစာပေ တစ်သက်တာဆု ချီးမြှင့်ခြင်းသည် ဘဝတစ်သက်တာ စာရေးခြင်းနှင့် ပညာရပ်ဆိုင်ရာ သုတေသနလုပ်ငန်းများကို အလေးထားဆောင်ရွက်ခဲ့၍ လေးစားထိုက်သော စာပေလက်ရာအများအပြား ရေးသားပြုစုသူစာရေးဆရာ၊ စာပေပညာရှင်တို့ကို စိစစ်ရွေးချယ် ဆုချီးမြှင့်ခြင်းဖြစ်သည်။

အမျိုးသားစာပေဆုကို ချီးမြှင့်ခြင်းသည် မြန်မာစာပေလောကတွင် ခိုင်မာဖွံ့ဖြိုးကြွယ်ဝစေမည့် စာပေများ ထွန်းကားစေရန် ဖြစ်သည်။ ထိုကဲ့သို့စာပေများကို ရေးသားပြုစု ထုတ်ဝေသူများကိုလည်း ထိုက်ထိုက်တန်တန် အားပေးဂုဏ်ပြုခြင်းပင် ဖြစ်သည်။

စာပေဗိမာန် စာမူဆုပြိုင်ပွဲကို ပြုလုပ်ပေးခြင်းသည် အကြောင်းအရာ စုစည်းမှုကောင်းကောင်းနှင့် အရေးအသား ချောမောပြေပြစ်သည့် အဆင့်မီစာမူများကို ရေးအားရှိကြရန်နှင့် စာအုပ်အဖြစ် ထုတ်ဝေပေးလိုသည့် စေတနာကြောင့် ဖြစ်သည်။ ဆုရသည့်စာမူများကို စာပေဗိမာန်က စာအုပ်အဖြစ် ကျယ်ကျယ်ပြန့်ပြန့် ပုံနှိပ်ဖြန့်ချိပေးသည့် အစီအစဉ် ဖြစ်သည်။ တစ်နည်းအားဖြင့် မြန်မာစာပေလောကအတွက် ကလောင်မွေးလိုသူ ဝါသနာရှင်များအတွက် အခွင့်အလမ်းဖွင့်ပေးခြင်း ဖြစ်သည်။ ရွက်ပုန်းသီးကလောင်ရှင်အသစ်များကို မွေးထုတ်ပေးခြင်းလည်း ဖြစ်သည်။ ဆုရစာမူများကို စာအုပ်အဖြစ် ပုံနှိပ်ထုတ်ဝေပေးသည့်အတွက် ကလောင်သစ်များကို မြေတောင်မြှောက်ပေးခြင်းလည်း မည်ပေမည်။

မြန်မာစာပေလောက၏ အမြင့်ဆုံးဆုဖြစ်သည့် အမျိုးသားစာပေတစ်သက်တာဆုကို မြန်မာနိုင်ငံ၏ ရှစ်ဦးမြောက်အဖြစ် ရရှိပိုင်ဆိုင်ခဲ့သည့် စာပေပညာရှင်ကြီးတစ်ဦးရှိခဲ့ပါသည်။ ၎င်းမှာ ဒေါက်တာကျော်စိန် ဖြစ်ပါသည်။ ဆရာကြီးသည် စာရေးဆရာအဖြစ် စာပေများရေးသားခြင်း၊ စာပေပညာရှင်အဖြစ် မြန်မာစာပေဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်ခြင်းတို့သာမက မိမိကျွမ်းကျင်သည့် စိတ်ပညာဘာသာရပ်ကို စာပေဖြင့် ပျံ့နှံ့အောင် ဆောင်ရွက်ခဲ့ခြင်းတို့ကြောင့် ၂၀၀၈ ခုနှစ်အတွက် အမျိုးသားစာပေ တစ်သက်တာဆုကို ထိုက်ထိုက်တန်တန် ချီးမြှင့်ခံခဲ့ရပါသည်။

### ဆရာကြီး၏ ဘဝခရီးလမ်း

ဆရာကြီး ဒေါက်တာ ကျော်စိန်ကို ၁၉၃၂ ခုနှစ်၊ ဩဂုတ်လ ၂၁ ရက်တွင် အဖဦးစိန်ခိုင်၊ အမိ ဒေါ်သက်စုတို့က ပဲခူးမြို့၌ မွေးဖွားခဲ့သည်။ မွေးချင်း သုံးဦးအနက် အကြီးဆုံးသားဖြစ်ပြီး အမည်ရင်းမှာ ဦးကျော်စိန် ဖြစ်သည်။ ၁၉၅၀ ပြည့်နှစ်တွင် ပဲခူးမြို့ အစိုးရအထက်တန်းကျောင်းမှ တက္ကသိုလ်ဝင်စာမေးပွဲ အောင်မြင်ခဲ့သည်။ တစ်ခရိုင်လုံးတွင် ထူးချွန်စွာ အောင်မြင်၍ ပဲခူးခရိုင် အသင်းဆုနှင့် တက္ကသိုလ်ပညာသင်ဆု (Collegiate Scholarship) ငါးနှစ် ရရှိခဲ့သည်။ ၁၉၅၂ ခုနှစ် ရန်ကုန်တက္ကသိုလ် ဥပစာတန်း၌ မြန်မာဘာသာအတွက် အမှတ်အမြင့်ဆုံးရသူတို့ကို ချီးမြှင့်သည့် သာဒိုးအောင်ဆုကို ရရှိခဲ့သည်။ ဝိဇ္ဇာတန်း၌ သဘာဝတ္တဗေဒ အသင်းဆု ရရှိခဲ့သည်။ ၁၉၅၄ ခုနှစ်တွင် ရန်ကုန်တက္ကသိုလ်မှ ဝိဇ္ဇာဘွဲ့နှင့် ၁၉၅၈ ခုနှစ်တွင် မဟာဝိဇ္ဇာဘွဲ့ (စိတ်ပညာ) တို့ကို ရရှိခဲ့သည်။ ၁၉၆၆ ခုနှစ်တွင် အမေရိကန်ပြည်ထောင်စု နယူးယောက်မြို့ ကိုလံဘီယာတက္ကသိုလ်၌ ပါရဂူဘွဲ့ (Ph.D) ရသည်အထိ ပညာသင်ကြားခဲ့သည်။ ထိုင်း၊ ရုရှား၊ ဂျာမနီ၊ တရုတ် စသည်ဖြင့် နိုင်ငံအရပ်ရပ်သို့ ပညာရေး၊ လေ့လာရေး၊ ချစ်ကြည်ရေးအဖြစ် အကြိမ်ကြိမ် သွားရောက်ခဲ့သည်။

ဆရာကြီးသည် ၁၉၅၄ ခုနှစ်တွင် ရန်ကုန်တက္ကသိုလ် စိတ်ပညာဌာနတွင် နည်းပြဆရာ၊ ၁၉၅၇ ခုနှစ်တွင် လက်ထောက်ကထိက၊ ၁၉၆၇ ခုနှစ်တွင် ကထိက၊ ၁၉၇၇ ခုနှစ်တွင် ပါမောက္ခ၊ ၁၉၈၃ ခုနှစ်တွင် ရန်ကုန်တက္ကသိုလ် ပါမောက္ခချုပ်၊ ၁၉၈၅ ခုနှစ်တွင် မန္တလေးတက္ကသိုလ် ပါမောက္ခချုပ်၊ ၁၉၈၈ ခုနှစ်တွင် ပညာရေးဝန်ကြီး စသည်ဖြင့် နိုင်ငံ့တာဝန်များကို အဆင့်ဆင့်ထမ်းဆောင်ခဲ့သည်။ ဝန်ကြီးဘဝမှ အနားယူခဲ့ပြီးသည့်နောက်ပိုင်း ရန်ကုန်တက္ကသိုလ် စိတ်ပညာဌာနတွင် ဂုဏ်ထူးဆောင်ပါမောက္ခအဖြစ် ဆက်လက်တာဝန်ယူခဲ့သည်။ ၂၀၀၉ ခုနှစ်တွင် ရန်ကုန်တက္ကသိုလ် အချိန်ပိုင်းပါမောက္ခ၊ စာပေဗိမာန်၏ အမျိုးသားစာပေဆု စိစစ်ရွေးချယ်ရေး ကော်မတီဝင်၊ မြန်မာ့ရည်ညွှန်းကျမ်း စီစဉ်ရေးအဖွဲ့ဝင်၊ ထွန်းဖောင်ဒေးရှင်းစာပေဆု ရွေးချယ်ရေးအဖွဲ့ဥက္ကဋ္ဌ စသည့်တာဝန်များကိုလည်း ထမ်းဆောင်ခဲ့သည်။

### စာပေဆိုင်ရာ အမြင့်ဆုံးဆုများနှင့် စည်သူဘွဲ့ပိုင်ရှင်

ဆရာကြီးသည် ၁၉၇၃ ခုနှစ်တွင် "သင့်ဘဝတွက်တာ အသုံးချစိတ်ပညာ" စာမူဖြင့် စာပေဗိမာန် သုတပဒေသာ (ဝိဇ္ဇာ) ပညာရပ် ပထမဆု၊ ၁၉၉၀ ပြည့်နှစ်အတွက် "လူငယ်လမ်းညွှန်" စာမူဖြင့် စာပေဗိမာန်စာမူဆု(လူငယ်စာပေ) ပထမဆု၊ ၁၉၉၁ ခုနှစ်၊ မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေး စာပေပြိုင်ပွဲတွင် "တို့ချစ်သည့် တို့နိုင်ငံတော်" စာမူဖြင့် ကျမ်းစာမူဒုတိယဆု၊ ၁၉၉၄ ခုနှစ်တွင် "ဇော်ဋီကာ" စာမူဖြင့် စာပေဗိမာန် စာမူဆု (စာပဒေသာ) ပထမဆု၊ ၁၉၉၇ ခုနှစ် ပခုက္ကူဦးအုံးဖေ စာပေဆုတွင် "စိတ်ပညာသမိုင်းကျမ်း" စာမူဖြင့် ကျမ်းစာပေ ပထမဆု၊ ၂၀၀၇ ခုနှစ်တွင် "နေရမည်မှာ ခြောက်လသာ" စာအုပ်ဖြင့် ဆရာဝန်တင်ရွှေ စာပေဆုရရှိခဲ့ပြီး ၂၀၀၇ ခုနှစ်အတွက် နိုင်ငံတော်ကချီးမြှင့်သည့် ဝိဇ္ဇာပညာထူးချွန်တံဆိပ် (ဒုတိယဆင့်)၊ ၂၀၀၈ ခုနှစ်တွင် အမျိုးသားစာပေတစ်သက်တာဆုနှင့် ပခုက္ကူဦးအုံးဖေ တစ်သက်တာစာပေဆု၊ ၂၀၁၂ ခုနှစ်တွင် ထွန်းဖောင်ဒေးရှင်း တစ်သက်တာစာပေဆုတို့ကို အသီးသီးရရှိခဲ့သည်။ ထို့ပြင် ဆရာကြီးသည် ၂၀၁၂ ခုနှစ်တွင် စည်သူဘွဲ့ကို ရရှိခဲ့သည်။

### ဆရာကြီး၏ ထင်ရှားကျော်ကြားသည့် စာအုပ်များ

ဆရာကြီးသည် ပင်ကိုရေးသားခြင်း၊ ဘာသာပြန်ဆိုရေးသားခြင်း စသည်တို့ဖြင့် စိတ်ပညာဆိုင်ရာ စာအုပ်ပေါင်း ၅၀ ခန့်နှင့် ဆောင်းပါးပေါင်းများစွာ ရေးသားခဲ့သည်။ ကျောင်းသုံးစာအုပ်များဖြစ်သော ခေတ်သစ်စိတ်ပညာ၊ ဆက်ဆံရေး စိတ်ပညာ၊ ခေတ်ပြိုင်စိတ်ပညာဂိုဏ်းကွဲများ၊ အထွေထွေစိတ်ပညာ စသည့်စာအုပ်တို့ကို ရေးသားပြုစုခဲ့သည့်အပြင် အများပြည်သူစာဖတ်ပရိသတ်အတွက် စာအုပ်များစွာကိုလည်း ရေးသားခဲ့သည်။ ယင်းစာအုပ်များအနက် စိတ်ပညာရှုထောင့်အထွေထွေ၊ သင့်ဘဝတွက်တာ အသုံးချစိတ်ပညာ၊ လူငယ်လမ်းညွှန်၊ တို့ချစ်သည့် တို့နိုင်ငံတော်၊ စိတ်ပညာဆောင်းပါး ပေါင်းချုပ်၊ ဇော်ဋီကာ၊ စိတ်ပညာသမိုင်းကျမ်း၊ သင့်ရင်သွေး မိမိကိုယ်ကိုမိမိ ယုံကြည်မှုပျိုးထောင်ရေး၊ ဖခင်ဘဝ ဇာတ်လမ်းစုံ၊ မောင်စိန်မန်း၏ အစမ်းစာများ၊ ဆက်သွယ်မှုစိတ်ပညာနှင့် အတွေးမျှင်စာတမ်းများ၊ ချမ်းသာဖေဖေ ဆင်းရဲဖေဖေ၊ ဘဝနေနည်းသင်ခန်းစာများ စသည့်စာအုပ်တို့မှာ အထူးထင်ရှားသည်။


ဆရာကြီးသည် ဒေါက်တာကျော်စိန် ကလောင်အမည်ဖြင့် စာအုပ်စာစောင်များကို အများဆုံး ရေးသားလေ့ရှိပြီး ကလောင်ခွဲအနေဖြင့်မူ မောင်စိန်မန်း အမည်ဖြင့် အစမ်းစာများ ရေးသားခဲ့သည်။ နောက်ပိုင်းတွင် Lifestyle၊ Idea၊ Perfect ၊ Wellness စသည့်မဂ္ဂဇင်း၊ စာစောင်များတွင် သုတရသဆောင်းပါးများ ရေးသားခဲ့သည်။

### ဆရာကြီးနှင့် စာပေဗိမာန်

ဆရာကြီး ဒေါက်တာ ကျော်စိန်သည် အသက် ၂၀ ကျော် အရွယ်ဖြစ်သည့် ၁၉၅၇ ခုနှစ်မှစ၍ ရှုမဝ၊ ငွေတာရီ၊ ပညာပဒေသာ၊ ပညာလောက စသည့်မဂ္ဂဇင်း၊ စာစောင်များတွင် ဆောင်းပါးများ ရေးသားခဲ့သည်။ ၁၉၆၈ ခုနှစ်တွင် ဦးဖေချစ် (စိတ်ပညာ) နှင့် တွဲဖက်၍ "စိတ်ပညာရှုထောင့်အထွေထွေ" စာအုပ် ထုတ်ဝေခဲ့သည်။ ထိုအချိန်ထိ စာပေဗိမာန်နှင့် မရင်းနှီးသေးပါ။ သို့သော် ၁၉၇၃ ခုနှစ်တွင် "သင့်ဘဝတွက်တာ အသုံးချစိတ်ပညာ" စာမူဖြင့် စာပေဗိမာန် သုတပဒေသာ (ဝိဇ္ဇာ) ပညာရပ်ပထမဆု ရရှိခဲ့သည့်အချိန်မှစ၍ စာပေဗိမာန်နှင့် စတင်ရင်းနှီးကျွမ်းဝင်လာခဲ့သည်။


ဆရာကြီးသည် တက္ကသိုလ်၏ သင်ကြားရေးပိုင်းတွင် ထူးချွန်သူတစ်ဦး ဖြစ်သည်။ စိတ်ပညာဘာသာရပ် အထူးသဖြင့် စက်မှုနှင့် ဆက်ဆံရေးစိတ်ပညာကို သင်ရိုးကျွတ်အောင် လေ့လာသိရှိထားသူဖြစ်သည်။ ထို့ကြောင့် သူစုဆောင်းလေ့လာထားသမျှကို စိတ်ပညာအဓိကကျောင်းသားများအား သင်တန်းပို့ချခြင်းဖြင့် ပညာဖြန့်ဖြူးခဲ့သည်။ ကျောင်းသုံးစာအုပ်ပြုစုခြင်း၊ မဂ္ဂဇင်းစာစောင်တို့တွင် ဆောင်းပါးရေးခြင်းတို့ဖြင့် အသိဉာဏ်ကို ဝေငှခဲ့သည်။

*စာမျက်နှာ ၉ သို့*












*စာမျက်နှာ ၈ မှ*
သို့သော် ထိုအဟောအပြော၊ အရေးအသားတို့သည် တက္ကသိုလ်ပရိဝုဏ်တစ်ဝိုက်မှ ပုဂ္ဂိုလ်များအတွက်သာ ဖြစ်နေသည်။ စိတ်ပညာသည် မြေကြီးနှင့် နီးစပ်သော သို့မဟုတ် လူတိုင်းနှင့် အကျုံးဝင်သော သို့မဟုတ် လူတိုင်းသိရှိနားလည်အသုံးချသင့်သော ဘာသာရပ်တစ်ခု ဖြစ်သည်။

ထို့ကြောင့် ဆရာကြီးက စိတ်ပညာနှင့် ပတ်သက်သော အရေးအသား၊ အဟောအပြောများ လူတိုင်းထံသို့ ပျံ့နှံ့စေချင်သည်။ မပျံ့နှံ့သေးသည်မှာ သူ၏ ချွတ်ယွင်းချက်ဖြစ်နေသည်ဟု ယူဆကာ လူတိုင်းအသုံးချနိုင်သော စာအုပ်တစ်အုပ်ကို ပြုစုခဲ့သည်။ သို့သော် ထိုစာအုပ်ရေးပြီးသောအခါတွင် လူထုထံမှောက် အရောက်ပို့ရေးသည် ပြဿနာဖြစ်နေသည်။

သင်ကြားရေးနယ်ပယ်တွင် ဆရာတစ်ဆူဖြစ်သော်လည်း စာပေလောကတွင် မျက်နှာသစ်ဖြစ်၍ နေရာမရှိ၊ ရှေ့တန်းတင်ပေးမည့် သူရဲကောင်းထုတ်ဝေသူတို့လည်း မရှိသေးသဖြင့် စာပေဗိမာန်စာမူပြိုင်ပွဲကို အားကိုးခဲ့သည်။ ဆုအဆင့်အတန်းကို ပဓာနမထားဘဲ မိမိတတ်မြောက် နားလည်ထားသော ဘာသာရပ်ဖြင့် လူထုကို အလုပ်အကျွေး ပြုလိုသောကြောင့် “သင့်ဘဝတွက်တာ အသုံးချစိတ်ပညာ” စာမူကို စာပေဗိမာန် စာမူပြိုင်ပွဲသို့ တင်သွင်းခဲ့ရာမှ အရွေးချယ်ခံရသဖြင့် စာဖတ်သူများ ရှေ့မှောက်သို့ ရောက်ရှိ–လာခဲ့သည်ဟု သင့်ဘဝတွက်တာ အသုံးချစိတ်ပညာ စာအုပ်တွင် ဖော်ပြထားရာ ဆရာကြီးနှင့် စာပေဗိမာန်တို့၏ ဆက်နွှယ်မှုကို သိရှိရပါသည်။

**သူ့အကြိုက်နှင့် သူ့စရိုက်**

ဆရာကြီးသည် စာဖတ်တတ်သည့်အရွယ် ရှစ်နှစ်၊ ကိုးနှစ်ခန့်ကပင် မိမိအသက်အရွယ်နှင့် လိုက်ဖက်ရာ စာတိုပေစများကို လက်လှမ်းမီသရွေ့ ဖတ်ရှုခဲ့သည်။ ဆယ်ကျော်သက်အရွယ်က ဖတ်ရှုခဲ့ရပြီး ဆရာကြီး၏ ဘဝတစ်လျှောက်လုံးကို လွှမ်းမိုးခဲ့သည့် အကြိုက်ဆုံးစာအုပ် သုံးအုပ်ရှိခဲ့သည်။ ပဒ္မရှုပ်ံ ဦးခ၏ ချွေတာခြင်း၊ ဂျာနယ်ကျော်မမလေး၏ သူလိုလူနှင့် ဗန်းမော်တင်အောင်၏ ဒေါက်တာရေချမ်း စာအုပ်တို့ ဖြစ်သည်။

ဆရာကြီးသည် ပဒ္မရှုပ်ံ ဦးခ၏ ချွေတာခြင်းစာအုပ်ကိုဖတ်ပြီး ငွေကို ချွေတာတတ်ခဲ့သည်။ အချိန်ကို စနစ်တကျ သုံးစွဲတတ်ခဲ့သည်။ အလုပ်ကို တွင်တွင်ကျယ်ကျယ် လုပ်တတ်ရန် ကြိုးပမ်းလာခဲ့သည်။ ဂျာနယ်ကျော်မမလေး၏ သူလိုလူစာအုပ်ကို ဖတ်ရှုပြီး အတွေးအခေါ်နှင့် စာပေမြတ်နိုးမှုများ တိုးပွားလာခဲ့သည်။ ထိုစာအုပ်ကို တစ်နှစ်တစ်ခါ နှစ်စဉ် ပြန်လည်ဖတ်ရှုလေ့ရှိသည်။ ဗန်းမော် တင်အောင်၏ ဒေါက်တာရေချမ်းစာအုပ်ကို အသက် ၁၈ နှစ်အရွယ် ၁၀ တန်း အောင်ပြီးစအချိန်က ဖတ်ရှုခဲ့ရပြီး ဒေါက်တာဘွဲ့ကို ဘာမှန်း ညာမှန်းမသိဘဲ အားကျလိုချင်နေမိခဲ့သည်။ ထို့ကြောင့် ချွေတာခြင်းစာအုပ်သည် ဆရာကြီး၏ စိတ်ပိုင်းဘဝ


ဆရာကြီး စည်သူ ဒေါက်တာကျော်စိန် စာပေဗိမာန်ရုံး၊ မြန်မာ့ရည်ညွှန်းကျမ်း စီစဉ်ရေးအဖွဲ့တွင် တာဝန်ထမ်းဆောင်စဉ်က မှတ်တမ်းဓာတ်ပုံ။


❑ **မြန်မာစာပေလောက၏ အမြင့်ဆုံးဆုဖြစ်သည့် အမျိုးသားစာပေတစ်သက်တာဆုကို မြန်မာနိုင်ငံ၏ ရှစ်ဦးမြောက်အဖြစ် ရရှိပိုင်ဆိုင်ခဲ့သည့် စာပေပညာရှင်ကြီးတစ်ဦးရှိခဲ့ပါသည်။ ၎င်းမှာ ဒေါက်တာကျော်စိန် ဖြစ်ပါသည်။ ဆရာကြီးသည် စာရေးဆရာအဖြစ် စာပေများရေးသားခြင်း၊ စာပေပညာရှင်အဖြစ် မြန်မာစာပေဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်ခြင်းတို့သာမက မိမိကျွမ်းကျင်သည့် စိတ်ပညာဘာသာရပ်ကို စာပေဖြင့် ပျံ့နှံ့အောင်ဆောင်ရွက်ခဲ့ခြင်းတို့ကြောင့် ၂၀၀၈ ခုနှစ်အတွက် အမျိုးသားစာပေတစ်သက်တာဆုကို ထိုက်ထိုက်တန်တန် ချီးမြှင့်ခံခဲ့ရ**

ကို လွှမ်းမိုးခဲ့သည်။ ဒေါက်တာ ရေချမ်းသည် ရုပ်ပိုင်းဘဝကို လွှမ်းမိုးခဲ့ပြီး သူလိုလူသည် စိတ်ပိုင်းရော ရုပ်ပိုင်းဘဝကိုပါ လွှမ်းမိုးခဲ့သည်။

ဆရာကြီးသည် ငယ်စဉ်က ကဗျာလင်္ကာကို လွန်စွာစိတ်ဝင်စားသူ ဖြစ်ပေရာ ၁၉၄၇ ခုနှစ်၊ ခုနစ်တန်း ကျောင်းသားအရွယ်က သင်ကြားခဲ့ရသော “သပြေညို နှင့် အခြားကဗျာများ” စာအုပ်ပါ ကဗျာပုဒ်ရေ ၅၈ ပုဒ်ကို အားစိုက်ထုတ်မှု အနည်းငယ်မျှဖြင့် အာဂုံဆောင်နိုင်ခဲ့ပြီး အချို့ကဗျာရှည်ကြီးများကို အသက်အရွယ်ကြီးသည်အထိပင် ရွတ်ဆိုနိုင်ပေသေးသည်ဟု သိရသည်။ ထို့ပြင် မင်းဘူးဦးဩဘာသ၏ ဇနက္ကဇာတ်တော်ကြီးမှ စာပိုဒ်အချို့ကို အလွတ်ရွတ်ဆိုနိုင်ခဲ့သည်။ တက္ကသိုလ် ဥပစာတန်းတွင် စိတ်ကြိုက်မြန်မာစာကို ယူခဲ့ရာ စုံနံ့သာမြိုင် ရှာပုံတော်ကြီး တစ်ပုဒ်လုံး၊ လက်ဝဲသုန္ဒရ၏ ရတုများ၊ နေမိရကန်မှ စာပိုဒ်အချို့နှင့် ဦးပုည၏ ဝတ္ထုပေါင်းချုပ်မှ စာပိုဒ်တို့ကို အသံနေ အသံထားနှင့် ရွတ်ဆိုပြနိုင်သည်အထိ မြန်မာစာကို အသည်းစွဲခဲ့သည်။

တက္ကသိုလ်ဆရာဘဝတွင် စာပေသင်ကြားရာ၌ ဗဟုသုတများပြီး အာဝဇ္ဇန်းရွှင်ရွှင်ဖြင့် အသင်အပြကောင်းသူဖြစ်ကာ စာပေသင်ကြားရသည်ကိုလည်း ပျော်မွေ့နေသူဖြစ်သည်။ အားကစားတွင် ရေကူးခြင်း၊ လမ်းလျှောက်ခြင်းတို့ကို နှစ်သက်သူဖြစ်ပြီး နေ့စဉ်နံနက်တိုင်း တစ်နာရီခန့် ပုံမှန်လမ်းလျှောက်ကာ ကျန်းမာရေးလိုက်စားသူလည်း ဖြစ်သည်။ ဆရာကြီးသည် သူ၏ အဝတ်များကို လျှော်ဖွပ်ခြင်း၊ မီးပူတိုက်ခြင်းတို့ကို သူကိုယ်တိုင်ပင် ပြုလုပ်လေ့ရှိပြီး အခြားသူများအား သူ့ကြောင့် ဝန်ထုပ်ဝန်ပိုးများမည်ကို စိုးရိမ်တတ်သူဖြစ်သည်။ စာရေးခြင်း၊ စာဖတ်ခြင်းများဖြင့်သာ အချိန်အများဆုံးကုန်ဆုံးနေတတ်ပြီး မည်သည့်အလုပ်ကိုမဆို ဝီရိယရှိရှိနှင့် စွဲစွဲမြဲမြဲလုပ်ကိုင်တတ်သူလည်း ဖြစ်သည်။




**တက္ကသိုလ်မြေမှာ အနေကြာ**

ဆရာကြီးသည် ငယ်စဉ်က ပဲခူးမြို့၊ ဇိုင်းဂနိုင်းတောင်ပိုင်း၊ ဝက်ပါလမ်းတွင် မိသားစုနှင့်အတူ နေထိုင်ခဲ့သည်။ ၁၉၅၀ ပြည့်နှစ်၊ ဇွန်လတွင် ရန်ကုန်တက္ကသိုလ်သို့ ကျောင်းသားအဖြစ် စတင်ရောက်ရှိခဲ့ရာ စစ်ကိုင်းဆောင်တွင် လေးနှစ်တာ နေထိုင်ခဲ့သည်။ ရန်ကုန်တက္ကသိုလ်နယ်မြေတွင် တက္ကသိုလ်ကျောင်းသားဘဝ၊ သရုပ်ပြဆရာဘဝမှ ရန်ကုန်တက္ကသိုလ် ပါမောက္ခချုပ်ဖြစ်သည် အထိ ရာထူးအဆင့်အလိုက် အိမ်ရာအမျိုးမျိုးဖြင့် နေထိုင်လာခဲ့သည်။ အိမ်ထောင်လည်း ကျခဲ့ပြီး သားသမီးသုံးယောက်သည်လည်း ရန်ကုန်တက္ကသိုလ် ပရိဝုဏ်အတွင်းမှာပင် လူလားမြောက်ခဲ့ကြသည်။

၁၉၈၆ ခုနှစ်တွင် မန္တလေးတက္ကသိုလ်သို့ ပြောင်းရွှေ့ခဲ့ရာ မန္တလေးတက္ကသိုလ်ပါမောက္ခချုပ် နေအိမ်တွင် နေထိုင်ခဲ့သည်။ အလုပ်မှ အငြိမ်းစားယူပြီးနောက် ရန်ကုန်တိုင်းဒေသကြီး မရမ်းကုန်းမြို့နယ်၌ နေထိုင်ခဲ့သည်။ ထို့ကြောင့် ဆရာကြီးသည် မွေးဖွားရာဇာတိ ပဲခူးမြို့တွင် အသက် ၁၈ နှစ်တာကာလမျှသာ နေထိုင်ခဲ့ပြီး ရန်ကုန်တက္ကသိုလ်နယ်မြေတွင် ၃၅ နှစ်ကြာမျှ နေထိုင်ခဲ့သည်ဖြစ်ရာ ဆရာကြီးအနေကြာခဲ့ပြီး ပျော်မွေ့ခဲ့သည်မှာ ရန်ကုန်တက္ကသိုလ်ပရိဝုဏ်အတွင်းသာ ဖြစ်ပေသည်။

**လူမှုရေး၊ နိုင်ငံရေး တာဝန်များ**

ဆရာကြီးသည် ရန်ကုန်တက္ကသိုလ်စိတ်ပညာဌာနတွင် ရာထူးအဆင့်ဆင့်ဖြင့် တာဝန်ထမ်းဆောင်နေစဉ်တွင် အခြား လူမှုရေး၊ နိုင်ငံရေးတာဝန်များကိုလည်း ထမ်းဆောင်ခဲ့သည်။ အထူးသဖြင့် မြန်မာနိုင်ငံ သုတေသနအသင်း၏ အတွင်းရေးမှူးတာဝန်နှင့် တက္ကသိုလ်အနုပညာအသင်း၏ ပြဇာတ်တာဝန်ခံလည်းဖြစ်ရာ ကျောင်းဆင်းချိန်ညနေပိုင်းတွင် အဖွဲ့ဝင်ဆရာများ၊ တပည့်များနှင့် ဇာတ်စာဖတ်ခြင်း၊ ဇာတ်တိုက်ခြင်းတို့ ပုံမှန်ပြုလုပ်ခဲ့သည်။ ဆရာကြီးကိုယ်တိုင်လည်း ရန်ကုန်တက္ကသိုလ်၊ ဘာသာပေါင်းစုံ မောင်မယ်သစ်လွင်ကြိုဆိုပွဲအတွက် ကပြဖျော်ဖြေခဲ့သည့် “ဘိလပ်ပြန် မောင်သောင်းဖေ” ပြဇာတ်တွင် ဝတ်လုံတော်ရမောင်သောင်းဖေအဖြစ် ပါဝင်သရုပ်ဆောင်ခဲ့ရာ လူကြိုက်များ ကျော်ကြားခဲ့သည်။ ထို့ပြင် ရန်ကုန်တက္ကသိုလ်၏ နှစ် (၅၀) ပြည့် ရွှေရတုအထိမ်းအမှတ် ပဒေသာကပွဲတွင် ဆရာကြီး ဦးစီးဆောင်ရွက်ရသည့် ကိုလိုနီပညာရေးဆန့်ကျင်သည့် ပြဇာတ်ဖြစ်သော ၁၃၀၀ ပြည့် အရေးတော်ပုံ ပြဇာတ်မှာလည်း လူကြိုက်အများဆုံးဖြစ်သည်။ တစ်ချိန်တည်းမှာပင် ရန်ကုန်တက္ကသိုလ်လမ်းစဉ် လူငယ်အစည်းအရုံး(ဝိဇ္ဇာ)၏ ဥက္ကဋ္ဌ၊ ကမာရွတ်မြို့နယ် စာပေလုပ်သားအဖွဲ့၏ဥက္ကဋ္ဌ စသည့်တာဝန်များကိုလည်း ဆောင်ရွက်ခဲ့သည်။

**ပထမခြေလှမ်း**

ဆရာကြီး ဒေါက်တာကျော်စိန်က လူငယ်လမ်းညွှန်စာအုပ်တွင် “ဤစာရေးသူကား ၁၀ တန်းအောင်၍ တက္ကသိုလ်တွင် ပထမ၊ ဒုတိယနှစ်များသို့ ရောက်သည်အထိ တိကျသော ရည်မှန်းချက်မရှိသေးပေ။ စာရေးဆရာ၊ အယ်ဒီတာ၊ ကျောင်းဆရာ၊ အုပ်ချုပ်ရေးဝန်ထမ်းစသည်ဖြင့် အမျိုးစုံလုပ်ချင်နေ၏။ ဂျာနယ်ကျော် ဦးချစ်မောင်ကို အားကျ၍ စာရေးရင်း အယ်ဒီတာလုပ်လို၏။ မန်းတင်ကို အားကျ၍ အုပ်ချုပ်ရေးဝန်ထမ်းလုပ်ရင်း စာရေးလို၏။ ခေတ်စမ်းကဗျာဆရာတို့ကို အားကျ၍ တက္ကသိုလ် ဆရာလုပ်ရင်း စာရေးလို၏။ သို့သော် တကယ့်ပထမခြေလှမ်းကိုမူ ဘီအေအောင်ပြီးသည့်အခါတွင်မှ စဖြစ်၏။

အတိအကျဆိုရပါမူ ၁၉၅၄ ခုနှစ်၊ ဇွန်လဆန်းပိုင်းတွင် ပါမောက္ခ ဒေါက်တာလှဘူးနှင့် ဌာနမှူး ဒေါက်တာလှသွင်တို့က စိတ်ပညာဌာနတွင် နည်းပြဆရာ ဝင်လုပ်ရင်း မဟာဝိဇ္ဇာတန်း ဆက်တက်ဖို့ တိုက်တွန်းနှိုးဆော်သည့်အခါတွင်မှ *(ဆက်လက်ဖော်ပြပါမည်)*

# ပြည်ထောင်စုဝန်ကြီး ဦးမင်းသိန်းဇံ နေပြည်တော်ရှိ မြန်မာ့အားကစားအဖွဲ့များ လေ့ကျင့်နေမှု ကြည့်ရှုစစ်ဆေး

နေပြည်တော် ဩဂုတ် ၁၃

**အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမင်းသိန်းဇံသည် ယနေ့နံနက် ၉ နာရီတွင် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်မည့် မြန်မာအားကစားအဖွဲ့များ ဝဏ္ဏသိဒ္ဓိရှိ အားကစားကွင်း/ရုံ အသီးသီး၌ ကိုဗစ်-၁၉ စည်းကမ်းနှင့်အညီ လေ့ကျင့်ဆောင်ရွက်နေမှုများကို လိုက်လံ ကြည့်ရှုစစ်ဆေးသည်။**

ရှေးဦးစွာ ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ပီတန်းအားကစားလေ့ကျင့်ရေးရုံ၌ ပီတန်း အားကစားသမားများ လေ့ကျင့်နေမှုကိုလည်း ကောင်း၊ ဝဏ္ဏသိဒ္ဓိ ဖူဆယ်အားကစားရုံ၌ ဝူရှူး အားကစားနည်းမှ ဆန်းဆို(အတိုက်) အားကစား သမားများ လေ့ကျင့်နေမှုကိုလည်းကောင်း၊ လက်ဝှေ့ အားကစားရုံ၌ အားကစားသမားများ လေ့ကျင့်နေမှု ကိုလည်းကောင်း၊ ဘိလိယက်နှင့် စနူကာအားကစား ရုံ၌ အားကစားသမားများ လေ့ကျင့်နေမှုကိုလည်း ကောင်း**(ယာပုံ)**၊ တိုက်ကွမ်ဒို အားကစားရုံ၌ အားကစားသမားများလေ့ကျင့်နေမှုကို လည်းကောင်း၊ ပိုက်ကျော်ခြင်း အားကစားရုံ၌ အားကစားသမားများ လေ့ကျင့်နေမှုကိုလည်းကောင်း၊ ဗိုဗီနမ်အားကစားရုံ၌ အားကစားသမားများ လေ့ကျင့်နေမှုကိုလည်း ကောင်း၊ ဝဏ္ဏသိဒ္ဓိ (A) ရုံ၌ ဂျူဒိုအားကစားသမားများ လေ့ကျင့်နေမှုကိုလည်းကောင်း၊ ဝဏ္ဏသိဒ္ဓိ မြားပစ် အားကစားကွင်း၌ အားကစားသမားများ လေ့ကျင့် နေမှုကိုလည်းကောင်း လိုက်လံကြည့်ရှုစစ်ဆေးပြီး အားကစားသမားများကို စိတ်ဓာတ်မြှင့်တင်အားပေး စကား ပြောကြားသည်။

လက်ရှိ မြန်မာ့အားကစားအဖွဲ့များအနေဖြင့် နေပြည်တော် အားကစားလေ့ကျင့်ရေးစခန်းနှင့် ရန်ကုန် အားကစားလေ့ကျင့်ရေးစခန်းများတွင် လေ့ကျင့်မှုများအပြင် ပြည်ပနိုင်ငံများသို့ အလေးမ၊ ပြေးခုန်ပစ်၊ လက်ဝှေ့၊ လှေလှော်၊ ကနူး/ကယက် အားကစားနည်း(၅)မျိုးမှ အားကစားသမား ၇၉ ဦး ဖြင့် သွားရောက်လေ့ကျင့်လျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**



## ကိုဗစ်-၁၉ ကပ်ရောဂါ တတိယလှိုင်းကာလအတွင်း မသန်စွမ်းသူတို့၏ လိုအပ်ချက်များ ဖြည့်ဆည်းထောက်ပံ့ပေးနိုင်ရေးဆိုင်ရာ ညှိနှိုင်းအစည်းအဝေးကျင်းပ

**နေပြည်တော် ဩဂုတ် ၁၃**



ကိုဗစ်-၁၉ ကပ်ရောဂါ တတိယ လှိုင်းကာလအတွင်း မသန်စွမ်းသူ တို့၏ လိုအပ်ချက်များ ဖြည့်ဆည်း ထောက်ပံ့ ပေးနိုင်ရေးဆိုင်ရာ ညှိနှိုင်းအစည်းအဝေးကို ယနေ့ နံနက်ပိုင်းက လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည် နေရာချထားရေး ဝန်ကြီးဌာနရှိ အစည်းအဝေးခန်းမ၌ အွန်လိုင်း ဖြင့် ကျင်းပသည်။ **(ယာပုံ)**

အစည်းအဝေးတွင် ပြည် ထောင်စုဝန်ကြီး ဒေါက်တာ သက်သက်ခိုင်က ယခုအခါ၌ ကိုဗစ်-၁၉ ကပ်ရောဂါ၏ ဆိုးကျိုး သက်ရောက်မှုကို ကမ္ဘာ့နိုင်ငံ အသီးသီးတွင် ကြုံတွေ့နေရပြီး မသန်စွမ်းသူများ အပါအဝင် ထိခိုက်လွယ် အုပ်စုများသည် အခက်အခဲများ ပိုမိုခံစားနေရ ပါကြောင်း၊ ထို့ကြောင့် မိမိတို့ ဝန်ကြီးဌာနက မသန်စွမ်း ကိုယ်စားလှယ်တို့ကို ယခုကဲ့သို့ တွေ့ဆုံရခြင်း ဖြစ်ပါကြောင်း၊ လက်ရှိတွင် မသန်စွမ်းသူများ အတွက် ကနဦးထောက်ပံ့ကြေး အဖြစ် တစ်ဦးလျှင် ငွေကျပ် ၃၀၀၀၀ နှုန်းဖြင့် ထောက်ပံ့ကြေး ပေးအပ်လျက်ရှိပါကြောင်း။

မသန်စွမ်းသူများ ဘက်စုံ ဖွံ့ဖြိုး တိုးတက်နိုင်ရေးအတွက် မသန်စွမ်းသူများ၏ အခွင့်အရေး များဆိုင်ရာ အမျိုးသားအဆင့် မဟာဗျူဟာစီမံကိန်း (၂၀၂၁- ၂၀၂၅) မူကြမ်းကို အပြီးသတ် ရေးဆွဲချမှတ်နိုင်ရေး ဆောင်ရွက် လျက်ရှိပါကြောင်း၊ ထို့အပြင် မသန်စွမ်းသူများအတွက် အကျိုး ကျေးဇူးများ ရရှိခံစားနိုင်စေမည့် မသန်စွမ်းမှုအဆင့် သတ်မှတ်ခြင်း နှင့် မှတ်ပုံတင်ခြင်းလုပ်ငန်းစဉ် ပေါ်ထွက်လာစေရန် ဆောင်ရွက် လျက်ရှိပါကြောင်း၊ ယခု ကိုဗစ်- ၁၉ ကပ်ရောဂါ တတိယလှိုင်း ကာလအတွင်း မသန်စွမ်းသူများ ကြုံတွေ့ရသည့် အခက်အခဲ၊ လိုအပ်ချက် စသည်တို့ကို ဖြည့်ဆည်းထောက်ပံ့ပေးနိုင်ရန် ဝန်ကြီးဌာနအနေဖြင့် ဘတ်ဂျတ် အကန့်အသတ် ရှိသော်လည်း အကောင်းဆုံးဖြစ်စေရန် စီစဉ် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ပြောကြားသည်။

ဆက်လက်၍ ဒုတိယဝန်ကြီး ဦးအောင်ထွန်းခိုင်က မသန်စွမ်းသူ များ၏ လိုအပ်ချက်ကို မသန်စွမ်း သူများကိုယ်တိုင်နှင့် မသန်စွမ်း အဖွဲ့အစည်းများက ပိုမိုသိရှိပါ ကြောင်း၊ မိမိတို့အနေဖြင့် လုပ်ငန်း ဆောင်ရွက်ရာတွင်လည်း အစိုးရ တစ်ရပ်တည်းအနေဖြင့် ဆောင် ရွက်ခြင်းမျိုးမဟုတ်ဘဲ ပြည်သူ တို့နှင့် အနီးကပ်ပူးပေါင်း ဆောင် ရွက်လျက်ရှိပါကြောင်း၊ ထို့ကြောင့် မသန်စွမ်းအသင်းအဖွဲ့များအနေ ဖြင့် လိုအပ်သည်များ ညှိနှိုင်း၍ ဝိုင်းဝန်းပူးပေါင်း ဆောင်ရွက် ကြရန် လိုအပ်ပါကြောင်း ပြော ကြားသည်။

ထို့နောက် အစည်းအဝေး သို့ တက်ရောက်လာကြသည့် နေပြည်တော် ကောင်စီနယ်မြေ အပါအဝင် တိုင်းဒေသကြီး၊ ပြည်နယ်အဆင့် လူမှုဝန်ထမ်း ဦးစီးဌာနမှ ဦးစီးမှူးများ၊ မြန်မာ နိုင်ငံ မသန်စွမ်းသူများအသင်းချုပ်၊ တိုင်းဒေသကြီး၊ ပြည်နယ် အသီးသီးမှ မသန်စွမ်းကိုယ်စား လှယ်များ၊ မသန်စွမ်းသူများ၏ မိဘများက ကြုံတွေ့ရသည့် အခက်အခဲနှင့် လိုအပ်ချက်တို့ကို ဆွေးနွေးတင်ပြကြသည်။

ထို့နောက် ပြည်ထောင်စု ဝန်ကြီးက နိဂုံးချုပ်အမှာစကား ပြောကြားရာတွင် မသန်စွမ်းမှု အလိုက် သတင်းအချက်အလက် ရရှိရေးနှင့် ကိုဗစ်-၁၉ ကပ်ရောဂါ ကာကွယ်ဆေး ထိုးနှံနိုင်ရေးတို့ကို ဦးစားပေး ဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း၊ Quarantine Center များ၊ ဆေးရုံဆေးခန်းများ တွင် မသန်စွမ်းသူများအတွက် Barrier Free ဖြစ်စေရေး သက်ဆိုင်ရာများနှင့် ပူးပေါင်း ညှိနှိုင်း ဆောင်ရွက်ပေးမည် ဖြစ်ပါကြောင်း၊ မိမိတို့ဝန်ကြီးဌာန အနေဖြင့် ကိုဗစ်-၁၉ ကပ်ရောဂါ ကာလအတွင်း ဦးတည်အုပ်စု အလိုက် ပြုစုစောင့်ရှောက်ရမည့် စေတနာ့ဝန်ထမ်းသင်တန်းများကို အွန်လိုင်းမှတစ်ဆင့် ဆောင်ရွက် ပေးနေပါကြောင်း၊ မသန်စွမ်း အသင်းအဖွဲ့များ၏ ရန်ပုံငွေရရှိ ရေးကိုလည်း ကူညီဆောင်ရွက် ပေးမည် ဖြစ်ပါကြောင်း၊ မည်သူ တစ်ဦး တစ်ယောက်မျှ နောက်ကျ မကျန်ရစ်စေရေး အခြေခံမူနှင့် အညီ မသန်စွမ်းသူများအတွက် အခွင့်အရေးများ အသေအချာ ရရှိနိုင်ရေးအတွက် ပုဂ္ဂလိက လုပ်ငန်းရှင်များ၊ အစိုးရဌာနများ နှင့် ပူးပေါင်း၍ တိုးမြှင့်ဆောင်ရွက် သွားမည်ဖြစ်ပါကြောင်း ပြော ကြားခဲ့သည်။

**သတင်းစဉ်**

**ကျောဖုံးမှ*

ထိုသို့ ကိုဗစ်-၁၉ ကူးစက် ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသ ရေးဆိုင်ရာ ဆေးဝါးနှင့် ဆက်စပ် ပစ္စည်းများ ပြတ်လပ်မှုမရှိစေရန် လေကြောင်း၊ ရေကြောင်းနှင့် နယ်စပ်ကုန်သွယ်ရေးစခန်းများမှ စဉ်ဆက်မပြတ် တင်သွင်းနိုင်ရေး အတွက် စီစဉ်ဆောင်ရွက်ပေး လျက်ရှိရာ ယနေ့တွင် ရန်ကုန် အပြည်ပြည်ဆိုင်ရာ လေဆိပ်မှ Oxygen Concentrator ၂၂၀၅ ခု အပါအဝင် မူဆယ်၊ ချင်းရွှေဟော်၊ ကန်ပိုက်တီး၊ မြဝတီ ၊ တာချီလိတ်၊ ကော့သောင်း ကုန်သွယ်ရေးစခန်း များမှ အောက်ဆီဂျင် (အရည်) Bowser ယာဉ် နှစ်စီးဖြင့် ၃၆ တန်၊ အောက်ဆီဂျင် (အရည်)အိုးဖြင့် ၁၀ တန်၊ အောက်ဆီဂျင် (ဓာတ်ငွေ့) အိုးဖြင့် ငါးတန်၊ အောက်ဆီဂျင် (အရည်) Storage Container လေးခု၊ အောက်ဆီဂျင် (အရည်) Distributor ခြောက်ခု၊ အောက် ဆီဂျင်အိုး(အခွံ) ၆၁၅၄ ခု၊ Oxygen Plant နှစ်ခု၊ အိမ်သုံး အောက်ဆီဂျင်စက် (Oxygen Concentrator) ၃၃၁ ခု၊ PPE ဝတ်စုံ ၃၁၆၈၀ ၊ လက်အိတ် ၁၂ တန်နှင့် နှာခေါင်းစည်း(Mask) ၃၉ တန် တင်သွင်းနိုင်ခဲ့သည်။ အထက်ပါ ပစ္စည်းများအား ကုမ္ပဏီ ၂၂ ခုမှ ယာဉ်စီးရေ ၅၂ စီးဖြင့် တင်သွင်းလာခြင်း ဖြစ်သည်။

ဩဂုတ်လအတွင်း ယာဉ်စီး ရေ ၇၄၉ စီးဖြင့် အောက်ဆီဂျင် (အရည်) Bowser ယာဉ်ဖြင့် ၆၆၄ တန်၊ အောက်ဆီဂျင်(အရည်) အိုး ဖြင့် ၁၆၆ တန်၊ အောက်ဆီဂျင် (ဓာတ်ငွေ့) အိုးဖြင့် ၇၁ တန်၊ အောက်ဆီဂျင် (အရည်) Storage Container လေးခု၊ အောက်ဆီဂျင် (အရည်) Distributor ခြောက်ခု၊ အောက်ဆီဂျင်(အိုးခွံ) ၈၉၈၃၃ ခု၊ Oxygen Plant ၂၂ ခု၊ အောက်ဆီ ဂျင် (Generator) ၁၀ ခု၊ အိမ်သုံး အောက်ဆီဂျင်စက် (Oxygen Concentrator) ၆၇၃၈၅ ခု၊ Test Kit ၁၅၀၂၆၈ ခု၊ PPE ၄၃၂၃၂ စုံ၊ လက်အိတ် ၇၂ တန်နှင့် နှာခေါင်းစည်း (Mask) ၉၄၆ တန် တင်သွင်းခွင့်ပြုခဲ့ပြီးဖြစ်သည်။

ဇူလိုင်မှ ဩဂုတ် ၁၃ ရက် အထိ ပြည်ပမှ တင်သွင်းလာသည့် အောက်ဆီဂျင်အရည်(Bowser) ယာဉ် စုစုပေါင်း ၆၇ စီးမှာ ရန်ကုန် မြို့သို့ အစီး ၅၀၊ မန္တလေးမြို့သို့ ၁၁ စီး ၊ ပဲခူးမြို့သို့ နှစ်စီး၊ မော်လမြိုင်မြို့သို့ သုံးစီး၊ သထုံမြို့ သို့တစ်စီး ဖြစ်ကြောင်း သိရှိရသည်။ Oxygen Plant စုစုပေါင်း ၃၀ မှာ လားရှိုးမြို့သို့ ငါးခု၊ ရန်ကုန်မြို့သို့ လေးခု၊ ပဲခူးမြို့သို့ လေးခု၊ မန္တလေး မြို့သို့ သုံးခု၊ ပခုက္ကူမြို့သို့ နှစ်ခု ၊ ဘားအံမြို့သို့ နှစ်ခု၊ မော်လမြိုင် မြို့သို့ နှစ်ခု၊ တောင်ကြီး၊ သံဖြူဇရပ်၊ မကွေး၊ ထားဝယ်၊ ဝါးခယ်မ၊ မြစ်သား၊ ကျောက်ပန်းတောင်း မြို့နှင့် မိုးကောင်းမြို့များသို့ တစ်ခုစီဖြစ်ကြောင်း သိရှိရ သည်။

စီးပွားရေးနှင့် ကူးသန်းရောင်း ဝယ်ရေး ဝန်ကြီးဌာနအနေဖြင့် ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဆိုင်ရာ ပစ္စည်း များကို သက်ဆိုင်ရာဌာနများနှင့် ညှိနှိုင်းထားသည့် SOP များနှင့် အညီ ဦးစားပေးတင်သွင်းခွင့်ပြု ပေးလျက်ရှိပါကြောင်းနှင့် ဆေးဝါး နှင့်ဆက်စပ်ပစ္စည်းများ တင်သွင်း ခြင်းနှင့်ဆက်စပ်သည့် အသိပေး ကြေညာချက်များကိုလည်း အများ ပြည်သူများသိရှိစေရန် ဝန်ကြီး ဌာန Website ဖြစ်သည့် commerce.gov.mm တွင် ဝင် ရောက် ကြည့်ရှုနိုင်ရေး စီစဉ် ဆောင်ရွက်ပေးထားပါကြောင်း သိရသည်။

**သတင်းစဉ်**

# ဒုတိယဝန်ကြီး ဒေါက်တာအေးထွန်းနှင့်အဖွဲ့ ဗဟိုဆေးသိုလှောင်ရေးဌာန(ရန်ကုန်)နှင့် ကိုဗစ်-၁၉ ကုသရေးဌာနများသို့ ဆေးဝါးများခွဲဝေဖြန့်ဖြူးပေးမှု ကြီးကြပ်ကြည့်ရှု

**နေပြည်တော် ဩဂုတ် ၁၃**

ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာအေးထွန်းသည် ကုသရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါက်တာသီတာလှနှင့် တာဝန်ရှိသူများနှင့်အတူ ဩဂုတ် ၁၁ ရက်တွင် ရန်ကုန်မြို့ ဗဟိုဆေးသိုလှောင်ရေးဌာနသို့ သွားရောက်၍ ကိုဗစ်-၁၉ ရောဂါခံစားနေရသော လူနာများအတွက် ကျန်းမာရေးဝန်ကြီးဌာနမှ Multivitamin tablets နှင့် Paracetamol tablets များကို ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ ဆေးရုံကြီးများနှင့် ကိုဗစ်-၁၉ ကုသရေးဌာနများသို့ ခွဲဝေဖြန့်ဖြူးနေမှုကို ကြီးကြပ်ကြည့်ရှုသည်။

ဆက်လက်၍ ဒုတိယဝန်ကြီးနှင့် အဖွဲ့သည် ရန်ကုန်မြို့ ကိုဗစ်-၁၉ကုသရေးဌာန(မရမ်းကုန်း)တွင် တာဝန်ရှိသူများနှင့် တွေ့ဆုံကာ ကုသမှုခံယူနေသော ကိုဗစ်လူနာများအတွက် Paracetamol tablets အလုံး ၃၀၀၀၀နှင့် Multivitamins tablets အလုံး ၃၀၀၀၀ ကို ထောက်ပံ့ပေးအပ်သည်။

ထို့နောက် ဒုတိယဝန်ကြီးနှင့်အဖွဲ့သည် ရန်ကုန်မြို့ ကိုဗစ်-၁၉ကုသရေးဌာန(MCC) သို့ သွားရောက်ခဲ့ပြီး အဆိုပါ ကိုဗစ်-၁၉ကုသရေးဌာနတွင် ကုသမှုခံယူနေသော ကိုဗစ်လူနာများအတွက် Paracetamol tablets အလုံး ၁၀၀၀၀နှင့် Multivitamins tablets အလုံး ၁၀၀၀၀ ကို ပေးအပ်သည်။

အဆိုပါဆေးဝါးနှစ်မျိုးကို ဩဂုတ် ၁၀ ရက်နှင့် ၁၁ ရက်တို့တွင် တိုင်းဒေသကြီး၊ ပြည်နယ် အားလုံးသို့ Myan Express ဖြင့် ဖြန့်ဖြူးပေးခဲ့ရာ စုစုပေါင်း Paracetamol tablets ၆ ဒသမ ၅ သန်းနှင့် Multi-vitamins tablets ၁၀ သန်းကို ဖြန့်ဖြူးပေးခဲ့ကြောင်းနှင့် ကိုဗစ်-၁၉ ရောဂါ ခံစားနေရသော လူနာများကို အဓိက ထောက်ပံ့ပေးရန်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**



# ရန်ကုန်တိုင်းဒေသကြီးအတွင်း အိမ်သုံးဆေးဝါးများ သိုလှောင်ပြီး အမြတ်တင်ရောင်းချနေသည့် ဆေးဂိုဒေါင်များကို စိစစ်အရေးယူ

**ရန်ကုန် ဩဂုတ် ၁၃**



ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့သည် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ လမ်းညွှန်ချက်နှင့်အညီ ရန်ကုန်တိုင်းဒေသကြီးအတွင်း ကိုဗစ်-၁၉ ရောဂါ တတိယလှိုင်း ဖြစ်ပွားနေစဉ် ကာလအတွင်း အများပြည်သူအတွက် ဆေးဝါးဈေးနှုန်းမြင့်မားခြင်းမရှိစေရန် ရည်ရွယ်၍ ဆေးဂိုဒေါင်များကို မြို့နယ်အလိုက် အဖွဲ့များဖွဲ့၍ စစ်ဆေးဆောင်ရွက်လျက်ရှိသည်။

ထိုသို့ ဆောင်ရွက်ရာတွင် နေ့စဉ် ရောင်းဝယ်နေမှုများကို မထိခိုက်စေရန် ဆေးဝါးဖြန့်ချိရောင်းချနေသော မင်္ဂလာဈေး၊ ရွှေပြည့်စုံဈေး၊ သိမ်ကြီးဈေး၊ ဗိုလ်ချုပ်ဈေးမှ လက်လီလက်ကား ဆိုင်ကြီးများကို ဝင်ရောက်စစ်ဆေးခြင်း မပြုဘဲ သီးသန့်ဂိုဒေါင်များဖြင့် သိုလှောင်ထားသော ဆေးဂိုဒေါင် ၂၂ ခုကို မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ မြို့နယ်ရဲတပ်ဖွဲ့၊ သတင်းရဲတပ်ဖွဲ့၊ အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာန၊ စားသုံးသူရေးရာဦးစီးဌာန၊ အစားအသောက်နှင့် ဆေးဝါးများကွပ်ကဲရေးဦးစီးဌာန၊ မြို့နယ်ကျန်းမာရေးဦးစီးဌာန၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့တို့ပါဝင်သော ပူးပေါင်းအဖွဲ့သည် သက်ဆိုင်ရာရပ်ကွက်အုပ်ချုပ်ရေးမှူးများ၊ ဆေးဂိုဒေါင်ပိုင်ရှင်နှင့် ကိုယ်စားလှယ်များ ရှေ့မှောက်တွင် ဂိုဒေါင်လက်ကျန်စာရင်းကောက်ယူခြင်း၊ ကုန်ပစ္စည်း အဝင်အထွက်လယ်ဂျာများ စစ်ဆေးခြင်း၊ ခွင့်ပြုချက်လိုင်စင်ရှိ/မရှိ၊ ယခင်ကပင် ဆေးပစ္စည်းများ တင်သွင်းရောင်းချခြင်း (သို့မဟုတ်) ယခုကာလမှသာ ဈေးကွက်အတွင်းမှ ဆေးပစ္စည်းများကို ဝယ်ယူသိုလှောင်ခြင်း၊ ပစ္စည်းများကို ထိန်းချုပ်ထားခြင်း (သို့မဟုတ်) အမြတ်ကြီးစား ရောင်းချရန် ရည်ရွယ်သိုလှောင်ခြင်း ရှိ/ မရှိ ဒုတိယနေ့အဖြစ် ထပ်မံဖော်ထုတ်စစ်ဆေးမှုများကို ဆောင်ရွက်လျက်ရှိသည်။

ပူးပေါင်းစစ်ဆေးရေးအဖွဲ့မှ စိစစ်နေစဉ် ကာလအတွင်း ဆေးဝါးများ ပုံမှန်ရောင်းချခြင်းလုပ်ငန်း ထိခိုက်မှုမရှိစေရန် ဈေးကွက်အတွင်းသို့ ပို့ဆောင်လိုပါကလည်း ပို့ဆောင်မည့် ပစ္စည်းစာရင်းနှင့် ပို့ဆောင်မည့် ဒေသကို မှတ်သား၍ လွတ်လပ်စွာ ပို့ဆောင်ခွင့်ပြုထားပြီး ဩဂုတ် ၁၂ ရက်တွင် ဂိုဒေါင် ၂၂ လုံးကို ပူးပေါင်းအဖွဲ့ဖြင့် ထပ်မံစစ်ဆေးသဖြင့် ဆေးဝါးဈေးကွက်အတွင်း လက်လီလက်ကားရောင်းချသော ဈေးများတွင် အများပြည်သူ အသုံးများသော ဆေးများ၏ ဈေးနှုန်းများ သိသိသာသာ ကျဆင်းသွားကြောင်း သိရှိရသည်။

ဒုတိယအသုတ် စစ်ဆေးနေသော ဆေးဂိုဒေါင်များအနက် ဈေးနှုန်းမြှင့်တင်ရန် ရည်ရွယ်ချက်ဖြင့် ထိန်းချုပ်ရောင်းချခြင်း၊ ပြည်တွင်း ပြည်ပမှ ဝယ်ယူတင်သွင်းသည့် အထောက်အထားများ တင်ပြနိုင်မှုမရှိခြင်း၊ သိုလှောင်ထားသည့် ပမာဏများပြားသဖြင့် ဈေးကစားရန် ရည်ရွယ်ချက်ဖြင့် သိုလှောင်ထားခြင်းများတွေ့ရှိသဖြင့် ဥပဒေနှင့်အညီ ထိထိရောက်ရောက် အရေးယူသွားမည်ဖြစ်သည်။ ပုံမှန်ရောင်းချလျက်ရှိသည့် ဂိုဒေါင်များကို ဆေးဝါးများ ဈေးနှုန်းမမြင့်မားစေရန်၊ ဈေးကွက်အတွင်း ဆေးဝါးဖြန့်ဖြူးမှု ထိန်းချုပ်ခြင်းမပြုရန်၊ အမြတ်ကြီးစား ရောင်းချခြင်းမပြုရန် သတိပေးပြီး ခံဝန်ကတိလက်မှတ်ရေးထိုးစေမည်ဖြစ်ပြီး လုပ်ထုံးလုပ်နည်းနှင့်အညီ ပုံမှန်တင်သွင်း ဖြန့်ဖြူးရောင်းချသော ကုမ္ပဏီများကို တစ်စုံတစ်ရာ အရေးယူဆောင်ရွက်ခြင်း ပြုမည်မဟုတ်ကြောင်း သိရှိရသည်။

ဩဂုတ် ၁၃ ရက်တွင်လည်း အိမ်သုံးဆေးဝါး သိုလှောင်သည့် ဂိုဒေါင်ကိုးလုံးကို ပူးပေါင်းအဖွဲ့ဖြင့် ထပ်မံစစ်ဆေးလျက်ရှိကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

** ကျော့ဖုံးမှ*

ကိုဗစ်-၁၉ သံသယလူနာများ၊ ဓာတ်ခွဲအတည်ပြုလူနာနှင့် အနီးကပ်ထိတွေ့ခဲ့သူများနှင့် အသွားအလာကန့်သတ်ထားရှိသူများအား ကိုဗစ်-၁၉ ရောဂါရှိ၊ မရှိ ဓာတ်ခွဲစမ်းသပ်စစ်ဆေးခြင်းအား ပုံမှန်ဆောင်ရွက်လျက်ရှိရာ (၁၂-၈-၂၀၂၁)ရက်နေ့၊ ည (၈:၀၀) နာရီမှ (၁၃-၈-၂၀၂၁)ရက်နေ့၊ ည (၈:၀၀) နာရီအတွင်း ဓာတ်ခွဲနမူနာ စုစုပေါင်း(**၁၃,၀၂၁**)ခုအား စစ်ဆေးပြီးစီးခဲ့ရာ ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် (၃,၄၅၆ ) ဦး တွေ့ရှိရပါသည်။

သို့ဖြစ်ပါ၍ ယနေ့အထိ ဓာတ်ခွဲနမူနာစုစုပေါင်း (၃,၃၂၃,၈၂၆) ခုအား စစ်ဆေးခဲ့ပြီး ကိုဗစ်-၁၉ ဓာတ်ခွဲအတည်ပြုလူနာ စုစုပေါင်း (၃၄၈,၁၈၆) ဦး ရှိပြီဖြစ်ပါသည်။

ယနေ့တွင် ဆေးရုံဆင်းခွင့်ရရှိသူ (၃,၁၄၇) ဦး ဖြစ်သဖြင့် ယနေ့အထိ စုစုပေါင်း (၂၆၃,၁၇၂)ဦး ဆေးရုံမှဆင်းခွင့်ရရှိပြီး ဖြစ်ပါသည်။ ကိုဗစ်-၁၉ ရောဂါဖြင့် ထပ်မံသေဆုံးသူ (၂၁၂) ဦးရှိသဖြင့် ယနေ့အထိ သေဆုံးသူ စုစုပေါင်း (၁၂,၈၇၉) ဦး ရှိပါသည်။

**ဓာတ်ခွဲခန်းများနှင့် တိုင်းဒေသကြီး/ ပြည်နယ်များတွင် ဓာတ်ခွဲစမ်းသပ်မှုအခြေအနေ**
**(၁၃-၈-၂၀၂၁) ရက်နေ့၊ ည (၈:၀၀) နာရီ**

| ဓာတ်ခွဲဌာနအမည် | စစ်ဆေးခဲ့သည့် ဓာတ်ခွဲနမူနာ စုစုပေါင်း | ပိုးတွေ့ လူနာသစ် |
|---|---|---|
| ကျန်းမာရေးဝန်ကြီးဌာန ဓာတ်ခွဲခန်းများ | (၁,၁၅၄)ခု | (၃၅၃)ဦး |
| နေပြည်တော်ကောင်စီ၊တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ ဆေးရုံများတွင် GeneXpert စက်များဖြင့် ဓာတ်ခွဲစမ်းသပ်မှုအခြေအနေ | (၇၅)ခု | (၄၃)ဦး |
| ရန်ကုန်မြို့၊ အမှတ် (၁) တပ်မတော်ဆေးရုံကြီး (ခုတင် ၁၀၀၀) | (၃၃၃)ခု | (၆၀)ဦး |
| နေပြည်တော်၊ အမှတ် (၂) တပ်မတော်ဆေးရုံကြီး (ခုတင် ၁၀၀၀) | (၄၁၉)ခု | (၁၃၆)ဦး |
| ပုဂ္ဂလိကဆေးရုံနှင့် ဓာတ်ခွဲခန်းများ | (၄၄၀)ခု | (၃၃)ဦး |
| နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ ဆေးရုံများတွင် COVID-19 Rapid Antigen Diagnostic Test စစ်ဆေးမှုအခြေအနေ | (၁,၅၃၉)ခု | (၅၆၀)ဦး |
| နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာနများတွင် COVID-19 Rapid Antigen Diagnostic Test စစ်ဆေးမှုအခြေအနေ | (၉,၀၆၁)ခု | (၂,၂၇၁)ဦး |
| **စုစုပေါင်း** | (၁၃,၀၂၁)ခု | (၃,၄၅၆)ဦး |

- ကျန်းမာရေးဝန်ကြီးဌာနမှ ထုတ်ပြန်ထားသည့် "ရုံးလုပ်ငန်းဌာနများတွင် ကိုဗစ်-၁၉ ရောဂါကာကွယ်ရန်အတွက် ဆောင်ရွက်ရမည့် လုပ်ငန်းလမ်းညွှန်" နှင့် "တစ်ဦးကိုတစ်ဦး အသိပေးခြင်း/ သတိပေးခြင်း မိသားစုစီမံချက်" အတိုင်း ကိုဗစ်-၁၉ ရောဂါ ကာကွယ်ရေးနည်းလမ်းများအား အသိပေးခြင်းနှင့် သတိပေးခြင်းတို့ကို လူတိုင်း၊ မိသားစုတိုင်းမှ တက်ကြွစွာ ပူးပေါင်းပါဝင်ဆောင်ရွက်ကြပါရန် မေတ္တာရပ်ခံပါသည်။
- ကိုဗစ်-၁၉ ရောဂါဆိုင်ရာ သတင်းအချက်အလက်များကို ကျန်းမာရေးဝန်ကြီးဌာန၏ တရားဝင်အင်တာနက်စာမျက်နှာ www.mohs.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

ကျန်းမာရေးဝန်ကြီးဌာန

# အယ်လ်ဂျီးရီးယား၌ တောမီးလောင်မှုကြောင့် လူ ၆၉ ဦးထက်မနည်း သေဆုံး

**အယ်လ်ဂျီးယား ဩဂုတ် ၁၃**

အာဖရိကမြောက်ပိုင်းနိုင်ငံဖြစ်သည့် အယ်လ်ဂျီးရီးယားတွင် တောမီးအကြီးအကျယ်လောင်မှုဖြစ်ပွားရာ လူ ၆၉ ဦးထက်မနည်း သေဆုံးပြီး ၁၀၀၀ ကျော် ဒဏ်ရာရရှိခဲ့သည်ဟု သိရသည်။ ဩဂုတ် ၉ ရက်မှစတင်ကာ တောမီးလောင်ခဲ့ခြင်းဖြစ်ပြီး မြောက်ပိုင်း ကပ်ဘိုင်လီဒေသတွင် စတင်လောင်ခဲ့ခြင်းဖြစ်သည်။

တောမီးလောင်မှုကို ငြိမ်းသတ်ရန်ကြိုးပမ်းနေသည့်မီးသတ်သမားများအပါအဝင် လူပေါင်း ၆၉ ဦး ထက်မနည်း အသက်ဆုံးရှုံးခဲ့ရသည်ဟု နိုင်ငံပိုင်သတင်းအေဂျင်စီကကြေညာခဲ့သည်။ မိသားစုပေါင်း ၆၀၀ မှာလည်း ၎င်းတို့၏နေအိမ်များ ဆုံးရှုံးသွားပြီဖြစ်ပြီး လူပေါင်း ၁၀၀၀ မှာ ဒဏ်ရာရရှိခဲ့သည်ဟု ဩဂုတ် ၁၁ ရက်တွင် အယ်လ်ဂျီးရီးယားအာဏာပိုင်များက သတင်းထုတ်ပြန်ခဲ့သည်။

ပြင်သစ်နိုင်ငံနှင့် အခြားသောနိုင်ငံများမှ မီးသတ်သမားများလည်း တောမီးကိုငြိမ်းသတ်နိုင်ရေးအတွက် ပါဝင်ကူညီခဲ့ကြသည်။ ငါးရက်တာကာလအတွင်း တောမီးကိုငြိမ်းသတ်နိုင်ရေးအတွက် အပြင်းအထန်ကြိုးပမ်းခဲ့ရာ ဘာမျှမကျန်တော့ကြောင့် လျှပ်စစ်မီး၊ရေနှင့် လောင်စာလည်းမရတော့ကြောင်းဒေသခံတစ်ဦးက ပြောသည်။

တောမီးလောင်မှုနှင့်ပတ်သက်သည့် လူ ၂၂ ဦးကိုထိန်းသိမ်းထားကြောင်းလည်း ဒေသခံအာဏာပိုင်များက ပြောသည်။ ဇူလိုင်လနှောင်းပိုင်းမှ စတင်ကာ အီတလီ၊ တူရကီနှင့် ဂရိနိုင်ငံတို့တွင် စံချိန်တင်အပူလှိုင်းနှင့် ရာသီဥတုပူနွေးမှုတို့ကြောင့် တောမီးလောင်မှုများ ဖြစ်ပေါ်ခဲ့သည်။

အင်န်အိတ်ချ်ကေ



အယ်လ်ဂျီးရီးယားနိုင်ငံ၌ တောမီးလောင်မှုကို ငြိမ်းသတ်နိုင်ရေး ကြိုးပမ်းနေကြစဉ်။

# အိန္ဒိယအပါအဝင် အခြားသောကိုးနိုင်ငံမှ ခရီးသွားများ ဖိလစ်ပိုင်နိုင်ငံအတွင်း လာရောက်ခြင်း ပိတ်ပင်မှုကာလ သက်တမ်းတိုး

**မနီလာ ဩဂုတ် ၁၃**

ဖိလစ်ပိုင်နိုင်ငံသည် နိုင်ငံအတွင်း ဗီဇပြောင်းကိုဗစ် -၁၉ ဒယ်လ်တာ ကူးစက်မှုများကြောင့် အိန္ဒိယနိုင်ငံအပါအဝင် အခြားသောနိုင်ငံကိုးနိုင်ငံမှခရီးသွားများကို ဖိလစ်ပိုင် နိုင်ငံအတွင်းသို့ လာရောက်ခြင်း ပိတ်ပင်မှုကာလကို ဩဂုတ် ၃၁ ရက်အထိအချိန်တိုးမြှင့်လိုက်သည်ဟု ဩဂုတ် ၁၃ ရက်တွင် သမ္မတရုံး ပြောရေးဆိုခွင့်ရှိသူ ဟာရီရိုဒ်ဂ်က ပြောသည်။ ဒယ်လ်တာ ဗိုင်းရပ်စ်ကူးစက်မှုမှာ ဖိလစ်ပိုင်နိုင်ငံတစ်လွှား ပျံ့နှံ့နေပြီဖြစ်သည်။ ဒယ်လ်တာ ဗိုင်းရပ်စ် ကူးစက်မှုပေါင်း ၆၂၇ ဦးရှိပြီး သေဆုံးသူ ၁၁ ဦးရှိပြီဖြစ်သည်။ အိန္ဒိယနိုင်ငံအပြင် ဒယ်လ်တာ ဗိုင်းရပ်စ် ကူးစက်ပျံ့နှံ့နေသည့် မလေးရှား၊ ထိုင်း၊ အင်ဒိုနီးရှား၊ ပါကစ္စတန်၊နီပေါ၊ ဘင်္ဂလားဒေ့ရှ်၊ သီရိလင်္ကာ၊ အိုမန်နှင့် ယူအေအီး နိုင်ငံတို့မှ ခရီးသွားများကို ဖိလစ်ပိုင်နိုင်ငံသို့ လာရောက်ခွင့်ပိတ်ပင်ထားသည်။

သို့သော်လည်း အခြားသောနိုင်ငံများသို့ ရောက်ရှိနေသော ဖိလစ်ပိုင်နိုင်ငံသား အလုပ်သမားများကို နေရပ်ပြန်ပို့နိုင်ရေး အစီအစဉ်ဖြင့် နိုင်ငံအတွင်းသို့ ပြန်လာရန် စီစဉ်ပေးထားသည်။ သို့သော်လည်း ၎င်းတို့သည် နိုင်ငံအတွင်းသို့ ပြန်ရောက်လာသည့်အခါ ၁၄ ရက် သီးသန့်ခွဲနေထိုင်ရမည်ဖြစ်သည်။ ဖိလစ်ပိုင်နိုင်ငံသည် ကိုဗစ် -၁၉ ကို ဆိုးရွားစွာရင်ဆိုင်နေရသည့်အပြင် ဗီဇပြောင်းကူးစက်မှု၏ နှိပ်စက်မှုနှင့်ပါ ကြုံတွေ့နေရသည်။ ထို့ကြောင့် အစိုးရသည် မြို့တော်မနီလာနှင့် အခြားသော ဒေသများတွင် တင်းကျပ်သည့် အသွားအလာပိတ်ဆို့ကန့်သတ်မှု ပြန်လည်ချမှတ်ထားရသည်။ ဖိလစ်ပိုင်နိုင်ငံတွင် ကိုဗစ် -၁၉ ကူးစက်ခံရသူ ၁ ဒသမ ၇ သန်းကျော်ရှိပြီး သေဆုံးသူ ၂၉၅၃၉ ဦး ရှိသည်။

ဆင်ဟွာ


မနီလာမြို့၌ လန်ချားသမားတစ်ဦးအား ကိုဗစ်-၁၉ ကာကွယ်ဆေးထိုးပေးနေစဉ်။

# အက်စ်ထရာဇနီကာ ကိုဗစ်-၁၉ ကာကွယ်ဆေး တတိယအသုတ် လစ်ဗျားနိုင်ငံက လက်ခံရရှိ

**ထရီပိုလီ ဩဂုတ် ၁၃**

အက်စ်ထရာဇနီကာ ကိုဗစ် -၁၉ ကာကွယ်ဆေး တတိယအသုတ်ပေးပို့မှုကို လစ်ဗျားနိုင်ငံက ဩဂုတ် ၁၂ ရက်တွင် လက်ခံရရှိခဲ့သည်ဟု ကုလသမဂ္ဂကလေးများ ရန်ပုံငွေအဖွဲ့ (ယူနီဆက်ဖ်)က ပြောသည်။ တတိယအသုတ် ကာကွယ်ဆေးပေးပို့မှုတွင် ကာကွယ်ဆေးအလုံးရေ ၁၁၇၆၀၀ ပါဝင်ပြီး ထရီပိုလီရှိ အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ပေးပို့ခဲ့ကြောင်း သိရသည်။



အဆိုပါကာကွယ်ဆေးများဖြင့်တိုင်းပြည်အတွင်း ကာကွယ်ဆေးထိုးနှံပေးမှုအစီအစဉ်ကိုမြှင့်တင်ပေးနိုင်မည်ဟု ယူနီဆက်ဖ်က ပြောသည်။ လစ်ဗျားနိုင်ငံသည် ကိုဗက် အစီအစဉ်တွင်ပါဝင်သည့် နိုင်ငံတစ်နိုင်ငံဖြစ်ရာ ဧပြီလအတွင်း ကာကွယ်ဆေးအလုံးရေ ၅၇၆၀၀ လက်ခံရရှိခဲ့ကာ မေလအတွင်း ဒုတိယအသုတ်အဖြစ် ကာကွယ်ဆေးအလုံးရေ ၁၁၇၆၀၀ လက်ခံရရှိခဲ့ပြီးဖြစ်ကြောင်း ယူနီဆက်ဖ်က ကြေညာထားသည်။ လစ်ဗျားနိုင်ငံသည်မကြာသေးမီအချိန်အတွင်းကလည်း တရုတ်နိုင်ငံထုတ် Sinopharm ကာကွယ်ဆေးများ လက်ခံရရှိထားပြီးဖြစ်သည်။ လစ်ဗျားနိုင်ငံတွင် ဩဂုတ် ၁၂ ရက်အထိ ကူးစက်မှုပေါင်း ၂၇၆၇၃၉ ဦး တွေ့ရှိထားပြီးသေဆုံးသူ ၃၈၃၅ ဦးရှိသည်ဟု အမျိုးသားရောဂါ ထိန်းချုပ်ရေးစင်တာ၏ အချက်အလက်များအရ သိရသည်။

ဆင်ဟွာ

# မကြုံစဖူး သဘာဝဘေးအန္တရာယ် ကျရောက်နိုင် ဟီရိုရှီးမားရှိဒေသခံများအား သတိပေး

**တိုကျို ဩဂုတ် ၁၃**

ဂျပန်နိုင်ငံမိုးလေဝသအေဂျင်စီက ဟီရိုရှီးမားမြို့တွင် မိုးသည်းထန်စွာရွာသွန်းမည့် အရေးပေါ်သတိပေးချက်ကိုထုတ်ပြန်ထားသည်။ ရေကြီးမှုများနှင့်မြေပြိုမှုများလည်းဖြစ်ပွားနိုင်သဖြင့် ပြည်သူများနိုးနိုးကြားကြားနေကြရန်လည်း မိုးလေဝသအေဂျင်စီက သတိပေးချက်ထုတ်ပြန်ထားသည်။

သတိပေးမှုသတ်မှတ်ချက်မှာ အဆင့်ငါးဖြစ်ပြီး ဩဂုတ်လ ၁၃ ရက်နံနက် ၈နာရီ ၄၅ မိနစ်တွင် ထုတ်ပြန်ခဲ့ခြင်းဖြစ်သည်။ ဆယ်စုနှစ်များစွာအတွင်းမကြုံဖူးသည့် သဘာဝဘေးအန္တရာယ်ကျရောက်နိုင်သည်ဟု သတိပေးထားခြင်းဖြစ်သည်။ ဒေသခံပြည်သူများအနေဖြင့် အပြင်ဘက်အခြေအနေများကို မကြာခဏ လေ့လာစောင့်ကြည့်ကြရန်နှင့် အကယ်၍ ခိုလှုံရာနေရာသို့သွားရန် အန္တရာယ်များပြားပါက အနီးအနားရှိ အခိုင်အမာဆောက်လုပ်ထားသော အဆောက်အအုံများသို့ ရွှေ့ပြောင်းနေထိုင်ခြင်းများ ပြုလုပ်ကြရန်လည်း တိုက်တွန်းထားသည်။

ထို့ပြင်အနိမ့်ပိုင်းတွင် နေထိုင်ကြသူများ မြစ်ရေကြီးခြင်းနှင့် မြေပြိုမှုအန္တရာယ်များနှင့်လည်း ကြုံတွေ့နိုင်ကြောင်း သတိပေးထားသည်။ ပြည်သူများ နေအိမ်အပြင်ထွက်လျှင် အန္တရာယ်များပြားပြီး ဒုတိယအထပ် သို့မဟုတ် အထပ်မြင့်များတွင် နေထိုင်ကြရန်နှင့် ဆင်ခြေလျှောများနှင့် ကျောက်ဆောင်အစွန်အဖျားများတွင် နေထိုင်မှုများ မပြုကြရန်လည်း တိုက်တွန်းထားသည်။

အင်န်အိတ်ချ်ကေ

...........................................

# လူသားချင်းစာနာထောက်ထားမှု အစီအစဉ်များတွင် ပူးပေါင်းဆောင်ရွက်မှုမြှင့်တင်ရန် ဂျော်ဒန်၊ အီရတ်နှင့် အီဂျစ်တို့ သဘောတူ

**အမ္မန် ဩဂုတ် ၁၃**

ဂျော်ဒန်၊ အီရတ်နှင့်အီဂျစ်နိုင်ငံတို့သည် လူသားချင်းစာနာထောက်ထားမှု ပူးပေါင်းဆောင်ရွက်မှုတို့တွင် အရှိန်မြှင့်တင်သွားရန် သဘောတူလက်မှတ်ရေးထိုးခဲ့ကြသည်။ အဆိုပါသဘောတူညီမှုအောက်တွင် ကိုဗစ်-၁၉ ကပ်ရောဂါကို အတူတကွ ပူးပေါင်းတိုက်ဖျက်ရန်၊ လူမှုစီးပွားဘဝ အကျိုးသက်ရောက်မှုများကို ပူးတွဲဖြေရှင်းရန် အပါအဝင် အခြားသောသဘောတူညီမှုများ ပါဝင်သည်။

အမျိုးသားလူမှုအဖွဲ့အစည်းများတွင် စွမ်းဆောင်ရည်မြှင့်တင်ရန်နှင့် ပူးပေါင်းဆောင်ရွက်ရေးအစီအစဉ်များပြုလုပ်ရန် သင်တန်းများပေးသွားရန် လုပ်ငန်းအဖွဲ့ဖွဲ့စည်းသွားမည်ဟု သိရသည်။

ဆင်ဟွာ

# အာရှ-ပစိဖိတ်နိုင်ငံများ၌ ကိုဗစ်-၁၉ ဆက်လက်ကူးစက်ပျံ့နှံ့



မလေးရှားနိုင်ငံတွင် ကိုဗစ်-၁၉ စမ်းသပ်စစ်ဆေးရန် နှာခေါင်းတို့ဖတ်နမူနာရယူနေစဉ်။

### ဟောင်ကောင် (တရုတ်)

အာရှ-ပစိဖိတ်နိုင်ငံများတွင် ကိုဗစ်-၁၉ ဆက်လက်ကူးစက်ဖြစ်ပွားလျက်ရှိသောကြောင့် ထိုင်းနိုင်ငံတွင် ဩဂုတ် ၁၃ ရက်က ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားသူ ၂၃၄၁၈ ဦး စံချိန်တင်များလာကြောင်း အတည်ပြုဖော်ပြမှုနှင့်အတူ ဂျပန်နိုင်ငံတွင် နေ့စဉ် ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားသူ ပထမဆုံးအကြိမ်အဖြစ် ၂၀၀၀၀ ကျော်လွန်လာခဲ့သည်။

### အိန္ဒိယ

အိန္ဒိယနိုင်ငံတွင် လွန်ခဲ့သော ၂၄ နာရီအတွင်း ကိုဗစ်-၁၉ ထပ်မံကူးစက်ဖြစ်ပွားသူ ၄၀၁၂၀ တိုးလာမှုအပါအဝင် ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားသူပေါင်း ၃၂၁၁၇၈၂၆ ဦးအထိ ရောက်ရှိလာခဲ့ကြောင်း ကျန်းမာရေးဝန်ကြီးဌာန၏ နောက်ဆုံး ထုတ်ပြန်လိုက်သော အချက်အလက်များတွင် ဖော်ပြထားသည်။

ကိုဗစ်-၁၉ ကြောင့် ထပ်မံသေဆုံးသူ ၅၈၅ ဦး ရှိလာမှုနှင့်အတူ စုစုပေါင်း ကိုဗစ်-၁၉ ကြောင့် သေဆုံးသူ ၄၃၀၂၅၄ ဦးအထိ ရောက်ရှိလာခဲ့သည်။

### အင်ဒိုနီးရှား

အင်ဒိုနီးရှားနိုင်ငံတွင် ဩဂုတ် ၁၃ ရက်က ကိုဗစ်-၁၉ ထပ်မံကူးစက်ဖြစ်ပွားသူ ၃၀၇၈၈ ဦး ရှိလာမှုနှင့်အတူ နိုင်ငံအတွင်း ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားသူပေါင်း ၃၈၀၄၉၄၃ ဦး ရောက်ရှိလာခဲ့သည်။ ထို့အတူ ကိုဗစ်-၁၉ ကြောင့် ၁၄၃၂ ဦး ထပ်မံသေဆုံးမှုနှင့်အတူ စုစုပေါင်း ကိုဗစ်-၁၉ ကြောင့် သေဆုံးသူ ၁၁၅၀၉၆ ဦးအထိ ရောက်ရှိလာခဲ့ကြောင်း ကျန်းမာရေးဝန်ကြီးဌာနက ဖော်ပြသည်။

လွန်ခဲ့သော ၂၄ နာရီအတွင်း ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားမှုမှ ပြန်လည်ကောင်းမွန်လာပြီး ဆေးရုံမှဆင်းလာသူ ၄၂၀၀၃ ဦး ရှိလာသောကြောင့် စုစုပေါင်း ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားမှုမှ ပြန်လည်ကောင်းမွန်လာသူ ၃၂၈၉၇၁၈ ဦး အထိ ရောက်ရှိလာသည်။

အရှေ့တောင်အာရှ နိုင်ငံတစ်နိုင်ငံဖြစ်သော အင်ဒိုနီးရှားနိုင်ငံသည် နေ့စဉ် ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားမှုကို လျှော့ချရန်ရည်ရွယ်ပြီး ပီပီကေအမ်ဟုခေါ်သော အဆင့်ဆင့်သော လူထုလှုပ်ရှားမှုကန့်သတ်ချက်အစီအစဉ်ကို စတင်ခဲ့ပြီး သက်ဆိုင်ရာအာဏာပိုင်များကလည်း ထိတွေ့မှုခြေရာခံမှုများကို အရှိန်အဟုန်မြှင့် ဆောင်ရွက်လျက်ရှိသည်။

ဩဂုတ် ၁၃ ရက်က အင်ဒိုနီးရှားနိုင်ငံသည် တရုတ် Sinovac ကာကွယ်ဆေးနောက်တစ်သုတ်ကို လက်ခံရရှိခဲ့မှုနှင့်အတူ စုစုပေါင်း တရုတ် ကိုဗစ်-၁၉ ကာကွယ်ဆေးသန်း ၂၀၀ နီးပါးကို လက်ခံရရှိခဲ့ကြောင်း သိရသည်။ အစိုးရသည် ပြည်သူ ၂၀၈ ဒသမ ၂ သန်းကို ကာကွယ်ဆေးထိုးပေးနိုင်ရန် ရည်မှန်းချက်ထား ဆောင်ရွက်လျက်ရှိသည်။ ကာကွယ်ဆေးများသည် အင်ဒိုနီးရှားနိုင်ငံသားများအားလုံးအတွက် အခမဲ့ဖြစ်သည်။

ဩဂုတ် ၁၃ ရက်အထိ လူပေါင်းအနည်းဆုံး ၂၆ ဒသမ ၄၃ သန်း ကိုဗစ်-၁၉ ကာကွယ်ဆေးနှစ်ကြိမ်ထိုးနှံပြီးပြီဖြစ်ကြောင်း သိရပြီး ကိုဗစ်-၁၉ ကာကွယ်ဆေးတစ်ကြိမ်ထိုးနှံပြီးသူပေါင်း ၅၂ ဒသမ ၆၁ သန်း ရှိကြောင်း ကျန်းမာရေးဝန်ကြီးဌာနက သတင်းထုတ်ပြန်ကြေညာလိုက်သည်။

### မလေးရှား

မလေးရှားနိုင်ငံတွင် ဩဂုတ် ၁၃ ရက်က ကိုဗစ်-၁၉ ထပ်မံကူးစက်ဖြစ်ပွားသူ ၂၁၄၆၈ ဦး တိုးလာကြောင်း အတည်ပြုဖော်ပြမှုနှင့်အတူ စုစုပေါင်း ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားသူပေါင်း ၁၃၆၃၆၈၃ ဦးအထိ ရောက်ရှိလာပြီဖြစ်ကြောင်း ကျန်းမာရေးဝန်ကြီးဌာနက ထုတ်ပြန်ဖော်ပြလိုက်သည်။

ကျန်းမာရေးဝန်ကြီးဌာန ညွှန်ကြားရေးမှူးချုပ် နော်ဟီရှန်အဗ္ဗဒူလာက ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားသူ ၂၅ ဦးမှာ ပြည်ပကူးစက်မှုဖြစ်ပြီး ၂၁၄၄၃ ဦးမှာ ပြည်တွင်းကူးစက်မှုဖြစ်ကြောင်း ပြောကြားလိုက်သည်။

နောက်ထပ် ၂၇၇ ဦး ကိုဗစ်-၁၉ ကြောင့် ထပ်မံသေဆုံးကြောင်း ဖော်ပြမှုနှင့်အတူ စုစုပေါင်း ကိုဗစ်-၁၉ ကြောင့် သေဆုံးသူ ၁၁၉၆၈ ဦး ရှိလာခဲ့ပြီဖြစ်သည်။

ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားမှုမှ ပြန်လည်ကျန်းမာလာသူပေါင်း ၁၁၁၀၅၂၈ ဦး သို့မဟုတ် ၈၁ ဒသမ ၄ ရာခိုင်နှုန်းရှိလာပြီဖြစ်သည်။

### ဖိလစ်ပိုင်

ဖိလစ်ပိုင်ကျန်းမာရေးဝန်ကြီးဌာနက ဩဂုတ် ၁၃ ရက်က ကိုဗစ်-၁၉ ထပ်မံကူးစက်ဖြစ်ပွားသူ ၁၃၁၇၇ ဦး တိုးလာကြောင်း သတင်းထုတ်ပြန်မှုနှင့်အတူ အဆိုပါပမာဏသည် လွန်ခဲ့သောနှစ်ဇန်နဝါရီလ ကိုဗစ်-၁၉ စတင်ဖြစ်ပွားချိန်မှစကာ နေ့စဉ် ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားမှု ဒုတိယအမြင့်ဆုံးဖြစ်ကြောင်း သိရသည်။



အင်ဒိုနီးရှားနိုင်ငံတွင် တရုတ်နိုင်ငံထုတ်ဆီနိုဗက်ကိုဗစ်-၁၉ ကာကွယ်ဆေးထိုးရန် စောင့်နေသူများ။

အရှေ့တောင်အာရှ နိုင်ငံတစ်နိုင်ငံဖြစ်သော ဖိလစ်ပိုင်နိုင်ငံ၏ ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားသူပေါင်းမှာ ၁၇၁၃၃၀၂ ဦးအထိ ရောက်ရှိလာခဲ့ပြီး ကိုဗစ်-၁၉ ကြောင့် နောက်ထပ် ၂၉၉ ဦး ထပ်မံသေဆုံးကြောင်း ဖော်ပြမှုနှင့်အတူ စုစုပေါင်း ကိုဗစ်-၁၉ ကြောင့် သေဆုံးသူ ၂၉၈၃၈ ဦးအထိ ရောက်ရှိလာခဲ့သည်။

လူဦးရေသန်း ၁၁၀ ရှိသော ဖိလစ်ပိုင်နိုင်ငံတွင် ကိုဗစ်-၁၉ စမ်းသပ်စစ်ဆေးပြီးသူပေါင်း ၁၆ သန်း ကျော်ရှိသည်။

ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားမှုများ တိုးလာပြီး ဆေးရုံနေရာအခက်အခဲများ ရှိလာသောကြောင့် မြို့တော်မနီလာအတွင်းရှိ ဒေသပေါင်း ၁၁ ခုတွင် ကိုဗစ်-၁၉ အမြင့်ဆုံးသတိပေးမှုများ ပြုလုပ်ထားသည်။

နိုင်ငံအတွင်း ကိုဗစ်-၁၉ ပြည်တွင်း ကူးစက်ဖြစ်ပွားသူ ၅၀၀ ကျော်မှုနှင့်အတူ ဒယ်လ်တာ ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားသူ ၆၂၇ ဦး တွေ့ရှိခဲ့သည့်အနက် ၁၃ ဦး သေဆုံးခဲ့ကြောင်း ကျန်းမာရေးဝန်ကြီးဌာနက ဖော်ပြသည်။ ဩဂုတ် ၆ ရက်မှ ၂၀ ရက်အထိ မြို့တော်မနီလာတွင် အတင်းကျပ်ဆုံး အလုံပိတ်ကန့်သတ်ပိတ်ဆို့မှုများ ချမှတ်ထားသည်။

### ပါကစ္စတန်

ပါကစ္စတန်နိုင်ငံတွင် ဩဂုတ် ၁၃ ရက်က ကိုဗစ်-၁၉ ထပ်မံကူးစက်ဖြစ်ပွားသူ ၄၆၁၉ ဦး ရှိလာပြီးနောက် စုစုပေါင်း ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားသူ ၁၀၈၉၉၁၃ ဦးအထိ ရှိလာခဲ့ပြီး စတုတ္ထလှိုင်းဂယက်ထပ်မံရိုက်ခတ်လာမည်ကို စိုးရိမ်လျက်ရှိကြောင်း အမျိုးသားထိန်းချုပ်ကွပ်ကဲရေးနှင့် စစ်ဆင်ရေးဌာနက ပြောကြားလိုက်သည်။ လွန်ခဲ့သော ၂၄ နာရီအတွင်း ကိုဗစ်-၁၉ ကြောင့် ထပ်မံသေဆုံးသူ ၇၉ ဦး အပါအဝင် စုစုပေါင်း သေဆုံးသူ ၂၄၂၆၆ ဦး ရှိလာခဲ့ကြောင်း အမျိုးသားထိန်းချုပ်ကွပ်ကဲရေးနှင့် စစ်ဆင်ရေးဌာနက သတင်းထုတ်ပြန်ဖော်ပြလိုက်သည်။

### တောင်ကိုရီးယား

တောင်ကိုရီးယားနိုင်ငံတွင် ကိုဗစ်-၁၉ ထပ်မံကူးစက်ဖြစ်ပွားသူ ၁၉၉၀ ရှိလာပြီးနောက် စုစုပေါင်း ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားသူ ၂၂၀၁၈၂ ဦးအထိ ရှိလာခဲ့သည်။ ကိုဗစ်-၁၉ ကြောင့် ခြောက်ဦး ထပ်မံသေဆုံးခဲ့သောကြောင့် စုစုပေါင်း သေဆုံးသူ ၂၁၄၄ ဦးအထိ ရှိလာခဲ့ပြီး သေဆုံးမှုနှုန်းမှာ ၀ ဒသမ ၉၇ ရာခိုင်နှုန်းရှိသည်။

### ကမ္ဘောဒီးယား

ကမ္ဘောဒီးယားနိုင်ငံတွင် ကိုဗစ်-၁၉ ထပ်မံကူးစက်ဖြစ်ပွားသူ ၄၂၃ ဦးရှိလာပြီးနောက် စုစုပေါင်း ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားသူ ၈၄၂၆၂ ဦး အထိ ရှိလာကြောင်း ကျန်းမာရေးဝန်ကြီးဌာနက ပြောကြားလိုက်သည်။ ကိုဗစ်-၁၉ ကြောင့် ထပ်မံသေဆုံးသူ ၂၀ ရှိလာပြီးနောက် စုစုပေါင်းကိုဗစ်-၁၉ ကြောင့် သေဆုံးသူ ၁၆၅၄ ဦးအထိ ရှိလာခဲ့ပြီး ကိုဗစ်-၁၉ မှ ပြန်လည်ကောင်းမွန်လာသူ ၇၈၉၇၂ ဦး ရှိလာပြီဖြစ်သည်။

ကမ္ဘောဒီးယားနိုင်ငံတွင် ဖေဖော်ဝါရီ ၁၀ ရက်က အရွယ်ရောက်ပြီးသူများကို ကိုဗစ်-၁၉ ကာကွယ်ဆေး စတင်ထိုးနှံပေးခဲ့ပြီး ဆယ်ကျော်သက်အရွယ် အသက် ၁၂ နှစ်မှ ၁၇ နှစ်ရှိသူများကို ဩဂုတ် ၁ ရက်မှစကာ ကိုဗစ်-၁၉ ကာကွယ်ဆေးထိုးနှံပေးခဲ့သည်။ နိုဝင်ဘာလမတိုင်မီ လူဦးရေ ၁၆ သန်း၏ ၇၅ ရာခိုင်နှုန်း သို့မဟုတ် လူ ၁၂ သန်းကို ကိုဗစ်-၁၉ ကာကွယ်ဆေးထိုးပေးရန် ရည်မှန်းထားကြောင်း သိရသည်။ ။

ဆင်ဟွာ

# အာဖရိကတွင် ကိုဗစ်-၁၉ အတည်ပြုလူနာပေါင်း ၇ ဒသမ ၁၈ သန်းကျော်လွန်ရောက်ရှိ

**အဒစ်အာဘာဘာ ဩဂုတ် ၁၃**

အာဖရိကတွင် ဩဂုတ် ၁၃ ရက် မွန်းလွဲပိုင်းအထိ ကိုဗစ်-၁၉ အတည်ပြုလူနာပေါင်း ၇၁၈၂၇၁၀ ရောက်ရှိလာခဲ့ကြောင်း အာဖရိကရောဂါထိန်းချုပ်ရေးနှင့် ကာကွယ်ရေးဌာနက ပြောသည်။

အာဖရိက ရောဂါထိန်းချုပ်ရေးနှင့် ကာကွယ်ရေးဌာနက ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားမှုကြောင့် သေဆုံးသူပေါင်းမှာ ၁၈၁၀၉၈ ဦး ရှိလာပြီဖြစ်ကြောင်းနှင့် ၆၂၅၉၆၆၆ ဦး မှာ ကိုဗစ်-၁၉ ကင်းစင်သွားပြီဖြစ်ကြောင်း သိရသည်။

တောင်အာဖရိက၊ မော်ရိုကို၊ တူနီးရှား၊ အီသီယိုပီးယားနှင့် အီဂျစ်နိုင်ငံတို့သည် ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားမှုအများဆုံး နိုင်ငံများဖြစ်ကြောင်း အာဖရိကရောဂါထိန်းချုပ်ရေးနှင့် ကာကွယ်ရေးဌာနက ပြောသည်။

တောင်အာဖရိကတွင် ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားသူပေါင်း ၂၅၆၈၅၁၁ ဦး ရှိလာပြီး အာဖရိကမြောက်ပိုင်း နိုင်ငံများဖြစ်သည့် မော်ရိုကိုတွင် ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားသူ ၇၃၁၀၈၄ ဦးရှိသည်။

ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားမှုတွင် တောင်အာဖရိကသည် ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားမှုအများဆုံးဖြစ်ပြီး အာဖရိကမြောက်ပိုင်းနှင့် အရှေ့ပိုင်းတို့သည် ဒုတိယကူးစက်ဖြစ်ပွားမှုအများဆုံး ဖြစ်သည်။ အာဖရိကအလယ်ပိုင်းသည် ကူးစက်ဖြစ်ပွားမှုအနည်းဆုံးဖြစ်သည်။

ဆင်ဟွာ

# အာဖဂန်နစ္စတန်ရှိ သံရုံးဝန်ထမ်းများကို ကယ်တင်ရန် အမေရိကန်က တပ်ဖွဲ့ဝင်များ စေလွှတ်မည်

ကေကေစိုး

အာဖဂန်နစ္စတန်တွင် တာလီဘန်တို့၏ နယ်မြေချဲ့ထွင်မှုများ တစ်ရှိန်ထိုးများပြားလာရာ ယခုအခါ အဓိကမြို့တော်အတော်များများကို သိမ်းပိုက်ခဲ့သည်။

### တပ်ဖွဲ့ဝင်များစေလွှတ်သွားမည်

တာလီဘန်တို့သည် အာဖဂန်နစ္စတန်နိုင်ငံ၏ ဒုတိယအကြီးဆုံး မြို့တော်ကန်ဒဟာကို သိမ်းပိုက်နိုင်ခဲ့ပြီဟု ဩဂုတ် ၁၃ ရက်က ကြေညာခဲ့ရာ အမေရိကန်ပြည်ထောင်စုသည် အာဖဂန်နစ္စတန်မှ အမေရိကန်များကို ကယ်ထုတ်နိုင်ရေးအတွက် တပ်ဖွဲ့ဝင်များ စေလွှတ်သွားမည်ဖြစ်သည်။ ရှစ်ရက်ကြာ အပြင်းအထန်တိုက်ပွဲဖြစ်ပွားပြီးနောက် အစိုးရလက်ထဲတွင် မြို့တော်အပါအဝင် နယ်မြေအချို့သာ ကျန်ရစ်ခဲ့သည်။ ကန်ဒဟာကို သိမ်းပိုက်နိုင်ခဲ့ပြီဟု တာလီဘန်ပြောရေးဆိုခွင့်ရှိသူက ကြေညာပြီးနောက် မကြာမီ အမေရိကန်ဘက်မှ ယခုလို ကြေညာခဲ့ခြင်းဖြစ်သည်။

### နေရာရွှေ့ပြောင်းပေးခဲ့

ယခုအခါ အာဖဂန်အစိုးရက တိုင်းပြည်နေရာ အစိတ်အပိုင်း တော်တော်များများကို ထိန်းချုပ်နိုင်မှုဆုံးရှုံးသွားပြီဖြစ်သည်။ အမေရိကန်တို့က ဩဂုတ်လကုန်ပိုင်းတွင် အာဖဂန်မြေပေါ်မှ အပြီးတိုင် ဆုတ်ခွာတော့မည်ဖြစ်ရာ ယင်းမတိုင်မီ တာလီဘန်တို့၏ နယ်မြေချဲ့ထွင်မှုမှာ တဖြည်းဖြည်း များပြားလာသည်။ အမေရိကန်နှင့် ဗြိတိန်တို့သည် ၎င်းတို့၏ သံရုံးများမှ ဝန်ထမ်းများနှင့် နိုင်ငံသားများကို မြို့တော်သို့ အလျင်အမြန် နေရာရွှေ့ပြောင်းပေးခဲ့ကြသည်။ လုံခြုံရေးအခြေအနေပေါ်မူတည်၍ ကဘူးလ်မြို့တွင် ထားရှိမည့် နိုင်ငံသားအရေအတွက်ကို လျှော့ချသွားမည်ဟုလည်း အမေရိကန်နိုင်ငံခြားရေးဝန်ကြီးဌာန ပြောရေးဆိုခွင့်ရှိသူ နက်ပရိုက်စ်က သတင်းထောက်များကို ပြောသည်။

### ဗြိတိန်ကလည်း တပ်ဖွဲ့ဝင်များ စေလွှတ်သွားမည်

သံရုံးမှာမူ ဆက်လက်ဖွင့်လှစ်ထားဦးမည်ဟု ၎င်းက ပြောသည်။ လာမည့် ၂၄ နာရီမှ ၄၈ နာရီအတွင်း အမေရိကန်တပ်ဖွဲ့ဝင် ၃၀၀၀ ကို ကဘူးလ်မြို့တွင် တပ်ဖြန့်ချထားမည်ဟု ပင်တဂွန်က ပြောသည်။ သို့သော်လည်း ၎င်းတို့ကို တာလီဘန်များအား တိုက်ခိုက်ရာတွင် အသုံးပြုသွားမည်မဟုတ်ဟု ဆက်ပြောသည်။ ဗြိတိန်နိုင်ငံသည်လည်း ၎င်းတို့၏ နိုင်ငံသားများကို ကယ်တင်ရန်နှင့် ဗြိတိန်နှင့်အတူ လက်တွဲလုပ်ဆောင်ခဲ့၍ အသက်အန္တရာယ် ခြိမ်းခြောက်ခံနေရသည့် အာဖဂန်ဝန်ထမ်းများကို နေရာပြန်လည်ချထားရာတွင် ထောက်ပံ့ပေးသွားရန် တပ်ဖွဲ့ဝင် ၆၀၀ ကို စေလွှတ်သွားမည်ဟု ဗြိတိန်ကာကွယ်ရေးဝန်ကြီး ဘန်ဝေါလေ့စ်က ပြောသည်။



တာလီဘန်တို့၏ တိုက်ပွဲများကြောင့် ကဘူးလ်မြို့သို့ ရွှေ့ပြောင်းလာသည့် အာဖဂန်ပြည်သူများကို တွေ့ရစဉ်။

❖ ယခုအခါ အာဖဂန်အစိုးရမှ တိုင်းပြည်နေရာ အစိတ်အပိုင်း တော်တော်များများကို ထိန်းချုပ်နိုင်မှု ဆုံးရှုံးသွားပြီဖြစ်သည်။ အမေရိကန်တို့က ဩဂုတ်လကုန်ပိုင်းတွင် အာဖဂန်မြေပေါ်မှ အပြီးတိုင် ဆုတ်ခွာတော့မည်ဖြစ်ရာ ယင်းမတိုင်မီ တာလီဘန်တို့၏ နယ်မြေချဲ့ထွင်မှုမှာ တဖြည်းဖြည်း များပြားလာသည်။ အမေရိကန်နှင့် ဗြိတိန်တို့သည် ၎င်းတို့၏ သံရုံးများမှ ဝန်ထမ်းများနှင့် နိုင်ငံသားများကို မြို့တော်သို့ အလျင်အမြန် နေရာရွှေ့ပြောင်းပေးခဲ့ကြသည်။

### လေယာဉ်များစေလွှတ်သွားမည်

အမေရိကန်ပြည်ထောင်စုသည် အာဖဂန်မှ စကားပြန်များနှင့် အမေရိကန်တို့နှင့်အတူ လက်တွဲအလုပ်လုပ်ကိုင်ခဲ့သည့်အတွက် အသက်အန္တရာယ် ခြိမ်းခြောက်ခံရသူများကို ကယ်တင်နိုင်ရေး နေ့စဉ်လေယာဉ်များ စေလွှတ်သွားမည်ဟု နက်ပရိုက်စ်က ပြောသည်။ အာဖဂန်အစိုးရ တပ်များသည်လည်း ဩဂုတ် ၁၂ ရက်နေ့တွင် ဟီရတ်မြို့မှ ဆုတ်ခွာခဲ့ကြသည်။ နောက်ထပ်ပျက်စီးဆုံးရှုံးမှုများမှ အကာအကွယ်ပေးနိုင်ရေးအတွက် ဆုတ်ခွာမှုများ ပြုလုပ်ခဲ့သည်ဟု အဆင့်မြင့် လုံခြုံရေးအရာရှိက အေအက်ဖ်ပီသို့ ပြောသည်။

### ပူးတွဲကြေညာချက်ထုတ်ပြန်

ဟီရတ်မြို့ဒေသခံ တစ်ဦးကမူ တာလီဘန်တို့ မြို့အတွင်းဝင်ရောက်လာပြီး ၎င်းတို့၏ အလံများကို နေရာအနှံ့ လွှင့်ထူထားသည်ဟု အေအက်ဖ်ပီသို့ ပြောသည်။ ဩဂုတ် ၁၂ ရက်တွင် ဂါ့ဇနီမြို့မှာ တာလီဘန်တို့ လက်အောက်သို့ ကျရောက်သွားပြီဟု ပြည်ထဲရေးဝန်ကြီးက အတည်ပြုပြောကြားခဲ့သည်။ အနောက်မြောက်ပိုင်း ပြည်နယ်ဖြစ်သည့် ဘတ်ဂ်ဟစ်ပြည်နယ် မြို့တော် ကာလာအီနေ်မှာလည်း ဩဂုတ် ၁၂ ရက်တွင် တာလီဘန်တို့လက်အောက်သို့ ကျရောက်သွားပြီဖြစ်သည်။ အမေရိကန်ပြည်ထောင်စု၊ ပါကစ္စတန်၊ ဥရောပသမဂ္ဂနှင့် တရုတ်နိုင်ငံတို့ကလည်း စစ်အင်အားကို အသုံးပြုထားသည့် မည်သည့်အစိုးရကိုမျှ လက်ခံမည်မဟုတ်ဟု ပူးတွဲကြေညာချက် ထုတ်ပြန်ထားသည်။

### အပြစ်တင်ခံနေရ

စေ့စပ်ညှိနှိုင်း အဖြေရှာရန်သာ အမေရိကန် နိုင်ငံခြားရေးဝန်ကြီးဌာန ပြောရေးဆိုခွင့်ရှိသူ နက်ပရိုက်စ်က ပြောသည်။ လက်ရှိဖရိုဖရဲဖြစ်နေသည့် အခြေအနေများကို သမ္မတ ဂျိုးဘိုင်ဒင်က စိတ်ပျက်မိကြောင်း ထပ်တလဲလဲ ပြောဆိုခဲ့သည်။ လွှတ်တော်တွင်လည်း သမ္မတဂျိုးဘိုင်ဒင်သည် ဖိအားများနှင့် ရင်ဆိုင်နေရပြီး ၎င်း၏ အဆင်အခြင်မဲ့သည့် မူဝါဒကြောင့်ဟု အပြစ်တင်ခံနေရသည်။

### ပဋိပက္ခများ အရှိန်ကောင်းလာ

ဆယ်စုနှစ်နှစ်စုကြာ အာဖဂန်မြေပေါ်၌ရှိနေပြီးနောက် ဩဂုတ်လနှောင်းပိုင်းတွင် အမေရိကန်တပ်များ ဆုတ်ခွာတော့မည်ဟု ကြေညာပြီးနောက် မေလအတွင်းမှစတင်ကာ ပဋိပက္ခများ အရှိန်ကောင်းလာခြင်းဖြစ်သည်။ ပြီးခဲ့သည့် သီတင်းပတ်အတွင်း တာလီဘန်များသည် ပြည်နယ်မြို့တော်အချို့ကို သိမ်းယူနိုင်ခဲ့သည်။ တိုင်းပြည်တစ်လွှားတိုက်ပွဲများကြောင့် ရာနှင့်ထောင်နှင့်ချီသည့် ပြည်သူများသည် နေရာရွှေ့ပြောင်းမှုများ ပြုလုပ်ခဲ့ကြရသည်။

### ရွှေ့ပြောင်းလာသူများနှင့်ပြည့်နှက်နေ

မကြာသေးမီ ရက်ပိုင်းအတွင်း အာဖဂန်နစ္စတန်မြို့တော် ကဘူးလ်တွင် နေရပ်ရွှေ့ပြောင်းလာသူများနှင့် ပြည့်နှက်နေခဲ့သည်။ နေရပ်စွန့်ခွာလာကြသူများမှာ ပန်းခြံများနှင့် အခြားသော အများပြည်သူနှင့် သက်ဆိုင်သည့်နေရာများတွင် အုပ်စုဖွဲ့ကာနေထိုင်နေကြသည်။ ထို့ကြောင့် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အကျပ်အတည်းသစ်တစ်ခု ပေါ်ပေါက်လာခြင်းဖြစ်သည်။

### ဂျာမနီဘက်မှ အကူအညီဆက်ပေးတော့မည်မဟုတ်

ဂျာမနီနိုင်ငံဘက်မှလည်း အကယ်၍ တာလီဘန်တို့သာ အာဖဂန်နစ္စတန်ကို အာဏာပိုထိန်းချုပ်သွားနိုင်ပါက ဂျာမနီက အကူအညီများ ဆက်လက်ပေးတော့မည်မဟုတ်ဟု ဂျာမနီနိုင်ငံခြားရေးဝန်ကြီး ဟိုက်ကိုမက်စ်က ပြောသည်။ တာလီဘန်တို့ကသာ တိုင်းပြည်ကို အလုံးစုံထိန်းချုပ်နိုင်ပြီး ရှရီယာ ဥပဒေအတိုင်းသာ အုပ်ချုပ်သွားပါက ဂျာမနီနိုင်ငံသည် အာဖဂန်နစ္စတန်နိုင်ငံကို တစ်ပြားတစ်ချပ်မှ အကူအညီပေးတော့မည်မဟုတ်ဟု ဂျာမနီနိုင်ငံခြားရေးဝန်ကြီးက ဂျာမနီပြည်သူ့ကွန်ရက်ဖြစ်သည့် အေအာဒီနှင့် ဇက်ဒီအက်ဖ်တို့တွင် အသံလွှင့်သွားသည်။

### ကတိပြုထား

အပြည်ပြည်ဆိုင်ရာမှ အကူအညီများ မရရှိဘဲ အာဖဂန်နစ္စတန်နိုင်ငံအနေဖြင့် ဆက်လက်ရှင်သန်ရန် မဖြစ်နိုင်ဟုလည်း ၎င်းက ဆက်လက်ပြောကြားသည်။ ဂျာမနီနိုင်ငံသည် အာဖဂန်နစ္စတန်သို့ တစ်နှစ်လျှင် ယူရို သန်း ၄၃၀ ထောက်ပံ့လေ့ရှိသည်။ ၂၀၂၄ ခုနှစ် မတိုင်မီအထိ ဆက်လက်ထောက်ပံ့သွားရန် ကတိပြုထားသည်။ အာဖဂန်နစ္စတန်တွင်လည်း ဇွန်လမတိုင်မီအထိ နှစ်ပေါင်း ၂၀ နီးပါး တပ်ဖြန့်ချထားခဲ့သည်။ ။

**ကိုးကား**

**အေအက်ဖ်ပီ၊ဆင်ဟွာ**

# COVID-19 ကာကွယ်ဆေးဝယ်ယူရရှိရေးရန်ပုံငွေ စီမံခန့်ခွဲမှုဆပ်ကော်မတီ၏ အသိပေးကြေညာချက်

မြန်မာ့စီးပွားရေးဘဏ် (နေပြည်တော်)တွင် ဖွင့်လှစ်ထားရှိသော COVID–19 ကာကွယ်ဆေး ဝယ်ယူရရှိရေးရန်ပုံငွေ (COVID–19 Vaccination Fund) မြန်မာကျပ်ငွေစာရင်း OA 013733 သို့ ဩဂုတ် ၉ ရက်မှ ၁၃ ရက်အထိ ပြည်တွင်း / ပြည်ပ အလှူရှင်များမှ ထည့်ဝင်လှူဒါန်းငွေ စုစုပေါင်းမှာ **(ငွေကျပ် ၆ ဒသမ ၉၂၀ သန်း)** ဖြစ်သည်။ ဩဂုတ် ၁၃ ရက်အထိ ရန်ပုံငွေစာရင်း၏ အခြေအနေမှာ အောက်ပါအတိုင်းဖြစ်ပါသည်–

**COVID–19 ကာကွယ်ဆေးဝယ်ယူရရှိရေးရန်ပုံငွေ OA–013733 စာရင်း**

| | ငွေကျပ် |
|---|---|
| ၉–၈–၂၀၂၁ ရက်နေ့ရှိ စာရင်းဖွင့်လက်ကျန် | ၃၁,၁၅၉,၂၆၄,၆၁၅.၃၉ |
| (+) ၉–၈–၂၀၂၁ မှ ၁၃–၈–၂၀၂၁ ရက်နေ့ထိ နိုင်ငံတော်မှထည့်ဝင်ငွေ | ၂၁၄,၇၇၄,၈၇၇,၈၈၈.၅၂ |
| (+) ၉–၈–၂၀၂၁ မှ ၁၃–၈–၂၀၂၁ ရက်နေ့ထိ ရရှိငွေ | ၆,၉၂၀,၀၀၀. ၀၀ |
| ၁၃–၈–၂၀၂၁ ရက်နေ့ရှိ စာရင်းပိတ်လက်ကျန် | ၂၄၅,၉၄၁,၀၆၂,၅၀၃.၉၁ |

**COVID–19 ကာကွယ်ဆေးဝယ်ယူရရှိရေးရန်ပုံငွေ EDC 600012 စာရင်း**

| | အမေရိကန်ဒေါ်လာ |
|---|---|
| ၉–၈–၂၀၂၁ ရက်နေ့ရှိ စာရင်းဖွင့်လက်ကျန် | ၁၅၀,၁၆၂,၁၄၉.၅၃ |
| (+) ၉–၈–၂၀၂၁ မှ ၁၃–၈–၂၀၂၁ ရက်နေ့ထိ ရရှိငွေ | – |
| ၁၃–၈–၂၀၂၁ ရက်နေ့ရှိ စာရင်းပိတ်လက်ကျန် | ၁၅၀,၁၆၂,၁၄၉.၅၃ |

**COVID-19 ကာကွယ်ဆေးဝယ်ယူရရှိရေး ရန်ပုံငွေ (COVID-19 Vaccination Fund) OA 013733 သို့ အများပြည်သူများမှ လှူဒါန်းငွေစာရင်း**
**(၉-၈-၂၀၂၁ ရက်နေ့မှ ၁၃-၈-၂၀၂၁ ရက်နေ့ထိ)**

| စဉ် | လှူဒါန်းငွေပေးသွင်းသူအမည် | ကျပ် |
|---|---|---|
| | ၉-၈-၂၀၂၁ | ၅၀,၀၀၀ |
| ၁ | ကိုအောင်မျိုးထွန်း+မခင်မိုးဦး (ဇီးကုန်းမြို့) | ၅၀,၀၀၀ |
| | | |
| | ၁၀-၈-၂၀၂၁ | ၄,၈၀၀,၀၀၀ |
| ၁ | သစ္စာကမ်းလက်ပရဟိတအဖွဲ့ (ရန်ကုန်မြို့) | ၇၀၀,၀၀၀ |
| ၂ | ဦးစိန်လှိုင် (စေတုတ္တရာမြို့) | ၁၀၀,၀၀၀ |
| ၃ | မစိုးရိမ်တိုက်သစ်ဆရာတော်နှင့်တပည့်သံဃာတော်များ (နေပြည်တော်) | ၁,၀၀၀,၀၀၀ |
| ၄ | ဒေါက်တာမျိုးသန့်တင်+ဒေါက်တာမြရီ (မြန်မာနိုင်ငံစဥ္စအသင်း) မိသားစု (ရန်ကုန်မြို့) | ၃,၀၀၀,၀၀၀ |
| | | |
| | ၁၁-၈-၂၀၂၁ | ၅၅၀,၀၀၀ |
| ၁ | ဗိုလ်မှူးအောင်သူဦး+ဒေါ်အေးသူဇာ (မိသားစု) (နေပြည်တော်) | ၅၀၀,၀၀၀ |
| ၂ | ဦးဝင်းကို+ဒေါ်ခင်သွယ် (တာမွေမြို့နယ်) | ၅၀,၀၀၀ |
| | | |
| | ၁၂-၈-၂၀၂၁ | ၄၇၀,၀၀၀ |
| ၁ | ရခိုင်ပြည်နယ်သမဝါယမအသင်းစုချုပ် (လီမိတက်) (စစ်တွေမြို့) | ၂၀၀,၀၀၀ |
| ၂ | (အမည်လိပ်စာဖော်ပြထားခြင်းမရှိပါ) | ၁၀၀,၀၀၀ |
| ၃ | ကွယ်လွန်သူမိခင်ကြီးဒေါ်သန်းသန်းငွေးအားရည်စူး၍ သမီး ဒေါ်စုမြတ်ထွန်း (တာမွေမြို့နယ်) | ၁၀၀,၀၀၀ |
| ၄ | ဒေါ်ခင်သန္တာဆင့် (ဘားအံမြို့) | ၇၀,၀၀၀ |
| | | |
| | ၁၃-၈-၂၀၂၁ | ၁,၀၅၀,၀၀၀ |
| ၁ | ဦးမောင်ငွေ+(ဒေါ်အုန်းမြိုင်) (မိသားစု) (မရမ်းကုန်းမြို့နယ်) | ၃၀,၀၀၀ |
| ၂ | ဦးသိန်းမြင့် (မ/ဥက္ကလာပမြို့နယ်) | ၂၀၀,၀၀၀ |
| ၃ | စင်္ကာပူမြန်မာမှ တပ်မတော်မိသားစုဝင်များ (တာမွေမြို့နယ်) | ၃၀၀,၀၀၀ |
| ၄ | ဦးမြတ်ထွန်းကျော်+ဒေါ်လှလှခိုင် (မရမ်းကုန်းမြို့နယ်) | ၅၀၀,၀၀၀ |
| ၅ | မခင်ခင်သန်း (ပြင်ဦးလွင်မြို့) | ၂၀,၀၀၀ |
| | | |
| | (၉-၈-၂၀၂၁ ရက်နေ့မှ ၁၃-၈-၂၀၂၁ ရက်နေ့ထိ) စုစုပေါင်း | ၆,၉၂၀,၀၀၀ |

| | |
|---|---|
| ၉-၈-၂၀၂၁ ရက်နေ့ရှိ စာရင်းဖွင့် | ၃၁,၁၅၉,၂၆၄,၆၁၅ |
| (+) ၁၃-၈-၂၀၂၁ ရက်နေ့အထိ နိုင်ငံတော်မှထည့်ဝင်ငွေ ကျပ် ၂၁၄,၇၇၄,၈၇၇,၈၈၉ အပါအဝင် အလှူခံရငွေ | ၂၁၄,၇၈၁,၇၉၇,၈၈၉ |
| ၁၃-၈-၂၀၂၁ ရက်နေ့ရှိ စာရင်းပိတ်လက်ကျန် | ၂၄၅,၉၄၁,၀၆၂,၅၀၄ |

မှတ်ချက်။ (က) အလှူရှင်များက ပေးပို့ထားသည့် အချက်အလက်များနှင့် ဘဏ်သို့ထည့်သွင်းထားသည့် အချက်အလက်များအရ နေရပ်လိပ်စာဖော်ပြထားခြင်းဖြစ်ပါသည်။
(ခ) မြန်မာ့စီးပွားရေးဘဏ်ရှိ မြန်မာကျပ်ငွေစာရင်းနှင့်နိုင်ငံခြားငွေစာရင်းများသို့ ဝင်ရောက်ပြီးသည့် လှူဒါန်းငွေများဖြစ်ပါသည်။

COVID-19 ကာကွယ်ဆေးဝယ်ယူရရှိရေးရန်ပုံငွေစီမံခန့်ခွဲမှုဆပ်ကော်မတီ

## ၁၃- ၈ -၂၀၂၁ ရက်၊ ကိုဗစ်-၁၉ ရောဂါဖြစ်ပွားမှု အများဆုံး ၁၀ နိုင်ငံ၏ အခြေအနေ

| စဉ် | နိုင်ငံ | ဓာတ်ခွဲအတည်ပြုလူနာ စုစုပေါင်း | ရောဂါပိုး ကင်းစင်သွားသူ | သေဆုံးသူဦးရေ စုစုပေါင်း |
|---|---|---|---|---|
| ၁။ | အမေရိကန် | ၃၇၂၀၃၆၄၉ | ၃၀၀၉၇၈၉၈ | ၆၃၆၂၉၈ |
| ၂။ | အိန္ဒိယ | ၃၂၁၁၇၈၂၆ | ၃၁၃၀၂၃၄၅ | ၄၃၀၂၈၅ |
| ၃။ | ဘရာဇီး | ၂၀၂၈၅၀၆၇ | ၁၉၁၅၁၀၂၁ | ၅၆၆၉၈၈ |
| ၄။ | ရုရှား | ၆၅၅၇၀၆၈ | ၅၈၄၈၃၄၀ | ၁၆၈၈၆၄ |
| ၅။ | ပြင်သစ် | ၆၃၉၈၉၈၃ | ၅၈၄၀၅၈၄ | ၁၁၂၄၈၇ |
| ၆။ | ဗြိတိန် | ၆၁၇၉၅၀၆ | ၄၇၄၆၃၀၂ | ၁၃၀၇၀၁ |
| ၇။ | တူရကီ | ၆၀၁၈၄၈၅ | ၅၅၅၈၇၂၂ | ၅၂၇၀၃ |
| ၈။ | အာဂျင်တီးနား | ၅၀၆၆၂၅၃ | ၄၇၁၃၄၁၁ | ၁၀၈၅၆၉ |
| ၉။ | ကိုလံဘီယာ | ၄၈၅၆၅၉၅ | ၄၆၇၅၂၁၅ | ၁၂၃၀၉၇ |
| ၁၀။ | စပိန် | ၄၆၇၇၈၈၃ | ၃၈၇၇၄၉၄ | ၈၂၄၀၇ |

## အာဆီယံနိုင်ငံများမှ ကိုဗစ်-၁၉ ရောဂါ သတင်းထုတ်ပြန်ချက်

၁၃– ၈ – ၂၀၂၁

| နိုင်ငံ | ကိုဗစ်–၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာ | ရောဂါပိုး ကင်းစင်သွားသူ | ပိုးတွေ့သေဆုံး လူနာ |
|---|---|---|---|
| အင်ဒိုနီးရှား | ၃၈၀၄၉၄၃ | ၃၂၈၉၇၁၈ | ၁၁၅၀၉၆ |
| ဖိလစ်ပိုင် | ၁၇၁၃၃၀၂ | ၁၅၈၇၀၆၉ | ၂၉၈၃၈ |
| မလေးရှား | ၁၃၆၃၆၈၃ | ၁၁၁၀၅၂၈ | ၁၁၉၆၈ |
| ထိုင်း | ၈၆၃၁၈၉ | ၆၄၃၈၈၄ | ၇၁၂၆ |
| မြန်မာ | ၃၄၈၁၈၆ | ၂၆၃၁၇၂ | ၁၂၈၇၉ |
| ဗီယက်နမ် | ၂၄၆၅၆၈ | ၈၉၁၄၅ | ၄၈၁၃ |
| ကမ္ဘောဒီးယား | ၈၄၂၆၂ | ၇၈၉၇၂ | ၁၆၅၄ |
| စင်ကာပူ | ၆၆၀၆၁ | ၆၄၃၈၀ | ၄၃ |
| လာအို | ၉၃၆၃ | ၄၂၄၀ | ၉ |
| ဘရူနိုင်း | ၅၄၃ | ၃၂၂ | ၃ |

# နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌ အဘိဓဇမဟာရဋ္ဌဂုရု ဒေါက်တာ ဘဒ္ဒန္တကုမာရာဘိဝံသ ဗန်းမော်ဆရာတော်အား တိုင်းဒေသကြီးဝန်ကြီးချုပ်မှ သွားရောက်ဖူးမြော်ပြီး ဆရာတော် သံဃာတော်များအား ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံပေးနေမှုများကို ကြည့်ရှုကြည်ညို



မန္တလေး ဩဂုတ် ၁၃

မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမောင်ကိုသည် တိုင်းဒေသကြီး လူမှုရေးရာဝန်ကြီး ဦးယဉ်ထွေး နှင့် တာဝန်ရှိသူများနှင့်အတူ ယနေ့ မွန်းလွဲ ၂ နာရီက မဟာအောင်မြေမြို့နယ် ဗန်းမော်ကျောင်းတိုက်တွင် ဆရာတော်၊ သံဃာတော်များအား ကိုဗစ်-၁၉ ကာကွယ်ဆေးထိုးနှံနေမှုများကို ဖူးမြော်ရန် ရောက်ရှိလာပြီး နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဥက္ကဋ္ဌ အဘိဓဇမဟာရဋ္ဌဂုရု ဒေါက်တာ ဘဒ္ဒန္တကုမာရာဘိဝံသ ဗန်းမော်ဆရာတော်ကြီးအား ဦးစွာဖူးမြော်ကြည်ညို၍ ဆရာတော်ကြီး၏ ကျန်းမာရေးအခြေအနေများကိုလျှောက်ထားပြီး ကိုဗစ်-၁၉ ရောဂါကူးစက်မှုလျော့နည်းပပျောက်ရေးအတွက် မန္တလေးမြို့နှင့် တိုင်းအတွင်း ဆောင်ရွက်နေမှုများ၊ သံဃာတော်များအား ကာကွယ်ဆေးထိုးနှံရေး ဆောင်ရွက်ပေးနေမှုများ၊ ခရိုင်အတွင်းမှ ကျောင်းတိုက်များရှိ သံဃာတော်များ ဆွမ်းအခက်အခဲမရှိရန် ဆန်၊ ဆီ၊ ကြက်သွန်၊ ကုလားပဲ လှူဒါန်းသွားရန် ဆောင်ရွက်ထားရှိမှုများကို လျှောက်ထားပြီး ဆရာတော်ကြီးထံမှ ဩဝါဒခံယူခဲ့သည်။

ဆက်လက်၍ တိုင်းဒေသကြီးဝန်ကြီးချုပ်သည် ကမ္ဘောဇသာသနာ့ဗိမာန်တော်ကြီးတွင် ဗန်းမော်ကျောင်းတိုက်နှင့် အနီးဝန်းကျင်ကျောင်းတိုက်ကြီးများမှ ဆရာတော်၊ သံဃာတော်၊ သီလရှင် စုစုပေါင်း ၇၂ ပါးအား ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးထိုးနှံပေးနေမှုများကို ကြည့်ရှုကြည်ညိုပြီး လိုအပ်သည်များ ဖြည့်ဆည်းပေးခဲ့သည်။ (ဝဲပုံ)

မန္တလေးခရိုင်အတွင်း ရဟန်း၊ သံဃာ၊ သီလရှင်များအား ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးများ ထိုးနှံပေးလျက်ရှိရာ ယနေ့အထိ ၁၄၉၁ ပါးအား ထိုးနှံပေးပြီးဖြစ်ကြောင်းနှင့် ဆက်လက်ထိုးနှံပေးသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

---

## တိုင်းဒေသကြီးနှင့် ပြည်နယ်များ၌ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးများ ဆက်လက်ထိုးနှံ

နေပြည်တော် ဩဂုတ် ၁၃

တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ ထေရ်ကြီးဝါကြီး ဆရာတော်ကြီးများအပါအဝင် လူမျိုးမရွေး၊ ဘာသာမရွေး အသက် ၆၅ နှစ်နှင့်အထက် သက်ကြီးဘိုးဘွားများ၊ ဌာနဆိုင်ရာဝန်ထမ်းများ၊ တိုင်းရင်းသားပြည်သူများနှင့် အကျဉ်းထောင်များ၌ ပြစ်ဒဏ်ကျခံနေသည့် အကျဉ်းသား၊ အကျဉ်းသူများအား ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံနိုင်ရေးအတွက် ဆေးနှင့်ဆေးပစ္စည်းများကို တပ်မတော်လေယာဉ်များဖြင့် သယ်ယူပို့ဆောင်ပေးခြင်းများနှင့် ကာကွယ်ဆေးထိုးနှံပေးခြင်းများကို ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။

ထိုသို့ ဆောင်ရွက်လျက်ရှိရာ ယနေ့တွင် ရှမ်းပြည်နယ် (အရှေ့ပိုင်း) မိုင်းဆတ်မြို့နယ်အတွင်းရှိ အသက် ၆၅ နှစ်နှင့်အထက် သက်ကြီးဘိုးဘွားများ၊ ဌာနဆိုင်ရာဝန်ထမ်းများနှင့် ပြည်သူစုစုပေါင်း ၁၆၀ ကိုလည်းကောင်း၊ ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်ရှိ အသက် ၆၅ နှစ်နှင့်အထက် သက်ကြီးဘိုးဘွားများ၊ သံဃာတော်များ၊ သာသနာ့နွယ်ဝင် သီလရှင်များ၊ ဌာနဆိုင်ရာဝန်ထမ်းများနှင့် ဒေသခံပြည်သူများ စုစုပေါင်း ၁၈၀ တို့ကိုလည်းကောင်း၊ ဧရာဝတီတိုင်းဒေသကြီးအတွင်းရှိ မြို့နယ်ပေါင်း ၂၆ မြို့နယ်မှ အသက် ၆၅ နှစ်နှင့်အထက် သက်ကြီးဘိုးဘွားများ၊ သံဃာတော်များ၊ ဌာနဆိုင်ရာဝန်ထမ်းများနှင့် ဒေသခံပြည်သူ စုစုပေါင်း ၆၄၉၀ တို့ကိုလည်းကောင်း၊ မန္တလေးတိုင်းဒေသကြီးအတွင်း ခရိုင် ခုနစ်ခုရှိ မြို့နယ်များမှ ထေရ်ကြီးဝါကြီး ဆရာတော်ကြီးများ၊ ၆၅ နှစ်နှင့်အထက် သက်ကြီးဘိုးဘွားများနှင့် ပြည်သူစုစုပေါင်း ၇၂၉၅ ဦးတို့ကိုလည်းကောင်း၊ ပဲခူးတိုင်းဒေသကြီး ညောင်လေးပင်မြို့၊ ပြွန်တန်ဆာမြို့နှင့် ဝေါမြို့နယ်အတွင်းရှိ အသက် ၆၅ နှစ်နှင့်အထက် သံဃာတော်များ၊ သက်ကြီးဘိုးဘွားများ၊ ဌာနဆိုင်ရာဝန်ထမ်းများနှင့် ပြည်သူစုစုပေါင်း ၇၅၀ တို့ကိုလည်းကောင်း တပ်မတော်မှ ဆေးအဖွဲ့များက ပြည်သူ့ဆေးရုံများမှ ဆရာဝန်များ၊ သက်ဆိုင်ရာကျန်းမာရေးဝန်ထမ်းများ၊ စေတနာ့ဝန်ထမ်းများနှင့် ပူးပေါင်း၍ ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးထိုးနှံပေးသည်။

ယင်းသို့ ဆောင်ရွက်ပေးနေမှုများကို သက်ဆိုင်ရာ တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ တာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးပြီး လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြကြောင်း သတင်းရရှိသည်။

သတင်းစဉ်

---

## ကမ္ဘာအေးဗုဒ္ဓသာသနာ့သံဃာ့ဆေးရုံသို့ ဗုဒ္ဓဘာသာကလျာဏယုဝအသင်း (YMBA)မှ ဦးဆောင်၍ အလှူရှင်များစုပေါင်းကာ လီတာ ၄၀ ဆံ့ အောက်ဆီဂျင်အိုး ၃၂ လုံးနှင့် Oxygen Concentrator (10 Liter) တစ်လုံး ပေးအပ်လှူဒါန်း

နေပြည်တော် ဩဂုတ် ၁၃

**ရန်ကုန်တိုင်းဒေသကြီး မရမ်းကုန်းမြို့နယ် ကမ္ဘာအေးဗုဒ္ဓသာသနာ့ သံဃာ့ဆေးရုံတွင် ကိုဗစ်-၁၉ ရောဂါဖြင့် ဆေးကုသမှုခံယူနေသော ရဟန်း၊ သံဃာတော်များ အသုံးပြုနိုင်ရေးအတွက် ဗုဒ္ဓဘာသာကလျာဏယုဝအသင်း (YMBA) မှ ၄၀ လီတာဆံ့ အောက်ဆီဂျင်အိုး ၃၂ လုံးနှင့် Oxygen Concentrator (10 Liter) တစ်လုံး ပေးအပ်လှူဒါန်းပွဲကို ယနေ့နံနက် ၉ နာရီခွဲတွင် ကမ္ဘာအေးဗုဒ္ဓသာသနာ့သံဃာ့ဆေးရုံ၌ ကျင်းပသည်။**



အခမ်းအနားတွင် ဗုဒ္ဓဘာသာကလျာဏယုဝအသင်း(YMBA)မှ လှူဒါန်းသည့် အောက်ဆီဂျင်ဖြည့်ပြီး လီတာ ၄၀ အိုး ၃၂ လုံးနှင့် Oxygen Concentrator (10 Liter) တစ်လုံးတို့ကို ဥက္ကဋ္ဌ ဦးရဲထွန်းက ပေးအပ်လှူဒါန်းရာ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး (ကိုယ်စား)သာသနာရေးဦးစီးဌာန ဒုတိယ ညွှန်ကြားရေးမှူးချုပ် ဦးသိန်းဝင်းက လက်ခံရယူ၍ ကျေးဇူးတင်စကားပြောကြားကာ ဂုဏ်ပြုမှတ်တမ်းလွှာ ပေးအပ်သည်။

သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနက ကမ္ဘာအေးဗုဒ္ဓသာသနာ့ သံဃာ့ဆေးရုံတွင် ကိုဗစ်-၁၉ ရောဂါဖြင့် တက်ရောက်ဆေးကုသမှုခံယူနေသော ရဟန်း၊ သံဃာတော်များ၊ ဆေးရုံတက် သံဃာတော်များကို အနီးကပ်ပြုစုစောင့်ရှောက်ပေးသည့် ပစ္စာသမဏများအား အရုဏ်ဆွမ်း၊ နေ့ဆွမ်း၊ ဖြည့်စွက်အာဟာရနှင့် အချိုရည်များ နေ့စဉ် ဆက်ကပ်လှူဒါန်းခြင်း၊ ကျန်းမာရေးစောင့်ရှောက်မှုပေးလျက်ရှိသည့် ဆရာဝန်များ၊ သူနာပြုများ၊ ကျန်းမာရေးဝန်ထမ်းများ၊ ပရဟိတ စေတနာ့ဝန်ထမ်းများကို နံနက်၊ နေ့လယ်၊ ညနေစာများ ချက်ပြုတ်ကျွေးမွေးခြင်း၊ ဆေးကုသမှုခံယူနေသည့် ရဟန်း၊ သံဃာတော်များအတွက် ဗုဒ္ဓသာသနာ့ သံဃာ့ဆေးရုံရှိ အောက်ဆီဂျင်အိုး အလုံး ၆၀ ဖြင့် ရွှေပြည်သာမြို့နယ်ရှိ Unity အောက်ဆီဂျင်စက်ရုံ၊ လှိုင်သာယာမြို့နယ်ရှိ 2000 အောက်ဆီဂျင်စက်ရုံနှင့် ကမာရွတ်မြို့နယ်ရှိ ဆင်မလိုက် သဘော်ကျင်း အောက်ဆီဂျင်စက်ရုံများသို့ နေ့စဉ် သွားရောက်၍ (15 Liter, 20 Liter, 30 Liter, 40 Liter)အိုးများဖြင့် အလှည့်ကျ အောက်ဆီဂျင်ဖြည့်တင်းပေးခြင်း၊ ကိုဗစ်-၁၉ ရောဂါဖြင့် ဆေးဝါးကုသမှုခံယူနေကြသည့် ရဟန်း၊ သံဃာတော်များ၏ သွေး၊ ဆီး ရလဒ်အဖြေများသိရှိရန် သက်ဆိုင်ရာဓာတ်ခွဲခန်းများသို့ ပို့ဆောင်ရယူပေးခြင်းတို့ စီမံဆောင်ရွက်ပေးသည်။

ယင်းကမ္ဘာအေးဗုဒ္ဓသာသနာ့သံဃာ့ဆေးရုံတွင် ကိုဗစ်-၁၉ ရောဂါဖြစ်ပွားနေသော ရဟန်း၊ သံဃာတော်များ ဆေးကုသမှုခံယူနိုင်ရန် ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့ကြီးကြပ်မှု၊ ကျန်းမာရေးဝန်ကြီးဌာန၏ ကိုယ်စားလှယ်အဖွဲ့နှင့် ရန်ကုန်တိုင်းဒေသကြီး ကျန်းမာရေးဦးစီးဌာနတို့ ပူးပေါင်းပြီး ကုသရေးနှင့် ကျန်းမာရေး စောင့်ရှောက်မှု လုပ်ငန်းတို့ကို စီမံဆောင်ရွက်ပေးလျက် ရှိသည်။

ကမ္ဘာအေး ဗုဒ္ဓသာသနာ့ သံဃာ့ဆေးရုံကြီးတွင် အောက်ဆီဂျင် လီတာ ၄၀ အိုး အလုံး ၆၀ သာရှိပြီး ဗုဒ္ဓဘာသာကလျာဏယုဝအသင်း(YMBA)မှ အောက်ဆီဂျင်ဖြည့်ပြီး အောက်ဆီဂျင်အိုး ၃၂ လုံးနှင့် Oxygen Concentrator (10 Liter) တစ်လုံး လှူဒါန်းပေးသဖြင့် ကမ္ဘာအေး ဗုဒ္ဓသာသနာ့ သံဃာ့ဆေးရုံကြီးတွင် ကိုဗစ်-၁၉ ရောဂါဖြင့် ဆေးရုံတက်ရောက်ကုသလျက်ရှိသော ရဟန်း၊ သံဃာတော်များအတွက် အောက်ဆီဂျင်များ စဉ်ဆက်မပြတ် ရရှိလာနိုင်မည်ဖြစ်ကြောင်းနှင့် ရဟန်း သံဃာတော်များ ရောဂါပပျောက်ချမ်းသာရရှိနိုင်ရေး ကိုဗစ်-၁၉ ရောဂါ ကာကွယ်ကုသရေး ဆေးဝါးနှင့် ဆေးပစ္စည်းများ၊ အောက်ဆီဂျင်အိုးများ၊ Oxygen Concentrator များ၊ အရုဏ်ဆွမ်း၊ နေ့ဆွမ်း၊ ညနေ အချိုရည်အတွက် သံဃာတော် တစ်ပါးလျှင် ငွေကျပ် ၇၀၀၀ နှုန်းဖြင့် ဦးနိုင်အောင်မိုး၊ ညွှန်ကြားရေးမှူး၊ သာသနာရေးဦးစီးဌာနဥက္ကဋ္ဌ၊ ဘဏ္ဍာရေးဆပ်ကော်မတီ၊ ကမ္ဘာအေးဗုဒ္ဓသာသနာ့သံဃာ့ဆေးရုံ ဖုန်း-၀၉-၄၄၅၅၆၀၀၀၆၊ ဦးသန်းအေးအောင်၊ ညွှန်ကြားရေးမှူး၊ သာသနာရေးဦးစီးဌာန အဖွဲ့ဝင်၊ ဘဏ္ဍာရေးဆပ်ကော်မတီ၊ ကမ္ဘာအေး ဗုဒ္ဓသာသနာ့သံဃာ့ဆေးရုံ ဖုန်း- ၀၉-၄၂၀၇၀၁၄၅၄ နှင့် ဦးရဲထွဋ်၊ ဒုတိယညွှန်ကြားရေးမှူး၊ သာသနာရေးဦးစီးဌာန အတွင်းရေးမှူး၊ ဘဏ္ဍာရေးဆပ်ကော်မတီ၊ ကမ္ဘာအေး ဗုဒ္ဓသာသနာ့သံဃာ့ဆေးရုံ ဖုန်း-၀၉-၅၀၅၈၆၁၀ တို့ထံသို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

---

## မုတ်သုံလေ အားအသင့်အတင့်မှ အားကောင်းနေ

နေပြည်တော် ဩဂုတ် ၁၃

ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော် တောင်ပိုင်းတို့တွင် မုတ်သုံလေ အားအသင့်အတင့်မှ အားကောင်းနေပြီး ကျန်ဘင်္ဂလားအော်တွင် မုတ်သုံလေ အားအနည်းငယ်မှ အားအသင့်အတင့်ရှိနေသည်။

မိုး/ဇလ

# ကိုဗစ်-၁၉ ရောဂါ ဖြစ်ပေါ်နေသည့်ကာလအတွင်း ဒေသတွင်းစိုက်ပျိုးမွေးမြူရေး ကုန်ထုတ်လုပ်မှုလုပ်ငန်းများ ရာနှုန်းပြည့်ဆောင်ရွက်နိုင်ရေး လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်

နေပြည်တော် ဩဂုတ် ၁၃

**ဒေသတွင်းစားနပ်ရိက္ခာဖူလုံရေးနှင့် ပြည်သူများ၏ စားသောက်ရေးကို အထောက်အကူဖြစ်စေရန်အတွက် တိုင်းစစ်ဌာနချုပ်နယ်မြေအသီးသီးရှိ အစိုးရ၊ တပ်မတော်နှင့် ပုဂ္ဂလိကပိုင် ဒေသတွင်းစိုက်ပျိုးမွေးမြူရေးနှင့် အခြားလူသုံးကုန်လုပ်ငန်းများ ကုန်ထုတ်လုပ်မှု ရာနှုန်းပြည့်ထုတ်လုပ်နိုင်ရေး ဆောင်ရွက်လျက်ရှိရာ တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးမှ ဝန်ကြီးချုပ်များ၊ တိုင်းမှူးများနှင့် တာဝန်ရှိသူများက အဆိုပါနေရာများသို့ သွားရောက်ကြည့်ရှုကြပြီး လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးလျက်ရှိသည်။**

ထိုသို့ ဆောင်ရွက်ပေးလျက်ရှိရာ ယနေ့တွင် မွန်ပြည်နယ်ဝန်ကြီးချုပ် ဦးဇော်လင်းထွန်း၊ အရှေ့တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ကိုကိုမောင်နှင့် တာဝန်ရှိသူများသည် သထုံမြို့ စိုက်ပျိုးမွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန၏ သထုံမြို့နယ်အတွင်းနှင့် လယ်ယာစိုက်ပျိုးရေးအတွက် အဓိကရေပေးဝေလျက်ရှိသည့် ဝါးပါးဆည်ရေလှောင်တမံကို လည်းကောင်း၊ သထုံမြို့နယ် ဈေးမသွယ်ကျေးရွာအနီးရှိ ဒုံသမိမြစ်ရေတင်စီမံကိန်းကို လည်းကောင်း၊ ပေါင်မြို့နယ် ရွာတန်းရှည်ကျေးရွာရှိ သထုံခရိုင်စိုက်ပျိုးရေးဦးစီးဌာန၏ ဘက်စုံအဆင့်မြင့်နည်းပညာသုံး မိုးစပါးဧက ၃၀၀ စံပြစိုက်ခင်းကို လည်းကောင်း၊ ကျုံဟော်ကျေးရွာအနီးရှိ ရေနက်ကွင်းဧက ၂၀၀၀၀ ကို အကျိုးဖြစ်ထွန်းစေမည့် ရင်းငြိမ်းရေထိန်းတံခါးတည်ဆောက်ထားရှိမှုတို့ကို လည်းကောင်း၊ သထုံမြို့နယ် ကော့သန်ကျေးရွာရှိ အသားတိုးဝက်မွေးမြူရေးခြံ၊ နယ်မြေခံတပ်ရှိ ဘက်စုံမွေးမြူရေးခြံ၊ သထုံမြို့ ငါးလုပ်ငန်းဦးစီးဌာန၏ ငါးမျိုးကောင်း မျိုးသန့်သားပေါက်ခြင်းနှင့် ငါးမွေးမြူရေးလုပ်ငန်းများကိုလည်းကောင်း၊ မကွေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးတင့်လွင်၊ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ် ကိုကိုဦးနှင့် တာဝန်ရှိသူများသည် ယနေ့တွင် မကွေးမြို့ အောင်ဇေယျာရပ်ကွက်ရှိ ပုဂ္ဂလိကပိုင် ကောင်းမွန်မိသားစုနို့စားနွားမွေးမြူရေးခြံကိုလည်းကောင်း သွားရောက်ကြည့်ရှု၍ တာဝန်ရှိသူများနှင့်တွေ့ဆုံကာ ကုန်ထုတ်လုပ်မှုလုပ်ငန်းများ ရာနှုန်းပြည့်ဆောင်ရွက်နိုင်ရေး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။



မွန်ပြည်နယ်ဝန်ကြီးချုပ် ဦးဇော်လင်းထွန်း၊ အရှေ့တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ကိုကိုမောင် သထုံမြို့နယ်ရှိ အသားတိုးဝက်မွေးမြူရေးခြံအား ကြည့်ရှုစစ်ဆေးစဉ်။

**သတင်းစဉ်**

# တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ ပြည်သူ့ဆေးရုံများ၊ တပ်မတော်ဆေးရုံများ၊ ကျန်းမာရေးဌာနများ၊ ကိုဗစ်စင်တာများနှင့် ပရဟိတအဖွဲ့များသို့ အောက်ဆီဂျင်အိုးများနှင့် ရောဂါကာကွယ်ရေးအထောက်အကူပြုပစ္စည်းများ ဆက်လက်ဖြန့်ဝေလှူဒါန်း

**နေပြည်တော် ဩဂုတ် ၁၃**

တပ်မတော်နှင့် အလှူရှင်များက အောက်ဆီဂျင်အိုးများ၊ ရောဂါကာကွယ်ရေး အထောက်အကူပြုပစ္စည်းများနှင့် အာဟာရဖြည့်စားသောက်ဖွယ်ရာများကို တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ ပြည်သူ့ဆေးရုံများ၊ တပ်မတော်ဆေးရုံများ၊ ကျန်းမာရေးဌာနများ၊ ကိုဗစ်စင်တာများနှင့် လူမှုကူညီရေးအသင်းအဖွဲ့များသို့ ပေးပို့လှူဒါန်းလျက်ရှိသည်။



ထိုသို့ လှူဒါန်းလျက်ရှိရာ ယနေ့တွင် နေပြည်တော်ကောင်စီနယ်မြေ ဇမ္ဗူသီရိမြို့နယ်ရှိ နေပြည်တော် ပြည်သူ့ဆေးရုံကြီး (ခုတင်-၁၀၀၀) သို့ အောက်ဆီဂျင်အိုး ၃၀ ကိုလည်းကောင်း၊ ရှမ်းပြည်နယ်အရှေ့ပိုင်း တာချီလိတ်မြို့ ပြည်သူ့ဆေးရုံသို့ Oxygen Concentrator လေးလုံး၊ အောက်ဆီဂျင်အိုး နှစ်လုံးတို့ကို လည်းကောင်း၊ ရန်ကုန်တိုင်းဒေသကြီး မရမ်းကုန်းမြို့နယ် ကမ္ဘာအေး ဗုဒ္ဓသာသနာ့ သံဃာ့ဆေးရုံသို့ ဗုဒ္ဓဘာသာ ကလျာဏယုဝအသင်း (YMBA)မှ လီတာ ၄၀ ဆံ့ အောက်ဆီဂျင်အိုး ၃၂ လုံးနှင့် Oxygen Concentrator10l တစ်လုံးတို့ကို လည်းကောင်း၊ ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့ရှိ ပရဟိတအသင်းများသို့ လီတာ ၄၀ ဆံ့ အောက်ဆီဂျင်အိုး ၂၆ လုံးနှင့်တိုင်းဒေသကြီး ပြည်သူ့ကျန်းမာရေးဦးစီးဌာနသို့ Oxygen Concentrator အလုံး ၅၀ နှင့် လီတာ ၄၀ ဆံ့ အောက်ဆီဂျင်အိုး ၁၀၀ တို့ကို လည်းကောင်း၊ စစ်ကိုင်းတိုင်းဒေသကြီး မုံရွာမြို့ အထွေထွေရောဂါကု ပြည်သူ့ဆေးရုံကြီးသို့မိဘဂုဏ်အောက်ဆီဂျင်စက်ရုံမှ ထုတ်လုပ်သည့် လီတာ ၄၀ ဆံ့ အောက်ဆီဂျင်အိုး ၁၀၅ လုံးကို လည်းကောင်း၊ မကွေးတိုင်းဒေသကြီး ရေနံချောင်းမြို့၌ Oxygen Plant စက်ရုံတည်ဆောက်ရန်အတွက် အလှူငွေကျပ်သိန်း ၅၀၀ ကို လည်းကောင်း၊ ပဲခူးတိုင်းဒေသကြီး ရေတာရှည်မြို့ မြို့နယ်ပြည်သူ့ ဆေးရုံနှင့် ဖြူးမြို့ပြည်သူ့ဆေးရုံများသို့ Oxygen Concentrator5L လေးလုံး၊ PPE ဝတ်စုံ ၈၀ နှင့် Hand Gel ၁၂ ဘူးတို့ကို လည်းကောင်း တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်များ၊ တိုင်းစစ်ဌာနချုပ်များမှ တိုင်းမှူးများ၊ ဌာနဆိုင်ရာဝန်ထမ်းများနှင့် လူမှုကူညီရေးအဖွဲ့အစည်းများက အသီးသီးသွားရောက်လှူဒါန်းကြရာ တာဝန်ရှိသူများက လက်ခံရယူခဲ့ကြသည်။

ထို့ပြင် တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီး၌ အောက်ဆီဂျင် လိုအပ်ချက်များ မရှိစေရေးအတွက် ကျန်းမာရေးဝန်ကြီးဌာနမှ Oxygen Plant များကို တိုးမြှင့်တပ်ဆင် လည်ပတ်လျက်ရှိပြီး တပ်မတော်အနေဖြင့်လည်း တိုင်းစစ်ဌာနချုပ် နယ်မြေအသီးသီးတွင် Oxygen Plant များကို တပ်ဆင်ထုတ်လုပ်ပေးလျက်ရှိရာ ယနေ့တွင် ရှမ်းပြည်နယ်မြောက်ပိုင်း အရှေ့မြောက်တိုင်းစစ်ဌာနချုပ်၊ ဘက်စုံစိုက်ပျိုး၊ မွေးမြူရေးခြံ၌ တပ်ဆင်ထုတ်လုပ်လျက်ရှိသည့် Oxygen Plant စက်ရုံ နှစ်ရုံနှင့် လားရှိုးမြို့ အထွေထွေရောဂါကု ဆေးရုံကြီး (ခုတင်-၅၀၀)၌ တပ်ဆင်ထုတ်လုပ်လျက်ရှိသည့် Oxygen Plant စက်ရုံများမှ အောက်ဆီဂျင် ထုတ်လုပ်နေမှုများကို လည်းကောင်း၊ ရှမ်းပြည်နယ်တောင်ပိုင်း အောင်ပန်းမြို့ တပ်မတော်ဆေးရုံ (ခုတင်-၇၀၀)အတွင်းရှိ Oxygen Plant စက်ရုံမှ အောက်ဆီဂျင် ထုတ်လုပ်ဖြန့်ဖြူး ပေးနေမှုများကိုလည်းကောင်း၊ မွန်ပြည်နယ် သထုံမြို့ ခရိုင်ပြည်သူ့ဆေးရုံကြီးရှိ အောက်ဆီဂျင်စက်ရုံမှ အောက်ဆီဂျင် ထုတ်လုပ်ဖြန့်ဖြူးပေးနေမှုများကိုလည်းကောင်း၊ စစ်ကိုင်းတိုင်းဒေသကြီးကလေးမြို့ပြည်သူ့ဆေးရုံ၊ စက်မှုဇုန်ဝန်းအတွင်းရှိ နိုင်တံခွန်ကုမ္ပဏီ Primus အောက်ဆီဂျင်စက်ရုံနှင့် သီတဂူစက္ခုဒါန ဆေးရုံများအတွင်းတို့၌ အောက်ဆီဂျင်စက် စတင်တပ်ဆင်လည်ပတ်နိုင်မှု အခြေအနေများကို လည်းကောင်း၊ မကွေးတိုင်းဒေသကြီး မကွေးမြို့ အဝေးပြေးကုန်တင်ကုန်ချယာဉ်ရပ်နားစခန်းနှင့် ချောက်မြို့ အမှတ်(၁၅) ရပ်ကွက်တို့၌ အောက်ဆီဂျင်စက်ရုံ တည်ဆောက်နေမှုတို့ကို လည်းကောင်း၊ ပဲခူးတိုင်းဒေသကြီး ဖြူးမြို့ ပြည်သူ့ဆေးရုံ အတွင်းရှိ အောက်ဆီဂျင်စက်ရုံ တည်ဆောက်နေမှုအခြေအနေများကို လည်းကောင်း သက်ဆိုင်ရာ တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်များ၊ တိုင်းစစ်ဌာနချုပ်များမှ တိုင်းမှူးများနှင့် တာဝန်ရှိသူများက သွားရောက်ကြည့်ရှု၍ လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးပြီး အလှူငွေများ ပေးအပ်လှူဒါန်းခဲ့ကြကြောင်း သတင်းရရှိသည်။ **(အပေါ်ဝဲပုံ)**

**သတင်းစဉ်**

# ပြည်ပနိုင်ငံများမှ ပြန်လည်ဝင်ရောက်လာသည့် မြန်မာနိုင်ငံသားများအား နယ်စပ်ဂိတ်များတွင် ဆက်လက်လက်ခံလျက်ရှိ

**နေပြည်တော် ဩဂုတ် ၁၃**

ပြည်ပနိုင်ငံများမှ ဝင်ရောက်လာသည့် မြန်မာနိုင်ငံသားများကို နယ်စပ်ဂိတ်များတွင် လက်ခံဆောင်ရွက်ပေးလျက်ရှိရာ ဩဂုတ် ၁၂ ရက်တွင် ရှမ်းပြည်နယ်မြောက်ပိုင်း မြန်မာ-တရုတ် နှစ်နိုင်ငံနယ်စပ်စစ်ဆေးရေးဂိတ်၊ ရန်လုံကျိုင်းတံတားမှ အမျိုးသား ၁၀ ဦး၊ အမျိုးသမီးရှစ်ဦး စုစုပေါင်း ၁၈ ဦးတို့ကိုလည်းကောင်း၊ ယနေ့တွင် ကရင်ပြည်နယ် မြဝတီမြို့ မြန်မာ-ထိုင်း ချစ်ကြည်ရေးတံတားမှ အမျိုးသား ၁၂၁ ဦး၊ အမျိုးသမီး ၈၃ ဦး စုစုပေါင်း ၂၀၄ ဦးကိုလည်းကောင်း အသီးသီး လက်ခံခဲ့သည်။

ထိုသို့ လက်ခံရာတွင် သက်ဆိုင်ရာပြည်သူ့ဆေးရုံများမှ ကျန်းမာရေးဆိုင်ရာ တာဝန်ရှိသူများ၊ တပ်မတော်ဆေးတပ်ဖွဲ့ဝင်များက ကိုဗစ်-၁၉ ရောဂါစစ်ဆေးပေးခြင်း၊ Quarantine ဝင်ရောက်ရမည့် အထောက်အထား စာရွက်စာတမ်းများ ပြုလုပ်ပေးခြင်း၊ ကျန်းမာရေးဝန်ကြီးဌာန၏ လမ်းညွှန်ချက်များကို ရှင်းလင်းပြောကြားခြင်းတို့ကို စနစ်တကျဆောင်ရွက်ပေးပြီး တိုင်းစစ်ဌာနချုပ်အသီးသီးမှ တာဝန်ရှိသူများ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများက လိုအပ်သည်များ ကူညီဆောင်ရွက်ပေးကြသည်။



ထို့နောက် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့များက စီစဉ်ဆောင်ရွက်ပေးသည့် ခရီးသည်တင်မော်တော်ယာဉ်များဖြင့် ၎င်းတို့နေရပ်အသီးသီးသို့ လိုက်လံပို့ဆောင်ပေးခဲ့ကြောင်းနှင့် ရောဂါပိုးတွေ့ရှိသူများအား သက်ဆိုင်ရာနေရာများတွင် သီးသန့်ထားရှိ၍ လိုအပ်သည့် ကျန်းမာရေးဆိုင်ရာများနှင့် အုပ်ချုပ်မှုဆိုင်ရာကိစ္စရပ်များကို အဆင်ပြေချောမွေ့အောင် ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**

# ကိုဗစ်-၁၉ ရောဂါနဲ့ နောက်တစ်ဆင့်မြှင့်တင်ရတော့မယ့် တိုင်းရင်းဆေးအခန်းကဏ္ဍ

**ထက်မြတ်**

အခါတစ်ပါးတုန်းက ဆေးဆရာကြီး ဇီဝက ဖြစ်လာမယ့် မင်းသားငယ်တစ်ပါး ဟာတက္ကသိလာမှာဆေးပညာသင်ယူနေ တယ်တဲ့။ နောက်ဆုံးမှာ ဆရာကြီးက မင်းသားရဲ့ အရည်အချင်းကိုဆန်းစစ် ချင်တော့ တောထဲသွားပြီး ဆေးဖက် မဝင်တဲ့ အပင်ရှာလာခဲ့ဖို့ခိုင်းသတဲ့။

အဲဒါနဲ့ မင်းသားဟာ မနက်မိုးလင်း ကတည်းက တောထဲဝင်သွားပြီး ဆေးဖက်မဝင်တဲ့အပင်ကို လိုက်ရှာ လိုက်တာ ညနေစောင်းချိန်မှ ဆရာကြီး ဆီပြန်ရောက်လာတယ်တဲ့။ ဒါပေမယ့် သူ့လက်ထဲမှာတော့ မြက်ပင်တစ်ပင် တောင်မှ မပါလာခဲ့ဘူးတဲ့။

ဒါကြောင့် ဆရာကြီးက အကြောင်း ရင်းကို စုံစမ်းမေးမြန်းကြည့်လိုက်တဲ့ အခါ လောကမှာ ဆေးဖက်မဝင်တဲ့အပင် ရယ်လို့ မရှိတဲ့အတွက် လက်ဗလာနဲ့ ပြန်လာရခြင်းဖြစ်တဲ့အကြောင်း မင်းသား ငယ်က ပြန်ပြောလိုက်တာပေါ့။

အဲဒီနောက်မှာတော့ ဆရာကြီး လည်း ဝမ်းသာအားရနဲ့ ဇီဝကကို ဆေးပညာ အစုံအလင်တတ်မြောက်ပြီလို့ ဆိုပြီး သူ့တိုင်းပြည်ကို ပြန်လွှတ်လိုက် ပါတော့တယ်။ နောက်ပိုင်းမှာ ဇီဝက ဆိုတာ မြန်မာတွေနားထဲ စွဲထင်ကျန် နေဆဲဖြစ်ရတဲ့အထိကို သမိုင်းကြောင်း လှတဲ့ ဆေးဆရာကြီးတစ်ပါး ဖြစ်ခဲ့ ပါတယ်။

ကြီးတွေက အနာရောဂါနဲ့ကိုက်ညီအောင် သင့်တင့်လျောက်ပတ်စွာ ဖော်စပ်ထားတဲ့ ဆေးဝါးတွေကို လူနာတွေကမှီဝဲစားသုံး လိုက်ခြင်းအားဖြင့် အနာရောဂါတွေ ပျောက်ကင်းသွားရတာပါ။

မြန်မာ့သမိုင်းမှာလည်း နန်းတွင်း သုံးဆေးဝါးတွေလို တကယ်ကို အစွမ်း ထက်တဲ့ တိုင်းရင်းဆေးကောင်းဝါး ကောင်းတွေ အများကြီးပိုင်ဆိုင်ခဲ့ဖူး ပါတယ်။ မြန်မာ့တိုင်းရင်းဆေးနဲ့ လူနာ ပေါင်းမြောက်မြားစွာရဲ့အသက်တွေကို လည်း ကုသကယ်တင်ပေးနိုင်ခဲ့ပါတယ်။

အာရှနဲ့ အာဖရိကဒေသမှာ လူဦးရေ ၈၀ ရာခိုင်နှုန်းက သူတို့ရဲ့မိရိုးဖလာ ဆေးဝါးဖြစ်တဲ့ တိုင်းရင်းဆေးဝါးတွေ အပေါ်မှာသာ အဓိကမှီခိုအသုံးပြုနေ တယ်လို့ ဝီကီပီးဒီးယားမှာ ဖော်ပြထား တာ တွေ့ရပါတယ်။

ဒီတော့ တိုင်းရင်းဆေးဝါးဆိုတာ နိုင်ငံတိုင်းလိုလိုမှာ ရှေးအစဉ်အဆက် ကတည်းက အသုံးပြုလာတဲ့ဆေးဝါးတွေ ဖြစ်ပြီး အခုအချိန်မှာတော့ အနောက် တိုင်းဆေးဝါးတွေ ဝင်ရောက်လာတဲ့အခါ တိုင်းရင်းဆေးဝါးတွေရဲ့အခန်းကဏ္ဍက မှေးမှိန်သယောင်ဖြစ်လာတာကို တွေ့ရ ပါတယ်။

အထူးသဖြင့်တော့ အခုလို ကိုဗစ်-၁၉ ရောဂါဖြစ်ပွားနေတဲ့ ကာလကြီးမှာ အနောက်တိုင်းဆေးဝါးတွေအပေါ် မှီခို နေရမှုကို လျှော့ချပြီး တိုင်းရင်းဆေးရဲ့ အခန်းကဏ္ဍကို ပြန်လည်ဖော်ထုတ် အဆင့်မြှင့်တင်သင့်ပါတယ်။

ဟုတ်ပါတယ်။ မော်ဖင်းဟာ အင်မတန်မှအစွမ်းထက်တဲ့ အကိုက် အခဲပျောက်ဆေးကြီး ဖြစ်ပါတယ်။ ဒါပေမယ့် သူ့ကို ထုတ်လုပ်ဖို့အတွက် အဓိကပါဝင်ပစ္စည်းတွေကို ဘိန်းပင်က နေ ရယူရတာပါ။

ဘိန်းဆိုတာ အသုံးမတတ်တဲ့လူသား တွေအတွက်တော့ ဘဝကိုလူညွှန့်တုံး အောင် ဖျက်ဆီးနိုင်စွမ်းရှိပေမယ့် အသုံး တည့်အောင် ဖန်တီးနိုင်တဲ့အခါမှာတော့ ဆေးစွမ်းကောင်းတစ်လက်ကို ထွက်ပေါ် လာစေပါတယ်။

ဒါဟာ လောကမှာ ဆေးဖက်မဝင်တဲ့ အပင်မရှိဘူးလို့ဆိုထားတဲ့ ဆေးဆရာ ကြီး ဇီဝကရဲ့စကားက မှန်ကန်ကြောင်း သက်သေပြချက်တစ်ခုလိုပါပဲ။

### တိုင်းရင်းဆေးနဲ့ အနောက်တိုင်းဆေးဝါးကွာခြားချက်

တိုင်းရင်းဆေးနဲ့ အနောက်တိုင်း ဆေးဝါးက ဘာတွေကွာခြားလဲဆိုရင် တိုင်းရင်းဆေးက အထက်မှာဆိုခဲ့တဲ့ အတိုင်း သစ်မြစ်၊ သစ်ဥ၊ သစ်ဖု၊ အပင်ရဲ့ ပဉ္စင်းပါးစတာတွေကို သက်ဆိုင်ရာ ရောဂါတွေအတွက် အချိုးကျပေါင်းစပ်ပြီး ထုတ်လုပ်ထားတာပါ။

ဆေးကိုသောက်တဲ့အခါမှာကျတော့ ဆေးရဲ့မူလအာနိသင်ပျက်ပြယ်မသွားစေ အောင် သူ့ရဲ့မူလအနံ့အရသာအတိုင်းပဲ သောက်သုံးရတဲ့အတွက် ပါဝင်ပစ္စည်း အပေါ်မူတည်ပြီးအရသာခံစားရစေပါတယ်။

အနောက်တိုင်းဆေးဝါးကကျတော့

> ❒ အာရှနဲ့ အာဖရိကဒေသမှာ လူဦးရေ ၈၀ ရာခိုင်နှုန်းက သူတို့ရဲ့ မိရိုးဖလာ ဆေးဝါးဖြစ်တဲ့ တိုင်းရင်းဆေးဝါးတွေအပေါ်မှာသာ အဓိကမှီခိုအသုံးပြုနေတယ်လို့ ဝီကီပီးဒီးယားမှာ ဖော်ပြထား တာ တွေ့ရပါတယ်

ဇီဝကလိုမျိုး ဆေးဆရာကြီးတောင်မှ လောကမှာ ဆေးဖက်မဝင်တဲ့အပင်ကို မရှာနိုင်ဘူးဆိုတာ ဒီသမိုင်းကသက်သေခံ နေပါတယ်။ ဒါဟာ တိုင်းရင်းဆေးဝါး ဖြစ်ပေါ်မှုရဲ့ အရေးပါပုံကို ပွင့်လင်း မြင်သာစွာ မြင်တွေ့နိုင်တဲ့ဥပမာပါပဲ။

### တိုင်းရင်းဆေးဆိုတာ ဘာလဲ

တိုင်းရင်းဆေးဆိုတာက သစ်ဥ သစ်ဖုတွေ၊ အပင်တွေ၊ အရွက်တွေ စတာတွေကို ရောနှောပေါင်းစပ်ပြီး လိုအပ်သလို အသုံးပြုခြင်းအားဖြင့် ရောဂါဝေဒနာတွေကို သက်သာပျောက် ကင်းစေတာကြောင့် မိရိုးဖလာလက်ဆင့် ကမ်းလာတဲ့ ဆေးဝါးတွေဖြစ်ပါတယ်။

မြန်မာတွေမှာလည်း ကိုယ်ပိုင် တိုင်းရင်းဆေးတွေ၊ တိုင်းရင်းဆေး ကျမ်းတွေ များစွာရှိပါတယ်။ တိုင်းရင်း ဆေးဆရာကြီးတွေရဲ့ သုံးသပ်ချက် ကတော့ ဓာတ်ကြီးလေးပါးလို့ခေါ်တဲ့ မြေဓာတ်၊ ရေဓာတ်၊ လေဓာတ်၊ မီးဓာတ် တို့ မညီညွတ်ခြင်းကြောင့် အနာရောဂါ တွေ ဖြစ်ရတာလို့ဆိုပါတယ်။

အဲဒီအခါမှာ တိုင်းရင်းဆေးဆရာ

### အနောက်တိုင်းဆေးဝါးဆိုတာ ဘာလဲ

အနောက်တိုင်းဆေးဝါးဆိုတာက တော့ ရှင်းပါတယ်။ အနောက်နိုင်ငံတွေက ထုတ်လုပ်တဲ့ဆေးဝါးတွေကို ဆိုလိုတာ ပါ။ သူတို့အနေနဲ့ အဲဒီဆေးဝါးတွေကို ဘယ်ကနေထုတ်တာလဲဆိုရင် အရင်း စစ်တော့ အမြစ်မြေကဆိုသလို အပင် တွေကနေပဲ အဓိကရယူကြတာပါ။

ဒါပေမယ့် သူတို့ရဲ့အားသာချက် တစ်ခုက ဓာတ်ခွဲခန်းတွေအသုံးပြုပြီး အသေးစိတ်ပိုင်းခြားစိတ်ဖြာ တီထွင် ထုတ်လုပ်တယ်လို့ ဆိုကြတဲ့အတွက် သူတို့ရဲ့ဆေးဝါးတွေအပေါ်မှာ လူတွေရဲ့ ယုံကြည်မှုက ပိုလာတာဖြစ်ပါတယ်။

ဓာတ်ခွဲခန်းကနေ ထုတ်လုပ်တဲ့ ကမ္ဘာ့ပထမဆုံးဆေးဝါးက ဘာဆေး ဖြစ်မယ်လို့ထင်ပါသလဲ။ မော်ဖင်းလို့ ခေါ်တဲ့ အကိုက်အခဲပျောက်ဆေးပါ။ အဲဒီမော်ဖင်းကို ဘယ်အပင်ကနေ ထုတ်လုပ်တာလဲလို့ ဆက်ပြီးမေးလိုက် ပါရစေ။ တော်တော်များများကတော့ သိကြမှာပါ။ သူ့ကို ဘိန်းပင်ကထုတ်လုပ် တယ်ဆိုတာကိုလေ။

ဓာတ်ခွဲခန်းမှာ လက်တွေ့စမ်းသပ်တယ်။ နည်းပညာပိုင်းဆိုင်ရာမှာ တိုးတက်မှု ရှိတဲ့အတွက် လက်တွေ့စမ်းသပ်မှုအပိုင်း နဲ့ လိုအပ်တဲ့ ပါဝင်ပစ္စည်းပမာဏကို အတိ အကျ ထုတ်ယူရောစပ်နိုင်စွမ်းရှိတယ်။

ဒ့ါအပြင် ကလေးငယ်တွေနဲ့ ဆေး သောက်ရတဲ့သူတွေမှာ ဆေးအဝင်မဆိုး အောင်လို့ အနံ့အရသာလေးပါ အပိုဆောင်း ထပ်ထည့်လိုက်တဲ့အခါကျတော့ အနောက် တိုင်းဆေးက သောက်လို့ပိုအဆင်ပြေ တယ်ဆိုပြီး ဖြစ်လာတာပါ။

တကယ်တမ်း ဘာကွာခြားလဲ ဆိုတော့ ဆေးအာနိသင်က ထူးထူး ခြားခြားကြီး မကွာခြားပါဘူး။ လူနာ အနေနဲ့ သောက်ချင်စိတ်ဖြစ်လာအောင် ဖန်တီးမှုပဲ ကွာခြားပါတယ်။ ဒါကတော့ ကျွန်တော့်အမြင်ပါ။

တစ်နည်းပြောရရင် အနောက်တိုင်း ဆေးဝါးများသည်လည်း သူတို့အတွက် တော့ တိုင်းရင်းဆေးဝါးပဲ ဖြစ်ပါတယ်။

### ကိုဗစ်-၁၉ ရောဂါနဲ့ ကုသရမယ့်ဆေးဝါး

ကိုဗစ်-၁၉ ရောဂါအကြောင်းက



တော့ တော်တော်များများသိပြီးဖြစ်လို့ အကျယ်တဝင့် မပြောလိုတော့ပါဘူး။ ဒါပေမယ့် သူ့အတွက် ကုသရမယ့်ဆေး အကြောင်းကတော့ အကျယ်တဝင့် ပြောရပါလိမ့်မယ်။

ကမ္ဘာပေါ်မှာ ဒီနေ့ဒီအချိန်အထိ ကိုဗစ်-၁၉ ရောဂါကို အရှင်းပျောက်ကင်း အောင်ကုသနိုင်မယ့် ဆေးဝါးမရှိသေး ပါဘူး။ သက်ဆိုင်ရာနိုင်ငံအသီးသီးက ဟိုဆေးကောင်းနိုးနိုး၊ ဒီဆေးကောင်း နိုးနိုးနဲ့သာ လူနာတွေကိုကုသမှုတွေ ပေးနေရတာပါ။

အထူးသဖြင့်တော့ အရောင်ကျဆေး တွေကို အဓိကထားပြီး အသုံးပြုကြတာ များပါတယ်။ ဥပမာအားဖြင့် ရမ်ဒက် ဆီဗီယာလိုဆေးမျိုးပေါ့။ အဲဒီဆေးက အနောက်တိုင်းဆေးပါ။

ဒီကနေ့လို အနောက်တိုင်းယဉ်ကျေး မှု လွှမ်းမိုးလွှမ်းတဲ့ကမ္ဘာကြီးမှာ တိုင်းရင်း ဆေးဝါးတွေထက် အနောက်တိုင်းဆေး တွေကိုပဲ လူသိများတာ ဆန်းတော့မဆန်း ပါဘူး။

ဒါဆိုရင် တိုင်းရင်းဆေးတွေကကော ကိုဗစ်-၁၉ ရောဂါကို ကုသဖို့အတွက် မစွမ်းဆောင်နိုင်ဘူးလားလို့ မေးစရာရှိ ပါတယ်။ အဖြေကတော့ စွမ်းဆောင်နိုင် တယ်လို့ပဲပြောပါရစေ။

ဒီအတွက် သက်သေပြရမယ်ဆိုရင် တော့ ကိုယ်တွေရဲ့ မြန်မာနိုင်ငံနဲ့အနီး စပ်ဆုံး အိမ်နီးချင်းနိုင်ငံတွေထဲကမှ ထိုင်းနိုင်ငံနဲ့ တရုတ်နိုင်ငံတို့ကို ဥပမာ ပေးပြီး တင်ပြသွားပါမယ်။

### ထိုင်းနိုင်ငံရဲ့ တိုင်းရင်းဆေး

ထိုင်းနိုင်ငံ ကိုဗစ်-၁၉ ရောဂါစီမံ ခန့်ခွဲမှုဌာနက ဖာတလိုင်ဂျုံ (ဆေးခါး ကြီး) လို့ခေါ်တဲ့ တိုင်းရင်းဆေးဝါးနဲ့ ကိုဗစ်-၁၉ ရောဂါကုသနိုင်မှုသုတေသန ကို ၂၀၂၀ ပြည့်နှစ် အောက်တိုဘာလ ၉ ရက်မှာ ထုတ်ပြန်ထားတာရှိပါတယ်။

သူတို့ရဲ့ သုတေသနမှာတော့ ဆေးခါးကြီးက ကိုဗစ်-၁၉ ရောဂါပိုး ကူးစက်မှုကို မကာကွယ်နိုင်ပေမယ့် ခန္ဓာကိုယ်တွင်းမှာရှိတဲ့ ရောဂါပိုးတွေ ကိုတော့ ထပ်ပြီးမပြန့်ပွားအောင် ကူညီ နိုင်တယ်ဆိုတာကို တွေ့ရတယ်လို့ ကျန်းမာရေးဝန်ကြီးဌာန ဒုတိယ ညွှန်ကြားရေးမှူးချုပ် ဒေါက်တာ အမ်ပွန် ဘန်ဂျာပွန်ပီတက်က ပြောပါတယ်။

လက်တွေ့ စမ်းသပ်မှုတွေကိုတော့ စမွတ်ပရာကန်၊ ချောင်ဘူရီနဲ့ ဘန်ဂလာ မန်း တို့မှာရှိတဲ့ ဆေးရုံတွေမှာ တက် ရောက်ကုသမှုခံယူနေရတဲ့ ကိုဗစ်-၁၉ လူနာတွေနဲ့ လုပ်ဆောင်ခဲ့တာပါ။ အဲဒီ လူနာတွေဟာ ဆေးခါးကြီးရဲ့အာနိသင် ကို ချက်ချင်းတုံ့ပြန်မှုရှိပြီး သုံးရက် အတွင်းမှာပဲ ရောဂါဖြစ်ပွားမှုကနေ လျင်မြန်စွာ သက်သာလာတယ်လို့ဆိုပါ တယ်။ ဒ့ါအပြင် ဆေးရဲ့ဘေးထွက် ဆိုးကျိုးရှိ မရှိ လေ့လာဆန်းစစ်ချက်အရ လူနာရဲ့အသည်းတို့၊ ကျောက်ကပ်တို့ကို ထိခိုက်မှုမရှိဘူးဆိုတာလည်း တွေ့ရ ပါတယ်။

နောက်ထပ် အနီးစပ်ဆုံးသုတေသန ထုတ်ပြန်ချက်တစ်ခုကို တင်ပြပါဦးမယ်။ အဲဒါကတော့ အခုနှစ် ဇွန်လကမှ ထုတ်ပြန်ထားတဲ့ဟာပါ။ သုတေသနကို ထုတ်ပြန်တာက ပြည်သူ့ကျန်းမာရေး ဝန်ကြီးဌာန ဖြစ်ပါတယ်။

သူတို့ရဲ့ ထုတ်ပြန်ချက်ထဲမှာတော့ ထိုင်းနိုင်ငံ တိုင်းရင်းဆေးဝါးဌာနက လုပ်တဲ့ သုတေသနတွေထဲမှာ ဆေးခါး ကြီးက ကိုဗစ်-၁၉ ရောဂါကို ကုသရာမှာ ထိရောက်မှုအရှိဆုံးလို့ ထပ်လောင်း အတည်ပြုထားပါတယ်။

ဒ့ါအပြင် မဟီဒေါတက္ကသိုလ် နဲ့ သက်ရှိသတ္တဝါနဲ့အပင်များကို လေ့လာ မှုဌာနတို့ရဲ့ ပူးတွဲသုတေသနမှာတော့ တိုင်းရင်းဆေး ၁၂၂ မျိုးထဲကမှ ခြောက် မျိုးက ကိုဗစ်-၁၉ ရောဂါကုသမှုအတွက် အခြေခံအဖြစ် အသုံးပြုနိုင်တယ်လို့ တွေ့ရှိထားပါတယ်။ အဲဒီခြောက်မျိုး ထဲကမှ ဆိပ်ဖူးပင်အမြစ်ဟာ ကိုဗစ်-၁၉ ရောဂါပိုးကို နှိမ်နင်းရာမှာ အထိရောက် ဆုံးဖြစ်တယ်ဆိုတာကိုလည်း တွေ့ထား ပါတယ်။

ဆေးရဲ့အာနိသင်ထိရောက်မှုရှိစေဖို့ ကျန်းမာတဲ့ ကလာပ်စည်းတွေကို အန္တရာယ်မဖြစ်စေအောင် သင့်လျော်တဲ့ ဆေးပမာဏအနည်းငယ်လောက် သုံးစွဲ ပေးရင်ကို ရပါပြီလို့ဆိုပါတယ်။

အခုနောက်ဆုံး တွေ့ရသလောက် ကတော့ အဝင်ဆိုးပါတယ်ဆိုတဲ့ ဆေးခါး ကြီးတို့လို တိုင်းရင်းဆေးတွေကို သမား ရိုးကျ ဆေးမှုန့်ပုံစံနဲ့မဟုတ်ဘဲ ဆေးတောင့်ပုံစံနဲ့ ထုတ်လုပ်လာတာ ဖြစ်တဲ့အတွက် အဝင်လည်း ထင်သ လောက်ဆိုးစေမှာမဟုတ်သလို ဆေး ပမာဏတိကျတဲ့အတွက်လည်း ထိရောက် မှုက ပိုမိုကောင်းမွန်မယ်လို့ သုံးသပ်ရ ပါတယ်။

*(ဆက်လက်ဖော်ပြပါမည်)*

# ကျိုက္ခမီ ဆုတောင်းပြည့်ရေလယ်ဘုရားအား လာရောက်ဖူးမြော်ခွင့်ပြုပြီ

**သံဖြူဇရပ် ဩဂုတ် ၁၃**

မွန်ပြည်နယ် သံဖြူဇရပ်မြို့နယ် ကျိုက္ခမီမြို့ ဆုတောင်းပြည့် ရေလယ်ဘုရားကြီးသို့ လာရောက်ဖူးမြော်လိုကြသည့် ရပ်ဝေးရပ်နီးမှ ဘုရားဖူးပြည်သူများအား ဩဂုတ် ၁၄ ရက်မှ စတင်ကာ ဖူးမြော်ခွင့် ပြန်လည်ခွင့်ပြုပြီဖြစ်ကြောင်း ကျိုက္ခမီရေလယ်ဘုရားကြီး၏ ဂေါပကအဖွဲ့ရုံးမှ သိရသည်။

ကျိုက္ခမီ ရေလယ်ဆံတော်ရှင်မြတ်ဘုရားကြီးအား အနီးကပ်ဖူးမြော်ခွင့်ကို လွန်ခဲ့သည့် ဇူလိုင်လ ပထမအပတ်မှစတင်ပြီး ကိုဗစ်-၁၉ ရောဂါတတိယလှိုင်း ကူးစက်မှုမြင့်တက်လာမှုကြောင့် ယာယီပိတ်ထားခဲ့ကြောင်း၊ ယခုအခါ ဒေသအတွင်း ကိုဗစ်-၁၉ ရောဂါကူးစက်ဖြစ်ပွားမှု ကျဆင်းလာသည့်အတွက် ဝါတွင်းကာလအတွင်း ဩဂုတ် ၁၄ ရက်မှစတင်ပြီး ဘုရားဖူးပြည်သူများက ကိုဗစ်-၁၉ ကာကွယ်ရေး စည်းကမ်းသတ်မှတ်ချက်များအတိုင်း လိုက်နာပြီး ဖူးမြော်ခွင့်ကို ပြန်လည်ခွင့်ပြုကြောင်း ကျိုက္ခမီရေလယ်ဘုရားဂေါပကအဖွဲ့ရုံးမှ ရုံးတာဝန်ခံ ဦးဖိုးငြိမ်းက ပြောသည်။

ဘုရားဖူးလာရောက်မည့် ပြည်သူများ အနေဖြင့် ရေလယ်ဘုရားဂေါပကအဖွဲ့ရုံးမှ ချမှတ်ထားသည့် ကိုဗစ်-၁၉ ရောဂါကာကွယ်ရေး ညွှန်ကြားချက်များနှင့်အညီ ကျိုက္ခမီ ရေလယ်ဘုရားသို့ ဘုရားဖူးလာရောက်နိုင်ကြောင်း သိရသည်။ **ကျော်ဝင်း(သံဖြူဇရပ်)**

# နယ်စပ်ရေးရာဝန်ကြီးဌာနက ကျိုင်းတုံမြို့နယ် ကိုဗစ်စင်တာများသို့ အင်အားဖြည့်အစားအစာများ လှူဒါန်း

**နေပြည်တော် ဩဂုတ် ၁၃**

နယ်စပ်ရေးရာဝန်ကြီးဌာန နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ရှမ်းပြည်နယ် (အရှေ့ပိုင်း) ကျိုင်းတုံခရိုင် ကျိုင်းတုံမြို့နယ်အတွင်းရှိ ကိုဗစ်စင်တာများတွင် တက်ရောက်ဆေးကုသနေသော လူနာများအတွက် လိုအပ်သော ဆေးဝါးများ၊ အင်အားဖြည့်အစားအစာများ၊ ရေသန့်ဘူးများကို ရှမ်းပြည်နယ်ဖွံ့ဖြိုးမှုကြီးကြပ်ရေးရုံးခွဲမှ ဒုတိယညွှန်ကြားရေးမှူး ဦးသီဟဇော်နှင့် အဖွဲ့ဝင်များက ယနေ့နံနက်ပိုင်းတွင် ကျိုင်းတုံမြို့နယ် ကိုဗစ်-၁၉ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်း ကော်မတီဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးလှိုင်းမောင်မောင်ထံသို့ ထောက်ပံ့လှူဒါန်း ပေးအပ်ခဲ့ကြောင်း သိရသည်။

သတင်းစဉ်



## ယနေ့ဈေးကွက်ပေါက်ဈေးများ

၁၃ - ၈ - ၂၀၂၁

**ရွှေ**

| | | | | | |
|---|---|---|---|---|---|
| ရန်ကုန် | ၁၆ ပဲရည် | ရောင်းဈေး | တစ်ကျပ်သား | ကျပ် | ၁၆၂၃၀၀၀ |
| ရန်ကုန် | ၁၅ ပဲရည် | ရောင်းဈေး | တစ်ကျပ်သား | ကျပ် | ၁၅၂၇၅၀၀ |
| မန္တလေး | ၁၆ ပဲရည် | ရောင်းဈေး | တစ်ကျပ်သား | ကျပ် | ၁၆၂၃၀၀၀ |
| မန္တလေး | ၁၅ ပဲရည် | ရောင်းဈေး | တစ်ကျပ်သား | ကျပ် | ၁၅၂၇၅၀၀ |

(အောင်သမာဓိမှ ရယူပါသည်)

**စက်သုံးဆီ**

| စက်သုံးဆီ | လက်လီဈေး(ရန်ကုန်) | | လက်လီဈေး(မန္တလေး) | |
|---|---|---|---|---|
| ဒီဇယ်(တစ်လီတာ) | ၉၇၀ | ကျပ် | ၉၈၀ | ကျပ် |
| ပရီမီယံဒီဇယ်(တစ်လီတာ) | ၉၈၀ | ကျပ် | ၉၉၀ | ကျပ် |
| အောက်တိန်း ၉၂ | ၁၀၂၀ | ကျပ် | ၁၀၅၀ | ကျပ် |
| အောက်တိန်း ၉၅ | ၁၀၅၀ | ကျပ် | ၁၀၈၀ | ကျပ် |

(၃၆၀ ဒီဂရီ စက်သုံးဆီအရောင်းဆိုင်)

**နိုင်ငံတကာ ငွေကြေးများ**

| | | | |
|---|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ကျပ် | ၁၆၅၀ . ၀ |
| ဥရောပ | တစ်ယူရို | ကျပ် | ၁၉၃၆ . ၄ |
| စင်ကာပူ | တစ်ဒေါ်လာ | ကျပ် | ၁၂၁၄ . ၆ |
| ထိုင်း | တစ်ဘတ် | ကျပ် | ၄၉ . ၄၉၈ |
| ဂျပန် | ယန်း ၁၀၀ | ကျပ် | ၁၄၉၄ . ၈ |
| မလေးရှား | တစ်ရင်းဂစ် | ကျပ် | ၃၈၉ . ၅၄ |
| တရုတ် | တစ်ယွမ် | ကျပ် | ၂၅၄ . ၆၁ |
| အိန္ဒိယ | တစ်ရူပီး | ကျပ် | ၂၂ . ၂၀၇ |

(ဗဟိုဘဏ်ပေါက်ဈေးဖြစ်ပါသည်)

**ရန်ကုန်စတော့အိတ်ချိန်းဈေးကွက်**

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၉၀၀၀ | ၉၀၀၀ | ၃ | ၂၇၀၀၀ |
| MTSH | ၃၃၀၀ | ၃၃၀၀ | ၂၅၁၂ | ၈၂၈၉၆၀၀ |
| MCB | ၇၉၀၀ | ၇၉၀၀ | ၈ | ၆၃၂၀၀ |
| FPB | ၂၀၀၀၀ | ၂၀၀၀၀ | ၁၀၄ | ၂၀၈၀၀၀၀ |
| TMH | ၂၇၀၀ | ၂၇၀၀ | ၅၀၅၀၆ | ၁၃၆၆၂၀၀ |
| EFR | ၀ | ၀ | ၀ | ၀ |
| AHP | ၄၉၀၀ | ၅၀၀၀ | ၁၆ | ၇၉၉၀၀ |

ညီညီ - စုစည်းသည်


**မြန်မာ့အလင်း**

| | |
|---|---|
| စာတည်းမှူးချုပ် | - အောင်နိုင်ဦး |
| ခေတ္တစာတည်းမှူး | - မြင့်စိုး |
| သတင်းထောက်မှူး | - ခင်ရတနာ |
| စာတည်းများ | - ကြည်ဝင်း၊ ဝင်းကျော်၊ သိမ့်သိမ့်မိုး |
| ဘာသာပြန်စာတည်း | - ခြူးစန္ဒီနွေး၊ တင်လင်းအောင် |
| အကြီးတန်းသတင်းထောက်များ | - ကျော်သူဝင်း၊ စိန်လွင်အောင်၊ ဇင်ဦး၊ တင်မောင်လွင်၊ ဟိန်းထက်ဇော် |
| အငယ်တန်းသတင်းထောက်များ | - နေဝင်းထွန်း(၂)၊ ဝေသူနွယ်၊ မီမီဖြိုး |
| ဓာတ်ပုံသတင်းထောက် | - တင်စိုး |
| သုတေသန | - အိအိခင်နှင့် အဖွဲ့ |
| စာပြင် | - အေးအေးမိုးလှိုင်နှင့် အဖွဲ့ |
| စာမျက်နှာဖွဲ့စည်းမှုနှင့်ဒီဇိုင်း | - ဇော်ဝိုင်းအောင်၊ သန်းထွန်းအောင်နှင့် အဖွဲ့ |
| အီးမေးနှင့် အွန်လိုင်း | - သက်လွင်ဦးနှင့် အဖွဲ့ |
| ထုတ်ဝေခြင်းအမှတ် | - (၀၁၀၉၃) |
| ပုံနှိပ်ခြင်းအမှတ် | - (၀၀၈၇၇) |



mmalin.npt@ gmail.com
www.facebook.com/MYANMAALINNNEWS

နေပြည်တော်-စာတည်းမှူး ၀၆၇-၃၆၁၄၂၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၄၅၊ ဖက်စ် ၀၆၇-၃၆၁၄၃၊ ရန်ကုန်ရုံးခွဲ- အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂) ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်-၄၀၊ စာတည်းအဖွဲ့ ၀၁-၅၄၄၃၀၉၊ မန်နေဂျာ ၀၁-၅၄၄၃၁၄၊ စီမံ ၀၁-၅၄၄၃၁၅၊ ငွေစာရင်း ၀၁-၅၄၄၃၁၆၊ ကြော်ငြာ ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊ Fax ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈၊ ဖြန့်ချိရေး ၀၁-၅၄၄၃၁၇၊ Fax ၀၁-၈၆၀၄၅၄၆။



MYANMAR Digital News Presented by NPE www.mdn.gov.mm


## မြန်မာ့အသံနှင့်ရုပ်မြင်သံကြား

၁၄-၈-၂၀၂၁ စနေနေ့

**MRTV HD**

- **၀၆:၀၀** မေတ္တသုတ်၊ ရတနသုတ်၊ မောရ္ဆုံသုတ် အန္တရာယ်ကင်းပရိတ်တရားတော်
- **၀၇:၀၀** နံနက်ခင်းသတင်း
- **၀၇:၃၅** Weekly Sports Info
- **၀၉:၄၅** ရောင်စဉ်ကင်းလို့တစ်သားတည်းအတူ အပြုံးရောင်နှလုံးသားများနဲ့ပေးလို့ကူ
- **၁၀:၀၀** သတင်းထဲကသတင်း
- **၁၀:၂၀** ရုပ်မြင်သံကြားဇာတ်လမ်း **'ငွေးငွေးသောမေတ္တာအိမ်ကလေး'**
- **၁၃:၀၀** အတွေးအမြင်(အပိုင်း-၈)
- **၁၃:၃၀** MRTV National News
- **၁၆:၃၅** ပုံပြင်ကမ္ဘာအစီအစဉ် **'တာဝန်သိစိတ်'**
- **၁၇:၀၅** ရှုလေမြင်လေကမ္ဘာမြေ
- **၁၇:၂၀** ရှုဖွယ်စုံလင်အာဆီယံအစီအစဉ်
- **၁၇:၃၅** MRTV Travelogue
- **၁၈:၀၀** ပြည်တွင်းသတင်း
- **၁၈:၁၀** သုတဝေဖြာသီရိဂေဟာ
- **၁၉:၂၀** နိုင်ငံခြားဇာတ်လမ်းတွဲ **'အမှန်တရားရဲ့လျှို့ဝှက်ချက်'** (အပိုင်း-၁၃)
- **၂၀:၀၀** ပြည်တွင်းသတင်း၊ နိုင်ငံတကာသတင်း မိုးလေဝသအခြေအနေ
- **၂၁:၀၀** ကိုဗစ်-၁၉ ရောဂါကာကွယ် ထိန်းချုပ်ရေးဆိုင်ရာဆောင်ရွက်ချက်များအကြောင်းသိကောင်းစရာ
- **၂၁:၃၅** **'သုဝဏ္ဏသာမဇာတ်တော်ကြီး'** (ဇာတ်တော်ကြီး-ပထမဆု) (ဒုတိယပိုင်း)

**mitv**

- **07:01** News
- **07:26** Great Shwedagon - The Prayer Halls And Buddha Images (Part-2)
- **07:52** Sagaing: Gold Leaf
- **08:00** Weekly Review
- **08:16** Myanmar Masterclass: 3D
- **08:26** Discovering Tribes: Enn (Their Life and Customs)
- **08:52** Kid's Home
- **09:00** Myanmar Designer Studio: Yone Yone
- **09:18** Applied Myanmar Traditional Martial Art (Part-2)
- **09:49** Ecotourism: Bat Cave and Chatthin Wildlife Sanctuary
- **10:01** Dances of Myanmar: Mon Farmer Choral Dance
- **10:30** Sayit-wyne Girls
- **11:01** The Lives of Stone Slab and Mortar Makers
- **11:19** Pyin Oo Lwin Sweater

**MRTV NRC**

**ကယား (၀၆:၀၀ မှ ၀၈:၀၀)**
ကယားဘာသာစကားပြောကြရအောင် (အပိုင်း-၁)

**ဝကောကရင် (၀၈:၀၀ မှ ၀၉:၀၀)**
တောင်ကျွန်းသို့အလည်တစ်ခေါက်

**အနောက်ပိုးကရင် (၀၉:၀၀ မှ ၁၀:၀၀)**
ပျော်ပျော်ပါးပါး မျှစ်ချိုးသွားရအောင်

**အရှေ့ပိုးကရင် (၁၀:၀၀ မှ ၁၁:၀၀)**
ဖားစည်မြေမှ ရိုးရာအလှ(အပိုင်း-၂)

**ချင်း (လိုင်ဇိုး) (၁၁:၀၀ မှ ၁၂:၀၀)**
တေးသံရှင် (B Cung Lian Thawng)

**ချင်း (ချိုး) (၁၂:၀၀ မှ ၁၃:၀၀)**
သူတို့ရဲ့ဒုတိယရင်ခွင်

**မွန် (၁၃:၀၀ မှ ၁၅:၀၀)**
ကော့နပ်ရွာက ဦးနာအောက်ဘုရား

**ရခိုင် (၁၅:၀၀ မှ ၁၇:၀၀)**
ထိန်းသိမ်းစို့လေ ရိုးရာအမွေ(ရထားတွဲပွဲ) (အပိုင်း-၁)

**ရှမ်း (၁၇:၀၀ မှ ၁၉:၀၀)**
ရှမ်းဘာသာစကားပြောကြရအောင်(အပိုင်း-၁)

**ဝ (၁၉:၀၀ မှ ၂၁:၀၀)**
ရိုးရာယဉ်ကျေးမှုပြခန်း

**ကချင် (၂၁:၀၀ မှ ၂၃:၀၀)**
မနောအကဆင်းသက်လာပုံ

**MRTV PARLIAMENT**

- **၀၉:၀၀** အဖွင့်၊ အလံ
- **၁၀:၀၀** ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ ကြေညာချက်သတင်းများ
- **၁၀:၃၀** ဥပဒေဆိုင်ရာသိမှတ်ဖွယ်ရာ ဆွေးနွေးခန်း(အပိုင်း-၅)
- **၁၁:၀၀** ဥပဒေရေးရာအဖြာဖြာဇာတ်လမ်းတို **'လူမိုက်တို့သွားရာလမ်း'**
- **၁၁:၃၀** ဥပဒေဆိုင်ရာသိမှတ်ဖွယ်ရာ ဆွေးနွေးခန်း (အပိုင်း-၆)

**MRTV SPORTS**

- **၀၆:၀၀** အဖွင့်
- **၀၆:၃၀** အခြေခံအားကစားနည်းစနစ်များ
- **၀၇:၀၀** Sports News
- **၀၇:၃၀** Soccer View/ Weekly Sports Info
- **၀၇:၄၅** အားကစားလောကထဲက သူတို့အကြောင်း
- **၀၈:၀၀** ပြန်လည်ခံစားမြန်မာနေရှင်နယ်လိဂ် ဘောလုံးပွဲစဉ်များ
- **၂၀:၀၀** ပြည်တွင်းသတင်း


MRTV Farmers' Channel ကို နေ့စဉ် နံနက် (၆:၀၀)နာရီမှ ည(၁၀:၀၀)နာရီထိ၊ Education Channel ကို စနေ၊ တနင်္ဂနွေနှင့် အစိုးရရုံးပိတ်ရက်များမှအပ နံနက် (၁၀:၀၀)နာရီမှ ည(၁၀:၀၀)နာရီထိ ထုတ်လွှင့်ပြသပေးလျက်ရှိပါသည်။

SCAN ME

www.mrtv.gov.mm twitter.com/mrtvwebportal t.me/mrtvnews

# လမ်းသမိုင်ရွာမှသည် တောင်ဖြူကျေးရွာဆီသို့ သမိုင်းအရွေ့နှင့်အတူ ဖြစ်တည်လာသည့် ပြည်သူ့စစ် ဒို့စစ်

**စာချစ်သူ**

၁၉၆၇ ခုနှစ်၊ မိုးဦးကာလ။ မြစ်ဝကျွန်းပေါ်ဒေသ၏ မိုးသည်အဆက်မပြတ်တော့ချေ။ ဗမာပြည်ကွန်မြူနစ်ပါတီ မြောင်းမြခရိုင်ကော်မတီသည် လပွတ္တာမြို့နယ်၏ အရှေ့တောင်ဘက်တွင်ရှိသော ကကရံကြိုးဝိုင်းမှ လမုအုပ်တောတွင် အခြေစိုက်ထားသည်။

ဗမာပြည်ကွန်မြူနစ်ပါတီ ဗဟိုဌာနချုပ်မှ ရဲဘော်ဘအောင်သည် ဗဟိုကော်မတီ ဥက္ကဋ္ဌ သခင်သန်းထွန်း၊ ရဲဘော်အောင်ကြီးနှင့် သခင်ချစ်တို့၏ အထူးတာဝန်ပေးချက်အရ လမုအုပ်စခန်းသို့ ရောက်ရှိလာသည်။

ရဲဘော်ဘအောင်သည် မြစ်ဝကျွန်းပေါ် တိုင်းနှင့်မြောင်းမြခရိုင် "အလှည့်အပြောင်း" အတွက် အထူးတာဝန်ကိုယူဆောင်ရခြင်းဖြစ်သည်။ သခင်ဗိုလ်ဦး ခေါင်းဆောင်သော မြောင်းမြခရိုင်ကော်မတီသည် ရဲဘော်ဘအောင်အား နိုင်ငံရေးနှင့် စည်းရုံးရေးအခွင့်အာဏာတို့ကို ပေးအပ်လိုက်လေသည်။

ရဲဘော်ဘအောင်သည် မြစ်ဝကျွန်းပေါ်ဒေသ၏ စမ်းသပ်ကွက်ဖြစ်သော မြောင်းမြခရိုင်၌ "သုံးပွင့်ဆိုင် အာဏာနီတည်ဆောက်ရေး စီမံကိန်း"ကို ရေးဆွဲလေသည်။ ပေါက်ခေါင်း လမ်းကြောင်းအတိုင်းပင်ဖြစ်သည်။

မြောင်းမြခရိုင် လပွတ္တာမြို့နယ်၌ ငါးတန်တရာ၊ ရေတွင်းကုန်း၊ စလောင်းကျရွာ သုံးရွာသည် သုံးပွင့်ဆိုင်တည်ရှိနေရာ ယင်းသုံးပွင့်ဆိုင်ကျေးရွာများ၌ "သုံးပွင့်ဆိုင် အာဏာနီ တည်ဆောက်ရေး"ဆိုသည်ကို လက်တွေ့ အကောင်အထည်ဖော်လေတော့သည်။

ရဲဘော်ဘအောင်တို့သည် ပါတီ၏ လူတန်းစားအခြေခံမှုအရ အလတ်တန်းစား လယ်သမားနှင့် ချမ်းသာသော လယ်သမားများ ပိုင်သည့် မြေယာလက်ငုတ်၊ ကျွဲ နွား၊ လယ်လုပ်ကိရိယာ၊ မျိုးဝမ်းစာနှင့် ခနိဥယျာဉ်များကိုပါ အပိုအလျှံများဖြစ်သည်ဟုဆိုကာ အဓမ္မသိမ်းဆည်းလိုက်ကြသည်။

### ပစ္စည်းသိမ်းဝေရေးကို ပျော်ပွဲရွှင်ပွဲများအဖြစ် အောင်ပွဲခံ

ဆင်းရဲသောလယ်သမားတို့သည် ကျွဲနွား ကိရိယာများကို ခွဲဝေယူကြသည်။ အချို့ သော ကျွဲ နွားများကိုမူ အမဲပေါ်ပြီး စုပေါင်းပျော်ရွှင်ပွဲအဖြစ် ချက်ပြုတ်စားသောက်ကြသည်။ ဆင်းရဲသော လယ်သမားများသည် ရဲဘော်ဘအောင်၏ တိုက်ရိုက်ခေါင်းဆောင်မှုအောက်တွင် ပစ္စည်းသိမ်းဝေရေးကို ပျော်ပွဲရွှင်ပွဲများအဖြစ် အောင်ပွဲခံလျက်ရှိကြသည်။

ရဲဘော်ဘအောင်တို့က "ချမ်းသာသော လယ်သမားများသည် ကျေးလက်နေ ခနရှင်များဖြစ်သည်။ ကျေးလက် ခနရှင်တို့၏အမြီးကို အငုတ်မကျန်အောင်ဖြတ်ရမည်။ လူတောမတိုးနိုင်အောင်၊ လူရာမဝင်နိုင်အောင်လည်း အဘက်ဘက်က ဩဇာချထားရမည်"ဟုဆိုကာ မောင်းဒီးဒိုင်နယ်အတွင်းရှိ ချမ်းသာသောလယ်သမားများဟု သတ်မှတ်ခြင်းခံထားရသည့် လယ်သမားများအား ခွေးကတက်၌သာ ထိုင်စေသည်။ ရဲဘော် ဘအောင်၏အမိန့်ကို ခွင်းချက်မရှိပင် နာခံ၍ ခွေးကတက်၌သာ ငုတ်တုတ်ကလေးထိုင်နေကြရသည်။

ရဲဘော်ဘအောင်သည် အချို့သောအမျိုးသမီးများ နဖူးစတွင် ဆံယဉ်ချ၍ ဆံထုံး ထုံးထားလျှင်လည်း ထိုသို့မထုံးရန် လိုက်လံ၍ ကန့်ကွက်သည်။ ဟန့်တားသည်။

"အာဏာနီဒေသမှာ ဂေါတမ ဆံထုံး မထုံးရ၊ ဂေါတမဆိုတာ ပဒေသရာဇ်ကြီး သုဒ္ဓေါဒနရဲ့ သားဖြစ်တယ်၊ အဲဒီဆံထုံးဟာ အရင်းရှင်နဲ့ပဒေသရာဇ်တို့စပ်ကျပြီးမှ ပေါ်လာတာဖြစ်တယ်။ အလွန်ဖောက်ပြန်တယ်"ဟုဆိုကာ ပြင်းပြင်းထန်ထန်ဆန့်ကျင်ကြသည်။ ဤသို့ဖြင့် ရဲဘော်ဘအောင်တို့သည် အမျိုးမျိုးအာဏာပြ၍နေကြသည်။ စိတ်ကူးပေါက်ရာကို လုပ်နေကြလေတော့သည်။

ထို့အပြင် "ဆင်းရဲက ချမ်းသာကို သတ်တာဟာလည်းပုန်ကန်တာဖြစ်တယ်။ ပစ္စည်းတွေကို နည်းမျိုးစုံနဲ့သိမ်းပိုက်တာကလည်း တရားတာပဲ" ဟုဆိုကာ အပြစ်မဲ့ရွာသူ ရွာသားများကို "အာဏာနီတည်ဆောက်ရေး၏ ရန်သူ" အဖြစ် သတ်မှတ်ကာ ဝါးခုတ်သည့် ဓားမများနှင့် ခုတ်ဖြတ်သတ်ဖြတ်ကြသည်။ ဤသို့ဖြင့် မြစ်ဝကျွန်းပေါ်ဒေသရှိ ဒေသခံပြည်သူများသည် သောင်းကျန်းသူတို့၏ တရားလက်လွတ် ကြမ်းသမျှ၊ ရမ်းသမျှကို ငုံ့ခံနေကြရလေသည်။

"ဒီနှစ်မိုးတွင်းမှာ ပါတီနဲ့တပ်တွေအတွက် ရိက္ခာအကျပ်အတည်းတွေ တွေ့ရလိမ့်မယ်၊ မဒညတတပ်ဖွဲ့ဝင်တွေအတွက်တော့ ဘယ်လိုမှ ရိက္ခာပြတ်လို့မဖြစ်ဘူး၊ ဒါကြောင့်မို့ ရတဲ့နည်းနဲ့ ရိက္ခာစုဖို့လိုတယ်။ မြောင်းမြခရိုင်အတွင်းမှာရှိတဲ့ ကျေးရွာတိုင်းက စပါးတွေကို အပြင်ကို စပါးတစ်စေ့မှမထွက်အောင် လုပ်ကြရမယ်၊ ဒါ့အတွက် စီမံကိန်းချပြီးတော့ အကောင်အထည်ဖော်ကြဖို့လိုတယ်"

မြောင်းမြခရိုင် မဒညတ သဘာပတိအဖွဲ့သည် ထိုသို့အစည်းအဝေးဆုံးဖြတ်ချက်အရ ခရိုင်အတွင်းရှိကျေးရွာများသို့ "အရေးပေါ်ညွှန်ကြားချက်နှင့် ကြေညာချက်" ကို ထုတ်ပြန်လိုက်လေသည်။

"ဒို့က အနှစ် ၂၀ ကျော် ကျွေးခဲ့တဲ့အစာတွေတောင် သင်းတို့ လည်မျိုကို နင်းလိုက်ရင် အတောင့်လိုက် အတောင့်လိုက်ထွက်လာမယ့်အကောင်တွေ၊ ဒို့ကောင်းကျိုးအတွက် လုပ်တယ်ပြောပြောပြီး ဒို့ကိုနှိပ်စက်ခဲ့တာလည်း ကြာပြီ၊ ဒို့လည်ချောင်းကိုပါ နင်းပြီး ဒို့လည်ချောင်းက ထွက်လာတဲ့အစာတွေကို သင်းတို့က အတင်းအဓမ္မ မျိုချနေကြပြန်ပြီ။ ဒို့ဘဝကတော့ မထူးတော့ဘူး၊ တစ်သက်မှာ နှစ်ခါ သေတာမရှိဘူး၊ မတရားလုပ်နေတာကို တိုက်ရင်းနဲ့ပဲ အသေခံတော့မယ်။ ခေါင်းငုံ့လည်စင်းပြီး မခံတော့ဘူး၊ သန်းခေါင်အပြင်တော့ ညဉ့်မနက်တော့ဘူးဟေ့" ကရင်-ဗမာတိုင်းရင်းသား တောင်သူလယ်သမားများသည် ဒေါသအမျက်ခြောင်းခြောင်းထွက်ကြလေပြီ။

"ဒို့ကတော့ ဒီကောင်တွေကို တိုက်ရင်းအသေခံမယ်၊ သင်းတို့ကို သတ်ရင်းသာ အသေခံမယ်" နောက်ဆုံးတွင် တောင်သူလယ်သမားထုကြီး၏ ဒေါသဒီလှိုင်းသည် မိုးမြေသိမ့်သိမ့်တုန်မျှ မြည်ဟည်းလာလေသည်။

၁၉၆၇ ခုနှစ်၊ စက်တင်ဘာလ ၂၅ ရက်။ လမ်းသမိုင်ကျေးရွာသို့ မဒညတမှ စံလှနှင့် မောင်မောင်တို့အဖွဲ့သည် ဆန်များကို အတင်း

> **■ "ဒို့က အနှစ် ၂၀ ကျော် ကျွေးခဲ့တဲ့အစာတွေတောင် သင်းတို့ လည်မျိုကို နင်းလိုက်ရင် အတောင့်လိုက် အတောင့်လိုက်ထွက်လာမယ့် အကောင်တွေ၊ ဒို့ကောင်းကျိုးအတွက် လုပ်တယ်ပြောပြောပြီး ဒို့ကိုနှိပ်စက်ခဲ့တာလည်းကြာပြီ၊ ဒို့လည်ချောင်းကိုပါ နင်းပြီး ဒို့လည်ချောင်းက ထွက်လာတဲ့အစာတွေကို သင်းတို့က အတင်းအဓမ္မ မျိုချနေကြပြန်ပြီ။ ဒို့ဘဝကတော့မထူးတော့ဘူး၊ တစ်သက်မှာ နှစ်ခါ သေတာမရှိဘူး၊ မတရားလုပ်နေတာကို တိုက်ရင်းနဲ့ပဲ အသေခံတော့မယ်။ ခေါင်းငုံ့လည်စင်းပြီး မခံတော့ဘူး၊ သန်းခေါင်အပြင်တော့ ညဉ့်မနက်တော့ဘူးဟေ့" ကရင်-ဗမာတိုင်းရင်းသား တောင်သူလယ်သမားများသည် ဒေါသအမျက်ခြောင်းခြောင်းထွက်ကြလေပြီ**

အဓမ္မလာရောက်လုယက်သည့်အတွက် ကျေးရွာလူထုတို့သည် အလွန်ပင် မခံမရပ်နိုင်ဖြစ်နေကြသည်။ ဓားဆွဲသူက ဆွဲ၊ လှံကိုင်သူက ကိုင်၊ တုတ်ထမ်းသူက ထမ်းနေကြသည်။

### နှစ်ပေါင်း ၂၀ ကျော်မှစ၍ ငြိမ်းချမ်းမှုဟူ၍ တစ်ချိန်မျှမရှိခဲ့

လမ်းသမိုင်ကျေးရွာသည် ဧရာဝတီတိုင်း မြောင်းမြခရိုင် ဝါးခယ်မမြို့နယ်တွင် တည်ရှိသည်။ ဝါးခယ်မမြို့နှင့် ငါးမိုင်ကျော်ကွာဝေးသည်။ လမ်းသမိုင်ရွာလေးနှင့် လမ်းသမိုင်ရွာကြီးဟူ၍ တည်ရှိသည်။ ရွာလေးနှင့်ရွာကြီးကို လမ်းသမိုင်ချောင်းက ခြားထားသည်။ လမ်းသမိုင်ရွာကြီးသည် လမ်းသမိုင်ချောင်း၏ အရှေ့ဘက်ကမ်းတွင် တည်ရှိသည်။ လမ်းသမိုင်ရွာသည် လွန်ခဲ့သည့်နှစ်ပေါင်း ၂၀ ကျော်မှစ၍ ငြိမ်းချမ်းမှုဟူ၍ တစ်ချိန်မျှ မရှိခဲ့ချေ။

တော်သလင်းမိုးသည် သည်းထန်စွာရွာသွန်းလျက်ရှိသည်။ ရွာသူရွာသားများသည် ဘုန်းတော်ကြီးကျောင်းအောက်၌ တစ်စုတစ်စည်းတည်းရှိနေကြသည်။ မကြာမီတွင် တပ်မတော်စစ်ကြောင်းတစ်ကြောင်း၏ စစ်ရေယာဉ်သည် ရေဆင်းတံတားသို့ ဆိုက်ရောက်လာသည်။ မိုးထဲရေထဲ၌ရွာသူရွာသားများသည် တပ်မတော်သားများကို ဆီးကြိုနှုတ်ဆက်ကြသည်။ ကမ်းလုံးညွတ်နေသည်။ ဆီးကြိုနှုတ်ခွန်းဆက်သံများနှင့် ဆူညံ၍နေလေသည်။

ညမှောင်ရီပျိုးစအချိန်တွင် လက်ထဲ၌ မြက်ခုတ်ဓား၊ ကိုင်းခုတ်ဓားရှည်များ၊ ဝါးချွန်များ၊ လှံများ ကိုင်ဆောင်ထားကြသော ရွာသူရွာသားများသည် တပ်မတော်သားများနှင့် အတူ ကြံ့စိန်စားကျက်ဆီသို့ စနစ်တကျ ချီတက်သွားကြသည်။

အချိန်သည် ညသန်းခေါင်ယံသို့ရောက်လုပြီ။ ကြံ့စိန်စားကျက်အတွင်းမှ သေနတ်သံများသည် တစ်ချက်ချင်းထွက်ပေါ်၍လာသည်။ လမ်းသမိုင်ရွာသည် ပို၍ပင် တိတ်ဆိတ်သွားလေသည်။

မကြာမီပင် သေနတ်သံများကြားရာဘက်မှ မီးတောက်မီးလျှံများကို မြင်တွေ့ကြရသည်။ လမ်းသမိုင်ရွာသည် လှုပ်လှုပ်ရှားရှားဖြစ်လာသည်။ ရွာသူရွာသားများသည် အောင်ပွဲရပြီဟုဆိုကာ ဝမ်းသာအားရဖြစ်နေကြသည်။

"ဒို့သွားရ လာရတာက ရေထဲမှာဆိုတော့ အတော်ခက်တယ်၊ ဒို့လည်း တဖြည်းဖြည်း ကပ်သွားရော သောင်းကျန်းသူတွေ လှေနဲ့ ထွက်ပြေးကြတယ်။ အဲ့ဒီအခါမှာ ငါတို့က ငြာသံပေးပြီး အတင်းလိုက်ရတယ်၊ ဒီတစ်ခါတော့ လူကိုတော့မရလိုက်ဘူးကွာ၊ နာတာပဲ။ စတင်းဂန်း နှစ်လက်နဲ့ ထိပ်တုံး (အင်္ဂလိပ်ရိုင်ဖယ်) နှစ်လက်ပဲ ရလိုက်တယ်။ တဲတော့ ၁၀ လုံး သိမ်းမိတယ်" ကျေးရွာခေါင်းဆောင် ဦးဘိုးလှိုင်၏ အသံသည် ပတ်ဝန်းကျင်တစ်ခုလုံး၌ လွှမ်း၍နေလေတော့သည်။

### ရန်သူချေမှုန်းရေးအတွက် လက်နက်ရရှိရေး

တပ်မတော်စစ်ကြောင်းများသည် လမ်းသမိုင်ရွာသို့ မကြာခဏလာရောက်ကြသည်။ တပ်မတော်သားများနှင့် ကျေးရွာလူထုတို့သည် အခြေအနေများနှင့် ပြဿနာများကို ဒူးတိုက်ဆွေးနွေးကြသည်။ အထူးသဖြင့် အရေးကြီးဆုံးနှင့် လက်ငင်းအကျဆုံး ပြဿနာမှာ ရန်သူချေမှုန်းရေးအတွက် လက်နက်ရရှိရေးပင်ဖြစ်သည်။

စည်းလုံးညီညွတ်ရေးသည် "အောင်ပွဲ"ဖြစ်သည်ဟု ကျေးရွာလူထုအားလုံးက ယုံကြည်ထားကြသည်။ ကျေးရွာ၏ စည်းလုံးမှုကိုလည်း အခြေခံအားဖြင့် တည်ဆောက်ထားနိုင်ကြပြီဖြစ်သည်။ လက်နက်ရရှိရေးအတွက် နည်းမျိုးစုံနှင့် ကြိုးစားရန်ကိုလည်း ညှိနှိုင်းကြသည်။ အစီအစဉ်များကိုလည်း ချမှတ်ကြသည်။ "ရန်သူလက်နက်-ဒို့လက်နက်" ဟူသော ကြွေးကြော်သံကို တညီတညွတ်တည်း ကြွေးကြော်၍ "လက်တွေ့လုပ်ငန်းစဉ်" အဖြစ် ဆုံးဖြတ်လိုက်ကြသည်။

၁၉၆၈ ခုနှစ် ဖေဖော်ဝါရီလ။ နှင်းများသည် တဖွဲဖွဲကျနေသည်၊ မိုးပေါက်ကဲ့သို့ ဖြစ်နေသည်။ မဒညတ၏ ကေအင်န်ယူပါတီမှ ဗိုလ်အောင်သန်းတို့သည် လမ်းသမိုင်ရွာအား ဖျက်ဆီးရေးနှင့် လူထုများအား သတ်ဖြတ်ချေမှုန်းရေးအတွက် ကြွေးကြော်သံများထုတ်လျက် ကြိမ်းဝါးနေကြသည်။

"ဟေ့ - လမ်းသမိုင်ရွာသားဆိုရင် ပုခက်အတွင်းက အစိတ်သားကောင်တောင် မချန်ဘူးကွ"

သို့သော်လည်း လမ်းသမိုင်ရွာလူထုသည် ဗိုလ်အောင်သန်းတို့ကို ကြောက်ရွံ့ခြင်း မရှိတော့ချေ။ ညီညီညွတ်ညွတ်ဖြစ်နေကြသည်။ တစ်စိတ်တည်း တစ်ဝမ်းတည်းရှိနေကြပြီဖြစ်သည်။

*စာမျက်နှာ ၂၁ သို့*

*စာမျက်နှာ ၂၀ မှ*

**"သမိုင်းကောင်းကိုတန်ဖိုးထားသူတို့က အတိတ်သမိုင်းကိုခြေရာခံ စံနမူနာပြု၍ ပစ္စုပ္ပန်နှင့် အနာဂတ်အတွက် သမိုင်းကြောင်းကောင်းအောင် ဆက်လက်ဖန်တီးကြသည်။ နိုင်ငံရေးလိုဘနှင့် အာဃာတအမုန်းတရား ကြီးမားသူတို့ကမူ တွေဝေသည့် အလျောက်၊ မိုက်မဲသည့်အလျောက် အတိတ်သမိုင်းဆိုးအတွင်း သမိုင်းတစ်ပတ်လည်မျှ တစ်ကျော့ပြန် ပြန်လျှောက်မိလျက်သား ဖြစ်ကြရသည်"**

၁၉၆၈ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၄ ရက်။ အချိန်မှာ ည ၉ နာရီခန့် ရှိနေပြီဖြစ်သည်။ မဒညတ ဗိုလ်အောင်သန်းကိုယ်တိုင် ခေါင်းဆောင်သော အင်အား ၅၀ ကျော်သည် လမ်းသမိုင်ရွာသို့ ချဉ်းကပ်လာကြသည်။ လက်နက်များမှာမူ မျိုးစုံဖြစ်သည်။ မောင်းပြန်သေနတ် အများအပြား ပါသည်။

အောင်သန်းတို့သည် သေနတ်သံပေး၍နေပြီဖြစ်သည်။ ရွာမှာမူ မည်သည့်အသံမျှ ထွက်၍မလာချေ။ ထို့ကြောင့် အောင်သန်းတို့သည် ချီတုံချတုံဖြစ်နေကြသည်။ ထိုအချိန်တွင် အောင်သန်းတို့နောက်ကျော ကုပ်ပိုးမှ သေနတ်သံများပေါ်လာတော့သည်။ အောင်သန်းတို့သည် မမျှော်လင့်သည့်နေရာမှ အလစ်အငိုက်ခံလိုက်ရသည်။

"ဟေ့ - ဒို့ရွာကို အစိတ်သားတောင်မထားဘူးဆိုတဲ့ အကောင်တွေ၊ ရွာထဲဝင်ကြပါလားကွ၊ သတ်ကြပါလား၊ မီးလည်း ရှို့ကြပါလားကွ။ ဒီတစ်ခါတော့ မင်းတို့နဲ့ ငါတို့နဲ့ အပြတ်ချဖို့ပဲ။ မင်းတို့ကို ငါတို့က ကျွေးမွေးလာရတာဟာ အဆိပ်ပင် ရေလောင်းတာနဲ့ အတူတူပဲ"

လမ်းသမိုင်ရွာကြီးသည် သေနတ်သံများ၊ အော်ဟစ်သံများ၊ ဆဲဆိုသံများနှင့် ဆူညံ၍နေသည်။

### တကွဲတပြားထွက်ပြေးသွား

မဒညတ အောင်သန်းတို့သည် ရှေ့လည်း မတိုးဝံ့၊ နောက်လည်း မဆုတ်ဝံ့ဖြစ်နေသည်။ ပျာယာခတ်နေကြသည်။ တပ်ခွဲမှူးအောင်သန်းသည်လည်း တပ်ကိုနိုင်အောင် မအုပ်ချုပ်နိုင်တော့ချေ။ နောက်ဆုံးတွင် ဖရိုဖရဲဖြစ်ကာ ဦးတည်ရာသို့ တကွဲတပြားပင် ထွက်ပြေးသွားကြလေတော့သည်။

"ဒို့ညက အောင်ပွဲခံလိုက်တာဟာ ဒို့မှာလက်နက်ကောင်းတွေရှိလို့ မဟုတ်ဘူး။ တကယ်က ဒို့အားလုံးရဲ့ စည်းလုံးညီညွတ်မှုကြောင့် ဖြစ်တယ်။ ဒို့ရဲ့စည်းလုံးညီညွတ်မှုဟာ ဘယ်လိုရန်သူကိုပဲဖြစ်ဖြစ် ဘယ်လိုလက်နက်တွေကိုပဲ ကိုင်လာလာ၊ ဒို့အောင်ပွဲခံမှာဖြစ်တယ်။ အရေးကြီးဆုံးတစ်ခုကလည်း ဒို့ဟာတပ်မတော်နဲ့ အမြဲတမ်းပဲ လက်တွဲထားရမယ်"

ကျေးရွာခေါင်းဆောင် ဦးဘိုးလှိုင်သည် ညက တိုက်ခိုက်ခဲ့ရသည့် တိုက်ပွဲအခြေအနေကို အခြေခံလျက် "တိုက်ပွဲနိဂုံးချုပ်"ကို ပြုလုပ်၍ နေသည်။

ဤသို့ဖြင့် လမ်းသမိုင်ရွာမှအစပြုခဲ့သည့် ပြည်သူ့စစ် ဒို့စစ်သည် မီးပွားလေးမှ တောမီးကြီးကဲ့သို့ မြစ်ဝကျွန်းပေါ် တိုင်းဒေသတစ်ခုလုံးသို့ ပျံ့နှံ့သွားခဲ့လေသည်။ တပ်မတော်နှင့် တိုင်းရင်းသားပြည်သူများ ပူးပေါင်းဆင်နွှဲခဲ့ကြသည့် "ရွှေလင်းယုန်၊ မိုးဟိန်း" စစ်ဆင်ရေးသည် ကြီးမားကျယ်ပြန့်လာသည်။ အောင်ပွဲများကို တစ်ပွဲပြီးတစ်ပွဲ ရယူနိုင်ခဲ့ပေသည်။

မြစ်ဝကျွန်းပေါ်တိုင်းတွင် ဆင်နွှဲခဲ့သော "ရွှေလင်းယုန်၊ မိုးဟိန်း" စစ်ဆင်ရေးသည် ယခင်စစ်ဆင်ရေးများနှင့် အခြေခံကအစ မတူခြားနားသည်။ သောင်းကျန်းသူများ နှစ်ရှည်လများအခြေစိုက်ခဲ့သော အခြေခံစခန်းနှင့် အဓိကအင်အားကို တပ်မတော်နှင့် ပြည်သူတို့ ပူးပေါင်းမှုအမြင့်ဆုံးဖြင့် ချေမှုန်းအောင်ပွဲဆင်ခဲ့သော စစ်ဆင်ရေးကြီး ဖြစ်သည်။ အထူးသဖြင့် မြစ်ဝကျွန်းပေါ်တိုင်း သောင်းကျန်းမှု ဆန့်ကျင်ရေး ပြည်သူ့စစ်ပွဲကြီးတွင် ကရင်-ဗမာတိုင်းရင်းသား လုပ်သားပြည်သူတို့၏ ညီညွတ်မှုသည်လည်း အဆုံးအဖြတ်အခန်းတွင် ပါဝင်ခဲ့သည်။

ရောဝတီမြစ်ရေအလျဉ်သည် ဒုံးယိမ်းသံများနှင့် ဒိုးပတ်သံ၊ ဖြောသံတို့နှင့်အတူ ပွဲတင်ထပ်လျက်နေပြီဖြစ်သည်။ ဤသည်ကား တိုင်းရင်းသားလုပ်သားပြည်သူတို့၏ စည်းလုံးညီညွတ်မှု၏အကျိုး ကျေးဇူးရလဒ်၊ သို့မဟုတ် အောင်သီးအောင်နှံများပင် ဖြစ်ခဲ့လေသည်။

သမိုင်းသည် မြစ်ရေအလျဉ်လို စီးဆင်းနေသည်။ တစ်ခါတစ်ရံ ဖြောင့်ဖြောင့်မတ်မတ်၊ ရံဖန်ရံခါကွေ့ကာဝိုက်ကာ။ သမိုင်းကို ဆန်လေသော် သမိုင်း၏ရုပ်ကြွင်းများကို တွေ့မြင်ရလေမည်။

သမိုင်းကောင်းကိုတန်ဖိုးထားသူတို့က အတိတ်သမိုင်းကိုခြေရာခံ စံနမူနာပြု၍ ပစ္စုပ္ပန်နှင့် အနာဂတ်အတွက် သမိုင်းကြောင်းကောင်းအောင် ဆက်လက်ဖန်တီးကြသည်။ နိုင်ငံရေးလိုဘနှင့် အာဃာတအမုန်းတရား ကြီးမားသူတို့ကမူ တွေဝေသည့် အလျောက်၊ မိုက်မဲသည့်အလျောက် အတိတ်သမိုင်းဆိုးအတွင်း သမိုင်းတစ်ပတ်လည်မျှ တစ်ကျော့ပြန် ပြန်လျှောက်မိလျက်သားဖြစ်ကြရသည်။

၂၀၂၁ ရက် ဖေဖော်ဝါရီလ ၁ ရက် မြန်မာ့နိုင်ငံရေး အပြောင်းအလဲဖြစ်စဉ်နောက်ပိုင်းတွင် မြန်မာ့သမိုင်းစာမျက်နှာထက်၌ အကြမ်းဖက်အဖွဲ့အစည်းများဖြစ်ကြသည့် CRPH ၊ NUG နှင့် PDF အဖွဲ့များ ပေါ်ပေါက်လာသည်။

### နိုင်ငံတော်တည်ငြိမ်အေးချမ်းမှုကို ပျက်ပြားစေရန်

အဆိုပါအကြမ်းဖက်အဖွဲ့အစည်းများသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းမှုကို ပျက်ပြားစေရန်နှင့် အစိုးရ၏အုပ်ချုပ်မှုယန္တရားကို ပျက်ပြားစေရန် ရည်ရွယ်ချက်များဖြင့် အပြစ်မဲ့ပြည်သူများအား ဒလန်ဟုစွပ်စွဲသတ်ဖြတ်ခြင်း၊ အများပြည်သူသွားလာလျက်ရှိသော လမ်းများ၌ မိုင်းထောင်ဖောက်ခွဲခြင်း စသည့်အကြမ်းဖက်လုပ်ရပ်များကို လုပ်ဆောင်လျက်ရှိပြီး ၎င်းတို့အား ထောက်ခံအားပေးမှုမရှိသည့် အပြစ်မဲ့ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်များကို ထောက်ထားညှာတာမှုကင်းမဲ့စွာ နည်းမျိုးစုံဖြင့် နှောင့်ယှက်ဖျက်ဆီးခြင်းများ လုပ်ဆောင်လျက်ရှိသည်။

ပန်းဆက်ကျေးရွာနှင့် တောင်ဖြူကျေးရွာတို့သည် စစ်ကိုင်းတိုင်းဒေသကြီး မင်းကင်းမြို့နယ်တွင်တည်ရှိသည်။ အဆိုပါရွာနှစ်ရွာကို ဒီမိုကရေစီကို လိုလားပါသည် ဟူသည့် အကြမ်းဖက် PDF အဖွဲ့က ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီကို ထောက်ခံသော ရွာများဟု စွပ်စွဲခဲ့ကြသည်။

၂၈ ဇူလိုင် ၂၀၂၁။ ပန်းဆက်ကျေးရွာမှ ရွာသူရွာသားတို့သည် ထိုနေ့မိုးသောက်ကို ခါတိုင်းလို မင်္ဂလာရှိစွာ နိုးထလာကြသည်။ နာရီအပိုင်းအတွင်း ကျေးရွာအတွင်းသို့ အမင်္ဂလာဖြစ်ရပ်ဆိုးကြီး တိုးဝင်ဖြစ်ပေါ်လာလိမ့်မည်ဟု သူတို့မထင်မှတ်ခဲ့ကြပေ။ နံနက် ၆ နာရီခန့်တွင် ပန်းဆက်ကျေးရွာသို့ အကြမ်းဖက်သောင်းကျန်းသူ အင်အား ၃၀၀ ခန့်သည် လက်နက်ငယ်များဖြင့် အကြောင်းမဲ့လာရောက် ပစ်ခတ်တိုက်ခိုက်လေတော့သည်။ ကျေးရွာသား ဦးကုလားမှာ လက်နက်ငယ်ကျည်ဆန် ထိမှန်ဒဏ်ရာဖြင့် သေဆုံးသွားခဲ့ရပြီး ကျေးရွာသား ငါးဦးမှာ ဒဏ်ရာများပြင်းထန်စွာရရှိသွားကြသည်။

ဆက်လက်၍ အကြမ်းဖက်သောင်းကျန်းသူအင်အား ၁၀၀ ခန့်သည် ပန်းဆက် ကျေးရွာ၏ အနောက်တောင်ဘက် မီတာ ၄၀၀၀ ခန့်အကွာတွင် တည်ရှိသော တောင်ဖြူကျေးရွာတစ်ဝိုက်သို့ ဝင်ရောက်လာပြန်သည်။

တောင်ဖြူကျေးရွာသည် အသင့်အနေအထားရှိနေသည်။ အတိတ်က လမ်းသမိုင်ကျေးရွာကဲ့သို့ စည်းလုံးညီညွတ်မှု အင်အားဖြင့် ကျေးရွာသားများက ပြန်လည်ခုခံပြီး ဝိုင်းဝန်းပိတ်ဆို့ဖမ်းဆီးခဲ့ရာ အကြမ်းဖက်သောင်းကျန်းသူ အလောင်း သုံးလောင်း၊ တူမီး သေနတ် အလက် ၅၀ အပါအဝင် အကြမ်းဖက်သောင်းကျန်းသူ ၅၃ ဦးကို အရှင်ဖမ်းဆီးရမိခဲ့သည်။ တောင်ဖြူရွာ၏ အောင်ပွဲသည် တစ်ချိန်က မြစ်ဝကျွန်းပေါ် မြောင်းမြခရိုင် ဝါးခယ်မမြို့နယ်ရှိ လမ်းသမိုင်ရွာသို့နှယ် စစ်ကိုင်းတိုင်းဒေသကြီး၏ ပြည်သူ့အောင်ပွဲတစ်ခု ဖြစ်လာသည်။

လမ်းသမိုင်ရွာမှအစပြုခဲ့သည့် ပြည်သူ့စစ် ဒို့စစ်သည် မီးပွားလေးမှ တောမီးကြီးကဲ့သို့ မြစ်ဝကျွန်းပေါ်တိုင်းဒေသတစ်ခုလုံးသို့ ပျံ့နှံ့သွားခဲ့သလို ပစ္စက္ခတောင်ဖြူကျေးရွာ၏ အဆိုပါပြည်သူ့စစ် ဒို့စစ် မီးပွားလေးသည် မကြာမတင် စစ်ကိုင်းတိုင်းဒေသကြီးအတွင်းရှိ အကြမ်းဖက်သမားတို့ ခိုအောင်းရာ ကျေးရွာအချို့သို့ တောမီးကြီးပမာကူးစက်ပျံ့နှံ့လာပေဦးမည်။

### အေးချမ်းပျော်ရွှင်စွာ ပြန်လည်သက်ဝင် စည်ကားလာပေဦးမည်

အကြမ်းဖက်သမားများ၏ မထင်လျှင် မထင်သလို နှိပ်စက်ကလူပြုခြင်း၊ အပြစ်မဲ့ပြည်သူများအား ဒလန်ဟုစွပ်စွဲသတ်ဖြတ်၊ မီးရှို့ဖျက်ဆီး နှိပ်စက်ကလူပြုခြင်း ခံနေကြရသည့် စစ်ကိုင်းတိုင်းဒေသကြီးအတွင်းရှိ အချို့သောကျေးရွာများသည်လည်း နိုင်ငံတော်၊ ပြည်သူ၊ တပ်မတော်တို့၏ ပူးပေါင်းမှုဖြင့် အတိတ်က တိုင်းရောက ကျေးရွာများသို့နှယ် မကြာမီကာလအတွင်း ဒိုးပတ်သံ၊ ဖြောသံ၊ စည်သံတို့ဖြင့် အေးချမ်းပျော်ရွှင်စွာ ပြန်လည်သက်ဝင် စည်ကားလာပေဦးမည်။ သမိုင်းသင်ခန်းစာ မယူတတ်သူတို့အဖို့ သမိုင်းတစ်ပတ်လည်လေပြီ။ ။

ကိုးကား - ရဲဘော်မြနှင့် ရဲဘော်ဘခက်တို့၏ ပြည်သူ့စစ် ဒို့စစ် ဒို့စစ်

---

# မဲဇလီရေလှောင်ဆည် ရေဝင်ကောင်း၍ စပါးအပြင် နွေနှမ်းကိုပါစိုက်နိုင်

**မကွေး ဩဂုတ် ၁၃**

မကွေးတိုင်းဒေသကြီး မင်းဘူးခရိုင်တွင် ဆည်ရေအများဆုံး သိုလှောင်ထားနိုင်သည့် စေတုတ္တရာမြို့နယ် အတွင်းရှိ မုန်းချောင်း ရေလှောင်တမံနှင့် ပွင့်ဖြူမြို့နယ်အတွင်းရှိ ကြီးအုံကြီးဝ ရေလှောင်တမံမှတစ်ဆင့် မဲဇလီရေလှောင်ဆည်မှ မိုးစပါး စိုက်ပျိုးခြင်းအပြင် နွေစပါးနှင့် သီးနှံစိုက်ပျိုးဧက ၆၀၀၀ ခန့်ကို ဖေဖော်ဝါရီလမှစ၍ စိုက်ပျိုးရေ စတင်ပေးဝေနိုင်ပြီ ဖြစ်ကြောင်း သိရသည်။

ဆည်ရေ ပေးဝေရာတွင် စိုက်ပျိုးရေလိုအပ်ချက်အရ ထုတ်လွှတ်မည့် ဆည်ရေများကို မုန်းချောင်း ရေလှောင်တမံနှင့် ကြီးအုံကြီးဝ ရေလှောင်တမံ ရေအားလျှပ်စစ်စက်ရုံမှ ခေတ်အား ထုတ်လွှတ်ပြီး ထွက်ရှိလာသည့် လျှပ်စစ်ဓာတ်အားများကို မဟာဓာတ်အားလိုင်းသို့ ပို့လွှတ်နိုင်သည့်အပြင် မဲဇလီဆည်ရေသောက်ဧရိယာများသို့ စိုက်ပျိုးရေလုံလောက်စွာ ပေးဝေနေခြင်း ဖြစ်သည်။

မုန်းချောင်း ရေလှောင်တမံမှ အောက်ဘက် ၂၈ မိုင်ခန့်အကွာနှင့် ကြီးအုံကြီးဝရေလှောင်တမံမှ အောက်ဘက် ၇ မိုင်အကွာ ပွင့်ဖြူမြို့နယ် မဲဇလီရေလှောင်ဆည်သို့ ရေကူပေးဝေလျက် မဲဇလီရေလှောင်ဆည်မှ ဆည်ရေထိန်းညှိ၍ စိုက်ပျိုးရေ ထုတ်လွှတ်ပေးလျက်ရှိသည်။

ယခု ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ် နွေစပါး ရေပေးရာသီတွင် မဲဇလီ ရေလှောင်ဆည်ရေသောက် ပွင့်ဖြူမြို့နယ်မှ နွေစပါး ၃၁၀၄၃ ဧက၊ မင်းဘူးမြို့နယ်မှ နွေစပါး ၉၅၇ ဧက၊ စလင်းမြို့နယ်မှ ဧက ၂၅၀၀ စုစုပေါင်းနွေစပါး ဧက ၃၄၅၀၀ နှင့် ပွင့်ဖြူမြို့နယ်မှ နွေနှမ်း ၂၁၅၁၃ ဧက၊ မင်းဘူးမြို့နယ်မှ နွေနှမ်း ၁၉၈၇ ဧက၊ စလင်းမြို့နယ်မှ နွေနှမ်း ဧက ၂၀၀၀ နွေသီးနှံ စုစုပေါင်းဧက ၆၀၀၀၀ ခန့်ကို ဖေဖော်ဝါရီ ၁၅ ရက်မှစတင်၍ ဆည်ရေပေးဝေလျက်ရှိကြောင်း မင်းဘူးခရိုင် ဆည်မြောင်းနှင့် ရေအသုံးချမှု စီမံခန့်ခွဲရေး ဦးစီးဌာနမှ လက်ထောက် ညွှန်ကြားရေးမှူး ဦးသန်းထွန်းက ပြောသည်။

မုန်းချောင်းရေလှောင်တမံနှင့် ကြီးအုံကြီးဝ ရေလှောင်တမံတို့ တည်ဆောက်ပြီးချိန်မှစ၍ ရေပိုမို သိုလှောင်နိုင်ခဲ့ပြီး မဲဇလီ ရေလှောင်ဆည်မှတစ်ဆင့် နှစ်စဉ်



မိုးစပါး၊ နွေစပါးနှင့် နွေသီးနှံတို့ကို စဉ်ဆက်မပြတ် ပိုမိုတိုးတက် စိုက်ပျိုးနိုင်ကာ မဲဇလီဆည်ရေသောက် ပွင့်ဖြူ၊ မင်းဘူး၊ စလင်း မြို့နယ်များမှ ဒေသခံတောင်သူများ ပိုမိုစိုက်ပျိုးလာနိုင်ကာ လူနေမှုဘဝမြင့်မားပြီး ဒေသတွင်း စားနပ်ရိက္ခာဖူလုံစေခြင်း၊ ဝင်ငွေ တိုးတက်စေခြင်းစသည့် အကျိုးကျေးဇူးများ ရရှိခြင်းနှင့်အတူ နိုင်ငံတော်၏ လယ်ယာကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးကို အထောက်အကူဖြစ်စေကြောင်း သိရသည်။

**သန်းနိုင်ဦး(ငဖဲ)**

# ရေနံချောင်းမြို့နယ်၌ အောက်ဆီဂျင်စက်ရုံတည်ဆောက်နိုင်ရေး အလှူငွေများပေးအပ်

ရေနံချောင်း ဩဂုတ် ၁၃

**မကွေးတိုင်းဒေသကြီး ရေနံချောင်းမြို့နယ်၌ ကိုဗစ်-၁၉ ရောဂါခံစားနေရသူများနှင့် အခြားလူနာများအတွက် အောက်ဆီဂျင်လိုအပ်မှုများ ဖြည့်ဆည်းပေးနိုင်ရန်အတွက် မကွေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးတင့်လွင်က အောက်ဆီဂျင်စက်ရုံတည်ဆောက်နိုင်ရန် အလှူငွေများ ပေးအပ်လှူဒါန်းပွဲကို ယနေ့နံနက်ပိုင်းက မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ပြုလုပ်ကြောင်း သိရသည်။**




ရှေးဦးစွာ တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်ကိုကိုဦးတို့က အမှာစကားပြောကြားပြီး ရေနံချောင်းမြို့နယ်အောက်ဆီဂျင်စက်ရုံဖြစ်မြောက်ရေး ကော်မတီဥက္ကဋ္ဌ ဒေါ်ယဉ်ထွေးမင်းက အောက်ဆီဂျင်စက်ရုံတည်ဆောက်မည့် အခြေအနေများအား ရှင်းလင်းတင်ပြရာ လိုအပ်သည်များကို မှာကြားသည်။

ထို့နောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူးတို့က အောက်ဆီဂျင် စက်ရုံတည်ဆောက်ရန်အတွက် အလှူငွေကျပ် သိန်း ၅၀၀ ကို ပေးအပ်လှူဒါန်းရာ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးရဲလင်းအောင်နှင့် မြို့မိမြို့ဖ ဦးသန်းဝင်းတို့က လက်ခံယူကြသည်။


ရေနံချောင်းမြို့နယ်အတွင်း အောက်ဆီဂျင် လိုအပ်မှုများကို ဖြည့်ဆည်းပေးနိုင်ရန်အတွက် ရပ်ဝေးရပ်နီးမှ အလှူရှင်စေတနာရှင်များက လှူဒါန်းရရှိသည့် အလှူငွေကျပ် သိန်း ၁၀၀၀ နှင့် တိုင်းဒေသကြီး အစိုးရအဖွဲ့က လှူဒါန်းသည့် အလှူငွေကျပ် သိန်း ၅၀၀ ဖြင့် တစ်ရက်လျှင် လီတာ ၄၀ ဆံ့ အလုံး ၈၀ ထွက်ရှိမည့် အောက်ဆီဂျင်စက်ရုံ တည်ဆောက်မည် ဖြစ်ကြောင်း၊ အောက်ဆီဂျင်ထုတ်လုပ်စက်အား စင်ကာပူနိုင်ငံတွင် မှာယူထားပြီးဖြစ်ကြောင်းနှင့် မြေနေရာကို စက်မှုဇုန်ရပ်၊ ဆိပ်သာကွန်းထောက်ရပ်နှင့် သစ်တပွေရပ်တို့တွင် လျာထားပြီး မြေနေရာရွေးချယ်ပြီးပါက လုပ်ငန်းများစတင်ဆောင်ရွက်မည် ဖြစ်ကြောင်း မြို့နယ် စက်ရုံတည်ဆောက်ရေး ကော်မတီဥက္ကဋ္ဌ ဒေါ်ယဉ်ထွေးမင်းထံမှ သိရသည်။

မြို့နယ်
(ပြန်/ဆက်)

* *ရှေ့ဖုံးမှ*

"နှစ်ပေါင်း ၁၀၀ ကျော် သက်တမ်းရှိတဲ့ ရှေးဟောင်း စေတီတွေလည်းရှိတယ်။ နိုင်ငံခြားသား ခရီးသွားတွေ စိတ်ဝင်စားနိုင်မယ့် သဘာဝတောင်တက်လမ်းတွေရှိတဲ့ ကျောက္ကာရွာကို လေ့လာစရာကျွန်းခရီးစဉ် တစ်ခုအဖြစ် ဆောင်ရွက်ထားပါတယ်။ ပြည်တွင်း ပြည်ပ ခရီးသွားဧည့်သည်တွေက ရေပေါ်အိမ် (ဒေသအခေါ် ကြပ်စင်)တံငါရွာ ရေလုပ်သားတွေရဲ့ လူနေထိုင်မှုဘဝတွေကို လေ့လာလို့ရမယ်။ ကျောက္ကာကျေးရွာ အနီးပတ်ဝန်းကျင်မှာရှိတဲ့ ထူးခြားတဲ့ နတ်ရေတွင်းလို့ခေါ်တဲ့ ရေချိုတွင်းတစ်ခုရှိတဲ့ ကော့ဒွေးကျွန်းကိုလည်း သွားရောက်လေ့လာနိုင်ဖို့ ခရီးစဉ်အသစ်တွေ ထည့်သွင်းစီစဉ်ဆောင်ရွက်ထားပါတယ်" ဟု ခရီးသွားလုပ်ငန်းကုမ္ပဏီတစ်ခုမှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

မြိတ်ကျွန်းစုဒေသ၏ ကျွန်းခရီးစဉ်ခရီးသွားလုပ်ငန်းများအနက် စမတ်ကျွန်း၊ ဒုံးညောင်မှိုင်းကျေးရွာတို့ကို အဓိက ပို့ဆောင်ပေးနေရာမှ မကြာမီ ကိုဗစ်- ၁၉ အလွန် ယခုနှစ်ခရီးသွားရာသီကာလတွင် ပြည်တွင်း ပြည်ပခရီးသွား ဧည့်သည်များ စိတ်ဝင်စားသဘောကျမည့် ကျွန်းအနီး ပင်လယ်ပြင်အတွင်း ရေပေါ်တွင် ခြေတံရှည်လူနေအိမ်များတည်ဆောက်ထားသော ကျောက္ကာကျေးရွာသည် မြိတ်ကျွန်းစုဒေသ ကျွန်းခရီးအသစ်အဖြစ် စီစဉ်ထားသည့်အပြင် ကော့ဒွေးကျွန်းကမ်းခြေ၊ သဲအော်ကြီးကျွန်းကမ်းခြေ၊ မအိုင်တောင်ကျွန်းကမ်းခြေခရီးစဉ်များလည်း ပါဝင်မည်ဖြစ်ကြောင်း သိရသည်။



အဆိုပါ ကျောက္ကာကျေးရွာရှိ ဒေသခံအများစုတို့သည် တစ်နှစ်ပတ်လုံး ငါး၊ ပုစွန်၊ ကင်းမွန်၊ ကျောက်ပုစွန်နှင့် ငါးပိ၊ ငါးခြောက်စသည့် လုပ်ငန်းများဖြင့်သာ အဓိကအသက်မွေးဝမ်းကျောင်းပြုလုပ်ကြပြီး ရွာပတ်ပတ်လည်တွင် လူနေရပ်ကွက်လေးခုရှိကာ အိမ်ခြေ ၁၀၀၀ ကျော်ခန့် ရှိကြောင်း သိရသည်။

မြိတ်ကျွန်းစုဒေသ ကျွန်းခရီးစဉ်များအတွင်း ခရီးသွားဧည့်သည်များ လုံခြုံမှုရှိစေရန် ရေယာဉ်မောင်းနှင်သူများ၊ ရေယာဉ်ပိုင်ရှင်များ၊ ခရီးသွားကုမ္ပဏီများနှင့် ဧည့်လမ်းညွှန်များနှင့် ခရီးသွားများအတွက် လိုက်နာဆောင်ရွက်ရမည့် စည်းကမ်းချက်များကိုလည်း ထုတ်ပြန်ထားကြောင်း မြိတ်ခရိုင်ဟိုတယ်နှင့် ခရီးသွားညွှန်ကြားမှုဦးစီးဌာနမှ သိရသည်။

မြိတ်ကျွန်းစု ခရီးသွားလုပ်ငန်းသည် ၂၀၁၅ ခုနှစ် နှစ်ဆန်းပိုင်း၌ စတင်ဆောင်ရွက်ခဲ့ပြီး ၂၀၁၆ ခုနှစ်တွင် ပြည်တွင်း ပြည်ပခရီးသွားဧည့်သည် လာရောက်မှုများပြားလာကာ ဒေသခံလုပ်ငန်းရှင်များ၏ ခရီးသွားလုပ်ငန်းနယ်ပယ်တွင် ရင်းနှီးမြှုပ်နှံမှု စိတ်ဝင်စားလာကြသည့်အတွက် ဒေသအတွင်း ဟိုတယ်၊ တည်းခိုရိပ်သာများ တိုးပွားလာခဲ့ပြီး လက်ရှိအချိန်၌ မြိတ်ခရိုင်တွင် ခရီးသွားကုမ္ပဏီ ၃၆ ခုရှိပြီး ခရီးသွားလုပ်ငန်းများ ပြေးဆွဲလျက်ရှိသော Speed Boat ၄၀ ကျော်ရှိ၍ ခရီးသွားဧည့်သည်များ ကျွန်းအပန်းဖြေခရီး လာရောက်လည်ပတ်ရာတွင် တည်းခိုနားနေနိုင်သည့် ဟိုတယ်နှင့်ခရီးသွားလိုင်စင်ရ ဟိုတယ်၊ တည်းခိုရိပ်သာ ၁၈ လုံးရှိကြောင်း သိရသည်။

မြိတ်ကျွန်းစုဒေသအတွင်း၌ ကျွန်းပေါင်း ၈၀၀ ကျော်ခန့်ရှိသည့်အနက် မြိတ်ခရိုင် ကျွန်းစုမြို့နယ်တွင် မိုင်းသွေးကျေးရွာ၊ ကျပ်ချောင်းကျေးရွာ၊ သဲချောင်းကျေးရွာနှင့် ပုလောမြို့နယ်ရှိ ကျောက္ကာကျေးရွာတို့သည် ရေလုပ်ငန်းကို အခြေပြုကာ ရေပေါ်၌ ခြေတံရှည်လူနေအိမ်များကို ဆောက်လုပ်နေထိုင်ကြသည့် ကျေးရွာများဖြစ်ပြီး တံငါလုပ်ငန်းများကိုလည်း ခရီးသွားဧည့်သည်များ လေ့လာနိုင်မည်ဖြစ်ကြောင်း သိရသည်။

မြင့်ဦး(မြိတ်)

# မူဆယ်-နမ့်ခမ်းကုန်သည်ကြီးများအသင်းက မူဆယ်မြို့ပရဟိတအသင်းများသို့အောက်ဆီဂျင်အိုးများနှင့် Flow metre များလှူဒါန်း

**မူဆယ် ဩဂုတ် ၁၃**

ရှမ်းပြည်နယ် မူဆယ်မြို့ မူဆယ်-နမ့်ခမ်းကုန်သည်ကြီးများအသင်းက မူဆယ်မြို့နယ်အတွင်းရှိ ပရဟိတအသင်းများနှင့် လိုအပ်အဖွဲ့အစည်းများသို့ စုစုပေါင်းတန်ဖိုးငွေကျပ်သိန်း ၁၇၀ ရှိ ၃၆ လီတာ အောက်ဆီဂျင်အိုး ၇၈ လုံးနှင့် Flow meter box ၇၈ ခုကို အစုံလိုက် လှူဒါန်းခဲ့ကြောင်း သိရသည်။

အဆိုပါလှူဒါန်းခြင်းကို ယနေ့ နံနက် ၁၀ နာရီခွဲတွင် မူဆယ်-နမ့်ခမ်း ကုန်သည်ကြီးများအသင်းရုံး၌ ပြုလုပ်ပြီး အသင်းဥက္ကဋ္ဌ ဦးစိုင်းနွံနှင့် အဖွဲ့ဝင်များက လက်ရောက်ပေးအပ်ရာ မူဆယ်မြို့နယ် ပရဟိတအသင်းနှင့် အဖွဲ့အစည်းများက လက်ခံရယူသည်။

"မူဆယ်မြို့နယ် ကျေးရွာများအထိ လူနာများကိုထိရောက်စွာ သွားရောက် ကူညီပြုနိုင်တာက ပရဟိတအသင်းများမို့ ပရဟိတအသင်းများကို ဦးစားပေးပေးအပ်ရခြင်း ဖြစ်ပါတယ်"ဟု ဥက္ကဋ္ဌ ဦးစိုင်းနွံက ပြောကြားသည်။

အယ်လ်စိုး(မူဆယ်)

# ကချင်ပြည်နယ်ဝန်ကြီးချုပ် မိုးမောက်မြို့၌ ကိုဗစ်-၁၉ ကာကွယ်၊ ထိန်းချုပ်ရေးပစ္စည်းများ ထောက်ပံ့

**မိုးမောက် ဩဂုတ် ၁၃**

ကချင်ပြည်နယ် ဗန်းမော်ခရိုင်အတွင်း ကိုဗစ်-၁၉ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းများ ဆောင်ရွက်နေမှုများနှင့် ပတ်သက်၍ ဖြည့်ဆည်းဆောင်ရွက်ပေးနိုင်ရေးအတွက် ပြည်နယ်ဝန်ကြီးချုပ် ဦးခက်ထိန်နန်သည် ယမန်နေ့က မိုးမောက်မြို့သို့ သွားရောက်ပြီး ကိုဗစ်-၁၉ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးသုံး ပစ္စည်းများနှင့် ထောက်ပံ့ငွေများ ပေးအပ်သည်။

ပြည်နယ်ဝန်ကြီးချုပ်သည် ပြည်နယ်ဝန်ကြီးများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့်အတူ ဗန်းမော်မြို့မှတစ်ဆင့် မိုးမောက်မြို့သို့ သွားရောက်ပြီး မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ မြို့နယ် ကိုဗစ်-၁၉ ထိန်းချုပ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေးကော်မတီအဖွဲ့ဝင်များ၊ လူမှုကူညီရေး အသင်းအဖွဲ့များ၊ ဘာသာရေး အဖွဲ့အစည်းများမှ စေတနာ့ဝန်ထမ်းများနှင့် တွေ့ဆုံပြီး ပြည်နယ်ဝန်ကြီးချုပ်က မိမိတို့ အစိုးရအဖွဲ့အနေဖြင့် ပြည်နယ်အတွင်း ကိုဗစ်-၁၉ ကာကွယ်၊ ထိန်းချုပ်ရေးကို အလေးထား ကြိုးပမ်းဆောင်ရွက်နေသကဲ့သို့ ပြည်နယ်ဖွံ့ဖြိုးတိုးတက်ရေးအတွက် စိုက်ပျိုးမွေးမြူရေးအခြေခံသည့် စီးပွားရေးဖွံ့ဖြိုး တိုးတက်ရေးကိုလည်း အလေးထား ဆောင်ရွက်ရန်လိုကြောင်း တိုက်တွန်းပြောကြားသည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်နှင့်အဖွဲ့သည် မြို့နယ်အတွင်း ကုသမှုခံယူနေသော ကိုဗစ်-၁၉ အတည်ပြုလူနာများအတွက် ဆန်ရှစ်ပြည်အိတ် ၇၀၊ မြို့နယ်အတွင်းရှိ လူမှုရေးအသင်းအဖွဲ့များ၊ မြို့နယ်ကော်မတီနှင့် စေတနာ့ဝန်ထမ်းများအတွက် ကိုဗစ်-၁၉ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးသုံးပစ္စည်းများဖြစ်သည့် ရောဂါကာကွယ်ရေးဝတ်စုံ ၁၅၀၊ နှာခေါင်းစည်း ၃၃၀၀၊ လက်အိတ်အစုံ ၃၀၀၊ လက်သန့်ဆေးရည်များနှင့် ပိုးသတ်ဆေးဘူးကြီး ငါးဘူး၊ ဆပ်ပြာခဲ ၂၀၀ တို့နှင့် မြို့နယ်အဆင့် ဌာနဆိုင်ရာ အဖွဲ့အစည်းများ၊ လူမှုရေးအသင်းအဖွဲ့ (၂)ခုနှင့် ကတ်သလစ်နှင့် နှစ်ခြင်းအသင်းတော်(၂)ခုတို့ အတွက် ထောက်ပံ့ငွေကျပ် စုစုပေါင်း ၂၇၀၀၀၀၀ ကို ထောက်ပံ့ပေးအပ်ကြသည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် မိုးမောက်မြို့နယ် ပြည်သူ့ဆေးရုံသို့ သွားရောက်ပြီး ဆေးရုံအုပ်ကြီးနှင့် သူနာပြုဆရာမများ၊ ကျန်းမာရေး ဝန်ထမ်းများအား ရင်းရင်းနှီးနှီး တွေ့ဆုံအားပေးပြီး ကိုဗစ်-၁၉ စစ်ဆေးနိုင်ရေး Test Kit အစုံ ၂၀၀ နှင့် ဆေးရုံဝန်ထမ်းများနှင့် ကျန်းမာရေးဝန်ထမ်းများအတွက် ထောက်ပံ့ငွေကျပ် ၁၄၅၀၀၀၀ ကို ပေးအပ်ပြီး မိုးမောက်မြို့ အခြေခံပညာအထက်တန်းကျောင်း၌ ကိုဗစ်-၁၉ အတည်ပြုလူနာများ သီးသန့်ထားနိုင်ရေးအတွက် ပြင်ဆင်ဆောင်ရွက်ထားရှိမှုများကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ထိုမှတစ်ဆင့် ဗန်းမော်မြို့ အမှတ် ၁၁ စစ်မြေပြင်ဆေးတပ်ရင်း တပ်မတော်ဆေးရုံ၌ ဆေးဝါး ကုသမှုခံယူနေသော မိုးမောက်မြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌနှင့် ရပ်/ကျေးအုပ်ချုပ်ရေးမှူးတို့အား တွေ့ဆုံအားပေးပြီး ငွေကျပ် ၇၀၀၀၀၀ ကို ပေးအပ်ပြီး တပ်မတော်ဆေးရုံအတွက် Test Kit အစုံ ၂၀၀ ကို ထောက်ပံ့ပေးအပ်ကြောင်း သိရသည်။

ပြည်နယ်
(ပြန်/ဆက်)




# ရွှေပြည်တန် စပါးမျိုးနှင့် ရွှေပြည်ငွေစပါးမျိုးတို့ကို နောင်နှစ်မိုးရာသီတွင် တောင်သူအဆင့် စမ်းသပ်ကွက်အဖြစ်စိုက်ပျိုးမည်

လက်ပံတန်း ဩဂုတ် ၁၃

**ပဲခူးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးဆွေဝင်းသည် ဌာနဆိုင်ရာတာဝန်ရှိသူများနှင့်အတူ ယမန်နေ့က လက်ပံတန်းမြို့နယ်ရှိ စိုက်ပျိုးရေးသုတေသနခြံ စပါးမျိုးများ ရွေးချယ်စမ်းသပ်စိုက်ကွက်များအား သွားရောက်ကြည့်ရှုစစ်ဆေးသည်။**



တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် အဖွဲ့သည် လက်ပံတန်းစိုက်ပျိုးရေး သုတေသနခြံအတွင်းရှိ စမ်းသပ်ကွက်များအား ကြည့်ရှုစစ်ဆေးရာ သုတေသနခြံတာဝန်ခံ ဒေါ်လေဘာတီတင်က ရှင်းလင်းတင်ပြသည်။ အဆိုပါ သုတေသနခြံအတွင်း စားသုံးမှုကောင်းမွန်ပြီး အထွက်နှုန်းကောင်းမွန်သည့် မျိုးများရရှိရန် ရည်ရွယ်ချက်ဖြင့် ရွှေပြည်တန် စပါးမျိုးနှင့် ရွှေပြည်ငွေစပါးမျိုးတို့ကို ၂၀၁၇ ခုနှစ်မှ စ၍ မျိုးကူးစပ်မွေးမြူ ရွေးချယ်ခဲ့ပြီး သားဆက်အဆင့်ဆင့်တိုင်းကို ရွေးချယ်ခြင်းများ ပြုလုပ်ခဲ့ကာ အစိုက်အများဆုံးဖြစ်သော ဆင်းသုခစပါးမျိုးနှင့် နှိုင်းယှဉ်ပြီး (၁၃မျိုး ၃လီ) RCBD ဖြင့် စမ်းသပ်စိုက်ပျိုးထားကြောင်းနှင့် ယခုနှစ် စမ်းသပ်မျိုးများမှ အထွက်နှုန်းကောင်းမွန်ပြီး ပိုးမွှားရောဂါဒဏ်ခံနိုင်ရည်ရှိသည့် မျိုးလိုင်းများကို ထပ်မံရွေးချယ်ပြီး နောင်နှစ်မိုးရာသီတွင် တောင်သူအဆင့် အကွက်ယှဉ်ပြိုင်ခြင်း စမ်းသပ်ကွက်အဖြစ် ဆက်လက်စိုက်ပျိုးမည်ဖြစ်ကြောင်း ရှင်းလင်းတင်ပြသည်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်က စပါးသီးနှံများကို မျိုးကွဲအလိုက် မျိုးကောင်းမျိုးသန့်ရရှိစေရေး စနစ်တကျ ထုတ်လုပ်ရန်နှင့် စိုက်ပျိုးရေး စမ်းသပ်ကွက်များတွင် ရာသီမရွေး စိုက်ပျိုးရေရရှိနိုင်ရန်နည်းများ ဆောင်ရွက်ထားရှိရန် မှာကြားသည်။

ဆက်လက်၍ မြစ်မခမြစ်ရေကာတာကြံ့ခိုင်မှု အခြေအနေများအား ကြည့်ရှုပြီး ဆောင်ရွက်ရမည့် အချက်များအား လမ်းညွှန်မှာကြားကြောင်း သိရသည်။

မြို့နယ်
(ပြန်/ဆက်)

## ပင်းတယမြို့နယ်အတွင်းရှိ မိဘပြည်သူများ ကိုဗစ်-၁၉ ရောဂါသံသယရှိပါက စစ်ဆေးကုသမှုခံယူနိုင်

**ပင်းတယ ဩဂုတ် ၁၃**

ရှမ်းပြည်နယ်တောင်ပိုင်း ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ပင်းတယမြို့နယ်အတွင်းရှိ ပြည်သူများအနေဖြင့် နေမကောင်းလျှင်သော်လည်းကောင်း၊ ချောင်းဆိုးလျှင်သော်လည်းကောင်း၊ အနံ့အရသာမရလျှင်သော်လည်းကောင်း၊ မိမိကိုယ်တိုင် သံသယဖြစ်လျှင်သော်လည်းကောင်း ပင်းတယမြို့နယ် ပြည်သူ့ဆေးရုံသို့ လာရောက်စစ်ဆေးနိုင်ကြောင်း သိရသည်။

ပင်းတယမြို့နယ်ပြည်သူ့ဆေးရုံတွင် ကိုဗစ်-၁၉ ရောဂါပိုး ရှိ/မရှိကို နေ့စဉ်နံနက် ၉ နာရီမှ ၁၁ နာရီအထိ စာရင်းပေး၍ လာရောက်စစ်ဆေးနိုင်ပြီး ကိုဗစ်-၁၉ ရောဂါပိုးကူးစက်မှုခံရပါက ပင်းတယမြို့နယ် ပြည်သူ့ဆေးရုံ၊ မိုးကုတ်ဝိပဿနာရိပ်သာ၊ မြို့လယ်ဓမ္မာရုံ၊ ပွေးလှတိုက်နယ်ဆေးရုံနှင့် မိုင်းအင်တိုက်နယ်ဆေးရုံရှိ ဆေးကုသမှုစင်တာများတွင် ဆေးကုသမှုခံယူကြရမည်ဖြစ်ကြောင်း သိရသည်။

ပင်းတယဒေသရှိ ပြည်သူများ ကိုဗစ်-၁၉ ရောဂါနှင့် ပတ်သက်၍ အကူအညီလိုအပ်ပါက ဖုန်း ၀၉- ၆၆၈၈၆၈၂၅၈ နှင့် ၀၉-၇၇၀၆၆၃၂၇၈ သို့ ဆက်သွယ်နိုင်သည်။

**အောင်ကိုဦး**

# ပြည်သူများအတွက် လိုအပ်လျက်ရှိသော အောက်ဆီဂျင်အိုးများကို လျင်လျင်မြန်မြန်ရရှိနိုင်ရေး ကြိုးစားဆောင်ရွက်

**မော်လမြိုင် ဩဂုတ် ၁၃**

မွန်ပြည်နယ် ကိုဗစ်-၁၉ ရောဂါကာကွယ်၊ ထိန်းချုပ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေး ကော်မတီ ဥက္ကဋ္ဌ ပြည်နယ်ဝန်ကြီးချုပ် ဦးဇော်လင်းထွန်း၊ လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီး နေထွဋ်ဦးနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများသည် ယမန်နေ့က မော်လမြိုင်စက်မှုဇုန်ရှိ လွင်အောက်ဆီဂျင် စက်ရုံ၌ အောက်ဆီဂျင် အရည်ကန်မှ လီတာ ၄၀ ဆံ့ အိုးများသို့ အောက်ဆီဂျင် ဖြည့်တင်းနေမှု အခြေအနေကို ကြည့်ရှုစစ်ဆေးပြီး စက်ရုံမှ တာဝန်ရှိသူများအား ပြည်သူများအတွက် လိုအပ်လျက်ရှိသော အောက်ဆီဂျင်အိုးများကို လျင်လျင်မြန်မြန်ရရှိနိုင်ရေး ကြိုးစားဆောင်ရွက်ကြရန် မှာကြားသည်။

မွန်ပြည်နယ် အစိုးရအဖွဲ့၏ ကြီးကြပ်မှုဖြင့် လွင်အောက်ဆီဂျင် ထုတ်လုပ်ရေး စက်ရုံမှတစ်ရက်လျှင် လီတာ ၄၀ ဆံ့ အိုး အလုံးပေါင်း ၄၀၀ ခန့် ထုတ်လုပ်ပြီး မော်လမြိုင် ပြည်သူ့ဆေးရုံကြီး၊ တပ်မတော် ခုတင် ၃၀၀ ဆေးရုံ၊ ပြည်နယ်အတွင်းရှိ မြို့နယ်ပြည်သူ့ဆေးရုံများ၊ ပြည်နယ် ပရိယတ္တိဗိမာန်၌ ဖွင့်လှစ်ထားသော ကန့်သတ်စောင့်ကြည့်ရေးစင်တာနှင့် လူမှုကယ်ဆယ်ရေး အဖွဲ့အစည်းများသို့ အချိန်နှင့်တစ်ပြေးညီ ဖြန့်ဖြူးဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

**ခရိုင် (ပြန်/ဆက်)**



# ချောင်းဦးမြို့နယ် ပြည်သူ့ဆေးရုံသို့ ကိုဗစ်-၁၉ ရောဂါကာကွယ်၊ ကုသရေးပစ္စည်းများ လှူဒါန်း

**ချောင်းဦး ဩဂုတ် ၁၃**

စစ်ကိုင်းတိုင်းဒေသကြီး ချောင်းဦးမြို့နယ် ပြည်သူ့ဆေးရုံကြီးသို့ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ (မြို့တော်ဝန်) ဦးဗိုလ်ဌေးနှင့်ဇနီး မိသားစုမှ အောက်ဆီဂျင်စက် ငါးလုံးနှင့် ကိုဗစ်-၁၉ ရောဂါကာကွယ်ကုသရေးပစ္စည်းများအား ယမန်နေ့က လာရောက်လှူဒါန်းသည်။

အလှူရှင်မိသားစုများကိုယ်စား ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ ညွှန်ကြားရေးမှူး ဦးမင်းညွန့်က လှူဒါန်းပေးရာ မြို့နယ်ဆေးရုံတာဝန်ခံဆရာဝန် ဗိုလ်ကြီးသန်းဇော်ဦးနှင့် ချောင်းဦးမြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဝင် ဦးခင်မောင်မြင့်၊ ဦးသန်းထိုက်တို့က လက်ခံယူသည်။

ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ (မြို့တော်ဝန်) ဦးဗိုလ်ဌေးနှင့် ဇနီးဒေါ်စမ်းစမ်းအေး သားသမီးများဖြစ်ကြသည့် ကိုမင်းဟိန်းဌေး၊ ဒေါက်တာထွန်းလင်းအောင်၊ ဒေါက်တာချယ်ရီဗိုလ်ဌေး၊ ကိုဝင်းမောင်သန်း မိသားစုက ချောင်းဦးမြို့နယ်ပြည်သူ့ဆေးရုံတွင် အသုံးပြုရန်အတွက် အောက်ဆီဂျင်စက် ငါးလုံး၊ ကာကွယ်ရေးဝတ်စုံ ၁၀၀၊ အောက်ဆီဂျင်တိုင်းကိရိယာ အခု ၅၀၊ အပူချိန်တိုင်းကိရိယာ ၁၀ ခုနှင့် ပါးစပ်၊ နှာခေါင်းစည်းများ လှူဒါန်းပေးရာ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ အဖွဲ့ဝင် ဦးခင်မောင်မြင့်က ဆေးရုံအတွက် အမှန်တကယ်လိုအပ်နေသည့်ပစ္စည်းများ လာရောက်လှူဒါန်းပေးသည့်အတွက် ကျေးဇူးတင်ကြောင်း ပြန်လည်ပြောကြားသည်။

ချောင်းဦးမြို့နယ် ပြည်သူ့ဆေးရုံအား ဇူလိုင်လက ပြန်လည်ဖွင့်လှစ်ပေးနိုင်ခဲ့ပြီး လတ်တလော ဖြစ်ပွားနေသည့် ကိုဗစ်-၁၉ရောဂါဖြစ်ပွားနေသူများ၊ အရေးပေါ်လူနာများအား လက်ခံကုသပေးလျက်ရှိရာ ကိုဗစ်-၁၉ရောဂါ ဖြစ်ပွားနေသူ ၁၈ ဦးဆေးရုံ၌ တက်ရောက်ကုသမှု ခံယူလျက်ရှိကြောင်း သိရသည်။

ဝင်းမြင့်အောင်(ပြန်/ဆက်)



# ကော့ကရိတ်မြို့နယ်အတွင်းရှိ ရေဘေးသင့်အိမ်ထောင်စုများအား စားသောက်ကုန်များ လှူဒါန်း

**ကော့ကရိတ် ဩဂုတ် ၁၃**

ကရင်ပြည်နယ် ကော့ကရိတ်မြို့နယ်အတွင်း မိုးရွာသွန်းမှုကြောင့် ရေကြီးနစ်မြုပ်၍ ရေဘေးသင့် အိမ်ထောင်စုများအား လိုရာဖြည့်ကူပန်းပျိုးသူမှ အလှူရှင်များ လှူဒါန်းသည့် စားသောက်ကုန်များကို အမှတ်(၅) ရပ်ကွက်ရှိ ရေဘေးသင့် အိမ်ထောင်စုများထံသို့ ယမန်နေ့မွန်းလွဲပိုင်းက သွားရောက်ထောက်ပံ့သည်။

ထိုသို့ ထောက်ပံ့ပေးအပ်ရာတွင် ကော့ကရိတ်မြို့ ဝါဆိုဦးဘုန်းကြီးကျောင်း၊ လိုရာဖြည့်ကူပန်းပျိုးသူအရှင်ဝေပုလ္လ ဦးဆောင်၍ အလှူရှင်များ၏ လှူဒါန်းမှုဖြင့် အမှတ်(၅)ရပ်ကွက် အိမ်ထောင်စု ၂၁၀ အတွက် တစ်အိမ်ထောင်လျှင် ဆန် နှစ်ပြည်၊ ကြက်ဥ ၁၀ လုံး၊ ဆီတစ်ဘူးတို့ကို သွားရောက်ထောက်ပံ့ပေးကြသည်။

အဆိုပါ လိုရာဖြည့်ကူပန်းပျိုးသူအဖွဲ့သည် ဇူလိုင် ၃၀ ရက်မှစတင်၍ ကော့ကရိတ်မြို့နယ် တောင်ပိုင်းမြောက်ပိုင်း အုပ်စုအတွင်းရှိ ကော့ကျိုက်၊ ကော့ဖလွတ်၊ ကော့ပလဲ၊ နောင်ဟင်၊ မွန်စု၊ ဘုရားကုန်း၊ နောင်ထပွဲ၊ ဒေါ်ဖျာ၊ အံကောင်၊ သရက်တော၊ ရေကျော်လေးအစရှိသည့် ကျေးရွာများမှ ရေဘေးသင့် အိမ်ထောင်စု ၁၇၀၀ အတွက် တစ်အိမ်ထောင်လျှင် ဆန် ငါးပြည်၊ ကြက်ဥ ၁၅ လုံး၊ ဆီတစ်လီတာ၊ ဆား တစ်ထုပ်တို့ကို ထောက်ပံ့လှူဒါန်းသည်။



ရေဘေးသင့်အိမ်ထောင်စုများအား သွားရောက်ထောက်ပံ့နေမှုကို တွေ့ရစဉ်။

ထို့ပြင် ရောဂါကာကွယ်ရေးဝတ်စုံများကိုလည်းလှူဒါန်းလျက်ရှိရာ မြပတိုင်ကျေးရွာသို့ အစုံ ၂၀၊ နောင်ဟင်ကျေးရွာသို့ ၁၄ စုံ၊ ငါးတိုင်ကျေးရွာ ၁၅ စုံ၊ မြောက်ကမ္ဘရိုက်ကျေးရွာ အစုံ ၂၀၊ ကော့ကရိတ် ပြည်သူ့ဆေးရုံသို့အစုံ၅၀၊ပုလဲဖြူလူမှုကယ်ဆယ်ရေးအသင်းသို့ အစုံ ၃၀၊ ကရုဏာဖောင်ဒေးရှင်းအသင်းသို့ အစုံ ၃၀၊ ကြာအင်းဆိပ်ကြီးမြို့နယ်ဆေးရုံသို့ အစုံ ၄၀ တို့ကို လှူဒါန်းကြောင်း အရှင်ဝေပုလ္လထံမှ သိရသည်။

ခရိုင်(ပြန်/ဆက်)

# ပန်ဆောင်မြို့၌ ဂျင်းကျောက်မြေလမ်း အဆင့်မြှင့်တင်ခြင်း ၇၅ ရာခိုင်နှုန်းပြီးစီး

**ပန်ဆောင် ဩဂုတ် ၁၃**

စစ်ကိုင်းတိုင်းဒေသကြီး နာဂကိုယ်ပိုင် အုပ်ချုပ်ခွင့်ရဒေသ ပန်ဆောင်မြို့ လမ်းဦးစီးဌာနမှ ကျေးရွာ ၁၈ ရွာ အဝင်လမ်းကို ဂျင်းကျောက်မြေသားလမ်းအဖြစ် အဆင့်မြှင့်တင်ဆောင်ရွက်လျက်ရှိသည်။

အဆိုပါလမ်းကို လမ်းဦးစီးဌာနမှ ခွင့်ပြုရန်ပုံ ငွေကျပ် ၃၈၄ ဒသမ ၂၀၀ သန်းဖြင့် တင်ဒါအောင်ကုမ္ပဏီက တာဝန်ယူဆောင်ရွက်ခြင်းဖြစ်ပြီး လမ်းအရှည် နှစ်မိုင်နှစ်ဖာလုံ အကျယ် ၁၆ ပေ၊ ထုကိုးလက်မအပြင် လမ်းပခုံးမြေသားဖို့ခြင်းနှင့် ရေမြောင်းတူးခြင်းလုပ်ငန်းများ ပါဝင်ပြီး လမ်းပုံစံအတိုင်း စနစ်တကျတည်ဆောက်ထားကြောင်းနှင့်



ကျေးရွာအဝင်လမ်း ဂျင်းကျောက်မြေသားလမ်းအဆင့်မြှင့်တင်မှုကို တွေ့ရစဉ်။

ယခုအခါ ၇၅ ရာခိုင်နှုန်း ပြီးစီးနေပြီဖြစ်ပြီး ကျေးရွာ ၁၈ ရွာမှ ပြည်သူများအတွက် လူမှုရေး၊ စီးပွားရေး၊ ကျန်းမာရေးနှင့် ကုန်စည်စီးဆင်းမှုများ ပိုမိုကောင်းမွန်လာနိုင်မည်ဖြစ်ကြောင်း သိရသည်။

ဂျာယော်
(ပန်ဆောင်)

## ရေကြီးနစ်မြုပ် လယ်ယာမြေများအား အချိန်မီပြန်လည် အစားထိုးစိုက်ပျိုးနိုင်ရေး နှိုးဆော်ချက်

၁။ ၂၀၂၀-၂၀၂၁ ခုနှစ် မိုးရာသီအတွင်း နိုင်ငံတစ်ဝှမ်းတွင် မိုးသီးနှံဧက (၁၆.၅) သန်းကျော် စိုက်ပျိုးပြီးသည့်အနက် မိုးသည်းထန်စွာရွာသွန်းခြင်း၊ မြစ်ရေကြီးခြင်းနှင့် ပင်လယ်ဒီရေ မြင့်တက်ခြင်းတို့ကြောင့် ဇူလိုင်လကုန်တွင် မိုးသီးနှံဧက (၇) သောင်းကျော် ရေကြီးနစ်မြုပ်လျက် ရှိပါသည်။

၂။ တောင်သူလယ်သမားများ၏ ရေကြီးနစ်မြုပ်ပျက်စီးသွားသော မိုးစပါးလယ်မြေများအား အချိန်မီ ပြန်လည်စိုက်ပျိုးနိုင်ရေးအတွက် အောက်ဖော်ပြပါနည်းလမ်းများ အသုံးပြု၍ လိုက်နာဆောင်ရွက်ရန် တိုက်တွန်းနှိုးဆော်အပ်ပါသည် -

(က) အရန်ပျိုးများဖြင့် ပြန်လည်အစားထိုးစိုက်ပျိုးခြင်း၊
(ခ) သက်လတ်နှင့် သက်ကြီးစပါးမျိုးများကို သက်တမ်းရက် (၆၀) အတွင်းရှိ စပါးစိုက်ခင်းမှ သားတက်ခွဲ၍ ပွားများ စိုက်ပျိုးခြင်း၊
(ဂ) သက်လျင်စပါးမျိုး (ရက်-၉၀၊ ရွှေသွယ်ရင်၊ ထိုင်းနံ့ကောက်) စသည်များဖြင့် ပျိုးထောင်စိုက်ပျိုးခြင်း (သို့) Drum Seeder အသုံးပြု၍ တိုက်ရိုက်အစေ့ချ စိုက်ပျိုးခြင်း၊ ပျိုးဖျာလိပ် ပျိုးထောင်နည်း (Dapog Method)ကို အသုံးပြု၍ ပျိုးထောင်စိုက်ပျိုးခြင်း၊
(ဃ) အမြန်ဆုံးပြန်လည်အစားထိုး စိုက်ပျိုးနိုင်ရန် ကောက်စိုက်စက်များ အသုံးပြုစိုက်ပျိုးခြင်း၊
(င) မပျက်စီးဘဲ ထိခိုက်နိုင်သော စပါးခင်းများအား ရေသွင်းရေထုတ်ပြုလုပ်ပေးပြီး သဘာဝမြေဩဇာနှင့် ပုလဲဓာတ်မြေဩဇာ (၃:၁) အချိုးဖြင့် ရောစပ်ထည့်သွင်းပေးခြင်း၊
(စ) ထိခိုက်သောစပါးခင်းများတွင် ပိုးမွှားရောဂါကျရောက်မှုအခြေအနေစစ်ဆေးလျက် လိုအပ်သောကာကွယ်နှိမ်နင်းခြင်းများ ဆောင်ရွက်ခြင်း၊

၃။ ရေကြီးနစ်မြုပ်မှုမရှိဘဲ ပုံမှန်ကောင်းမွန်နေသော စပါးခင်းများအား အထွက်နှုန်းတိုးတက်ရေးအတွက် ပေါင်းမြက်နှိမ်နင်းခြင်း၊ ဓာတ်မြေဩဇာနှင့်သဘာဝမြေဩဇာ အချိုးညီ အချိန်ကိုက်ထည့်သွင်းခြင်း၊ ပိုးမွှားရောဂါကျရောက်မှုမရှိအောင် ကာကွယ်နှိမ်နင်းခြင်း၊ ရေသွင်းရေထုတ် ဆောင်ရွက်ခြင်းများကို အထူးဂရုပြုဆောင်ရွက်ကြရန် လိုအပ်မည်ဖြစ်ပါသည်။

၄။ ရေကျသွားချိန်၌ ရေကြီးနစ်မြုပ်ပျက်စီးပြီး မိုးစပါးပြန်လည်အစားထိုး စိုက်ပျိုးနိုင်ခြင်းမရှိသည့် ဧရိယာများတွင် ရေမြေဒေသနှင့် ကိုက်ညီသည့်သီးနှံများကို အချိန်မီအပြည့်အဝ ပြန်လည်အစားထိုး စိုက်ပျိုးသွားနိုင်ရေးအတွက် ကြိုတင်စီမံ ဆောင်ရွက်သွားကြရန်လည်း လိုအပ်ပါသည်။

၅။ သို့ဖြစ်ပါ၍ ရေကြီးနစ်မြုပ်၍ ပျက်စီးသွားသော လယ်ယာမြေများတွင် သီးနှံများ အချိန်မီ ပြန်လည်အစားထိုး စိုက်ပျိုးနိုင်ရေးအတွက် လိုအပ်သည်များ ကူညီပံ့ပိုးပေးနိုင်ရန် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနလက်အောက်ရှိ စိုက်ပျိုးရေးဦးစီးဌာန၊ ဆည်မြောင်းနှင့်ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန၊ စက်မှုလယ်ယာဦးစီးဌာန၊ လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာနများအနေဖြင့် အသင့်ကြိုတင် ပြင်ဆင်ပြီးဖြစ်ပါကြောင်းနှင့် သီးနှံရေကြီးနစ်မြုပ်မှုကြောင့် ထိခိုက်ပျက်စီးမှုများ ဖြစ်ပေါ်ပါက တောင်သူလယ်သမားများအနေဖြင့် မိမိတို့နှင့်နီးစပ်ရာ တိုင်းဒေသကြီး/ပြည်နယ်၊ ခရိုင်၊ မြို့နယ်ရှိ အထက်ဖော်ပြပါ ဌာန/ရုံးများတွင် လိုအပ်သည့် အကူအညီများ ရယူဆောင်ရွက်နိုင်ပါကြောင်း အသိပေးနှိုးဆော်အပ်ပါသည်။ **စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန**

# ၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ် (ဇူလိုင်လထိ) (ယာယီ) စာရင်းအရ မြန်မာနိုင်ငံ၏ ပြည်ပကုန်သွယ်မှု အမေရိကန်ဒေါ်လာ ၂၄.၇၁ ဘီလီယံကျော် ဆောင်ရွက်နိုင်ခဲ့

၁။ ၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ် (ဇူလိုင်လ ထိ) မြန်မာနိုင်ငံ၏ ပြည်ပကုန်သွယ်မှု (ယာယီစာရင်းအရ) ပြည်ပပို့ကုန်တန်ဖိုးမှာ အမေရိကန်ဒေါ်လာ ၁၂.၄၅ ဘီလီယံ၊ ပြည်ပသွင်းကုန်တန်ဖိုး အမေရိကန်ဒေါ်လာ ၁၂.၂၅ ဘီလီယံနှင့် ကုန်သွယ်မှုပမာဏ အမေရိကန်ဒေါ်လာ ၂၄.၇၁ ဘီလီယံဖြစ်ပါသည်။ ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ်ကာလတူတွင် ပြည်ပပို့ကုန်တန်ဖိုး အမေရိကန်ဒေါ်လာ ၁၄.၇၉ ဘီလီယံ၊ ပြည်ပသွင်းကုန်တန်ဖိုး အမေရိကန်ဒေါ်လာ ၁၆.၂၉ ဘီလီယံ၊ ပြည်ပကုန်သွယ်မှုပမာဏ အမေရိကန်ဒေါ်လာ ၃၁.၀၈ ဘီလီယံဖြစ်သဖြင့် ယခင်ဘဏ္ဍာနှစ်ထက် ပို့ကုန် ၁၆ ရာခိုင်နှုန်း၊ သွင်းကုန် ၂၅ ရာခိုင်နှုန်းနှင့် ကုန်သွယ်မှုပမာဏ အမေရိကန်ဒေါ်လာ ၂၁ ရာခိုင်နှုန်း လျော့နည်းခဲ့ပါသည်။

၂။ ပြည်ပပို့ကုန်ပစ္စည်းများ အုပ်စုလိုက်တင်ပို့မှုကို ယခင်နှစ်ကာလတူနှင့် နှိုင်းယှဉ်လျှင် အောက်ပါအတိုင်း ဖြစ်ပါသည် -

တန်ဖိုး-ကန်ဒေါ်လာသန်းပေါင်း

| စဉ် | အကြောင်းအရာ | ၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ် (ဇူလိုင်လ ထိ) (ယာယီ) | ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ် (ဇူလိုင်လ ထိ) | နှိုင်းယှဉ်ချက်တိုး (+) /လျော့(-) | |
|---|---|---|---|---|---|
| ၁။ | လယ်ယာထွက်ပစ္စည်း | ၄၂၂၅.၅၇၆ | ၃၃၁၂.၀၇၀ | (+) | ၉၁၃.၅၀၆ |
| ၂။ | တိရစ္ဆာန်ထွက်ပစ္စည်း | ၁၇.၇၉၃ | ၆၇.၀၂၇ | (-) | ၄၉.၂၃၄ |
| ၃။ | ရေထွက်ပစ္စည်း | ၆၄၀.၁၇၀ | ၇၅၀.၂၃၄ | (-) | ၁၁၀.၀၆၄ |
| ၄။ | သတ္တုတွင်းထွက်ပစ္စည်း | ၇၇၆.၇၃၇ | ၁၅၅၃.၆၅၄ | (-) | ၇၇၆.၉၁၇ |
| ၅။ | သစ်တောထွက်ပစ္စည်း | ၁၀၆.၄၀၁ | ၁၂၅.၂၈၉ | (-) | ၁၈.၈၈၈ |
| ၆။ | စက်မှုကုန်ချောပစ္စည်း | ၆၂၃၆.၁၈၂ | ၈၁၂၀.၅၁၀ | (-) | ၁၈၈၄.၃၂၈ |
| ၇။ | အခြားပစ္စည်းများ | ၄၅၁.၄၄၉ | ၈၆၅.၀၉၆ | (-) | ၄၁၃.၆၄၇ |
| | စုစုပေါင်း | ၁၂၄၅၄.၃၀၈ | ၁၄၇၉၃.၈၈၀ | (-) | ၂၃၃၉.၅၇၂ |

၃။ ပြည်ပသွင်းကုန်ပစ္စည်းများ အုပ်စုအလိုက်တင်သွင်းမှုကို ယခင်နှစ်ကာလတူနှင့် နှိုင်းယှဉ်လျှင် အောက်ပါအတိုင်းဖြစ်ပါသည်-

တန်ဖိုး-ကန်ဒေါ်လာသန်းပေါင်း

| စဉ် | အကြောင်းအရာ | ၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ် (ဇူလိုင်လ ထိ) (ယာယီ) | ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ် (ဇူလိုင်လ ထိ) | နှိုင်းယှဉ်ချက်တိုး (+) /လျော့(-) | |
|---|---|---|---|---|---|
| ၁။ | ရင်းနှီးမြှုပ်နှံမှုကုန်ပစ္စည်း | ၄၁၁၅.၉၆၄ | ၆၂၈၁.၉၈၈ | (-) | ၂၁၆၆.၀၂၄ |
| ၂။ | လုပ်ငန်းသုံးကုန်ကြမ်းပစ္စည်း | ၄၅၃၆.၄၀၂ | ၅၉၀၆.၆၂၇ | (-) | ၁၃၇၀.၂၂၅ |
| ၃။ | လူသုံးကုန်ပစ္စည်း | ၃၆၀၁.၅၀၅ | ၄၁၀၀.၁၉၄ | (-) | ၄၉၈.၆၈၉ |
| | စုစုပေါင်း | ၁၂၂၅၃.၈၇၁ | ၁၆၂၈၈.၈၀၉ | (-) | ၄၀၃၄.၉၃၈ |

● *ကျောဖုံးမှ*

သရေကျထားသည်။ မန်ယူအသင်းသည် အပြောင်းအရွှေ့ကာလတွင် ဗာရာနီ၊ ဆန်ချို စသည့် အဓိက ကစားသမားများကို ခေါ်ယူ အားဖြည့်ထားသည်။ မန်ယူအသင်းနှင့် လိဒ်စ်အသင်းတို့ ပြီးခဲ့သည့်နှစ် နှစ်ကြိမ်တွေ့ဆုံခဲ့ရာတွင် မန်ယူအသင်းက အသာရထားပြီး တစ်ပွဲသရေနှင့် တစ်ပွဲအနိုင်ရရှိထားသည်။

ချယ်ဆီးနှင့် ပဲလေ့စ်အသင်းတို့ပွဲစဉ်ကို ည ၈ နာရီခွဲတွင် စတန်းဖို့ဒ်ဘရစ်၌ အကြိတ်အနယ်ယှဉ်ပြိုင် ကစားမည်ဖြစ်သည်။ ချယ်ဆီးအသင်းသည် ဩဂုတ် ၁၂ ရက်တွင် ယူအီးအက်ဖ်အေစူပါဖလား ဗိုလ်လုပွဲ၌ ဗီလာရီးရဲအသင်းကို အနိုင်ရရှိကာ စူပါဖလားကို အသင်းသမိုင်းတစ်လျှောက် နှစ်ကြိမ်မြောက် ပူပူနွေးနွေး ဆွတ်ခူးထားသည့် အသင်းဖြစ်သည်။ ထို့ပြင် ချယ်ဆီးအသင်းသည် အင်တာမီလန်အသင်းမှ အဓိက တိုက်စစ်မှူး လူကာကူကိုလည်း စံချိန်တင်ပြောင်းရွှေ့ကြေးဖြင့် ယမန်နေ့က ပြန်လည်ခေါ်ယူအားဖြည့်ထားသည်။ ပဲလေ့စ်အသင်းက နောက်ဆုံးယှဉ်ပြိုင်ကစားခဲ့သည့် ခြေစမ်းပွဲလေးပွဲတွင် ရှုံးပွဲကြုံတွေ့ထားခြင်းမရှိဘဲ သုံးပွဲအထိ နိုင်ပွဲရရှိထားသည့်အတွက် ခြေစွမ်းအတက်ဘက်ရောက်နေသည်ကို သတိပြုရမည်။

လက်စတာနှင့် ဝုဖ်အသင်းတို့ပွဲစဉ်ကို ယနေ့ည ၈ နာရီခွဲတွင် လက်စတာအိမ်ကွင်း၌ အကြိတ်အနယ် ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။ လက်စတာအသင်းသည် ဩဂုတ် ၇ ရက်တွင် ပရီမီယာလိဂ်ကန့်လန့်ကာအဖွင့် ကွန်မြူနတီဒိုင်းလုပွဲအဖြစ် ချန်ပီယံ မန်စီးတီးအသင်းနှင့် ယှဉ်ပြိုင်ကစားခဲ့ရာ အီဟီယာနာချို၏ တစ်လုံးတည်းသော သွင်းဂိုးဖြင့် မန်စီးတီးအသင်းကို အနိုင်ရရှိပြီး ကွန်မြူနတီဒိုင်းကို ဆွတ်ခူးထားနိုင်ခဲ့သည်။ ဝုဖ်အသင်းက နောက်ဆုံးခြေစမ်းပွဲ လေးပွဲတွင် တစ်ပွဲသာ နိုင်ပွဲရရှိထားပြီး နှစ်ပွဲရှုံးနိမ့်ထားသည့်အတွက် ခြေစွမ်းအကျဘက်ရောက်နေသည်ကို သတိပြုရမည်။

တန်းတက် နေ့ဝ့်စ်ချ်နှင့် လီဗာပူးအသင်းတို့ပွဲစဉ်ကို ယနေ့ည ၁၁ နာရီတွင် နေ့ဝ့်စ်ချ်အိမ်ကွင်း၌ ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။ ရာသီအကြိုပြင်ဆင်မှုတွင် နှစ်သင်းစလုံး ရလဒ်ကောင်းပိုင်ဆိုင်ထားသည့်အတွက် ယနေ့ပွဲစဉ်သည် ပရိသတ်အကြိုက် ပွဲကောင်းတစ်ပွဲဖြစ်လာဖွယ်ရှိနေသည်။

အောင်ဇော်

## ကာတွန်းဆရာကြီး ဦးဘဂျမ်း၏ ခေတ်အမြင် ကာတွန်း



## ရတနာသစ်တော၊ ပြည့်သွေးကြော
## သစ်တောရတနာ၊ ထိန်းသိမ်းပါ

# အောင်ဘာလေထီနဲ့ ပတ်သက်ပြီး ပြည်သူတွေသိသင့်တဲ့ သတင်းအချက်အလက်တွေကို အချိန်နဲ့တစ်ပြေးညီ ထုတ်ပြန်အသိပေးသွားမှာဖြစ်သလို အသိပေးကြေညာမှုတွေ၊ ရှင်းလင်းဆွေးနွေးမှုတွေကို ပိုမိုတိုးမြှင့်ဆောင်ရွက်သွားမှာ ဖြစ်ပါတယ်

**အောင်ဘာလေထီဖွင့်လှစ်ရောင်းချခြင်းနှင့် စပ်လျဉ်း၍ မြန်မာ့သံနှင့်ရုပ်မြင်သံကြားက ပြည်တွင်းအခွန်များဦးစီးဌာန၊ အောင်ဘာလေသိန်းဆုဌာနခွဲ၊ ညွှန်ကြားရေးမှူး ဦးညီညီလှိုင်နှင့် တွေ့ဆုံမေးမြန်းထားသည်။**

**ဦးညီညီလှိုင်**
**ညွှန်ကြားရေးမှူး၊ အောင်ဘာလေသိန်းဆုဌာနခွဲ**

**မေး။ ။ ပထမဦးစွာ အောင်ဘာလေထီနဲ့ ပတ်သက်ပြီး တာဝန်ယူဆောင်ရွက်ရတဲ့အပိုင်းကို ပြောကြားပေးစေလိုပါတယ်။**

ဖြေ။ ။ ကျွန်တော့်အနေနဲ့ အောင်ဘာလေထီလုပ်ငန်း ဆောင်ရွက်မှုနဲ့ ပတ်သက်ပြီး စီမံခန့်ခွဲမှု (management) ဆိုင်ရာ အပိုင်းကို တာဝန်ယူဆောင်ရွက်လျက်ရှိပါတယ်။

**မေး။ ။ အောင်ဘာလေထီ လုပ်ငန်းဟာဆိုရင် နိုင်ငံတော်ရဲ့ဝင်ငွေကို တစ်စိတ်တစ်ပိုင်း ဖြည့်တင်းပေးနေတဲ့ လုပ်ငန်းဖြစ်တဲ့အတွက် ထီလုပ်ငန်းလည်ပတ်ဆောင်ရွက်မှုအခြေအနေကို ရှင်းပြပေးစေလိုပါတယ်။**

ဖြေ။ ။ အောင်ဘာလေထီနဲ့ ပတ်သက်ပြီးတော့ ပထမဆုံးဆောင်ရွက်ရတဲ့အပိုင်းကတော့ ထီလက်မှတ်မှာယူခြင်းနဲ့ ပုံနှိပ်ထုတ်ဝေခြင်း ဖြစ်ပါတယ်။ ထီလက်မှတ်များကို ကာကွယ်ရေးဝန်ကြီးဌာန၊ လုံခြုံရေးနှင့်ဆိုင်သော ပုံနှိပ်လုပ်ငန်းများ ညွှန်ကြားရေးမှူးရုံးကို သုံးလကြိုတင်မှာကြားရပါတယ်။ ကကလုံအနေနဲ့ ထီလက်မှတ်တွေကို လုံခြုံရေးအဆင့်အတန်းများ ထည့်သွင်းပြီး ပုံနှိပ်ထုတ်ဝေလျက်ရှိပါတယ်။

ဒုတိယအပိုင်းကတော့ ထီလက်မှတ်တွေကို ဖြန့်ဖြူးရောင်းချတဲ့အပိုင်းဖြစ်ပါတယ်။ အဲဒီအပိုင်းမှာတော့ ရန်ကုန်နဲ့ မန္တလေးမြို့မှာရှိတဲ့ အောင်ဘာလေသိန်းဆုဌာနခွဲတွေနဲ့ ပြည်ထောင်စုနယ်မြေအပါအဝင် တိုင်းဒေသကြီး/ ပြည်နယ်အသီးသီးမှာရှိတဲ့ မြို့နယ်အခွန်ဦးစီးဌာနမှူးရုံးတွေကတစ်ဆင့် ထီကိုယ်စားလှယ်တွေကို ဖြန့်ချိပေးပြီး ထီကိုယ်စားလှယ်တွေကတစ်ဆင့် ရောင်းချခြင်း ဖြစ်ပါတယ်။

တတိယအပိုင်းကတော့ ထီဖွင့်ပွဲကျင်းပခြင်းနဲ့ ထီဆုငွေခွဲဝေပေးတဲ့အပိုင်း ဖြစ်ပါတယ်။ ထီဖွင့်ပွဲကတော့ ပုံမှန်အားဖြင့် လစဉ်ကျင်းပလျက်ရှိပြီး ထီလက်မှတ်ရောင်းရငွေအပေါ် မူတည်ပြီး ဆုမဲများ ခွဲဝေပေးလျက်ရှိပါတယ်။

**မေး။ ။ ထီဆုငွေခွဲဝေမှုပုံစံနဲ့ ဆုငွေထုတ်ပေးနေမှုပုံစံကိုလည်း ရှင်းပြပေးစေလိုပါတယ်။**

ဖြေ။ ။ လစဉ်ရောင်းချရတဲ့ ထီစာအုပ်စုစုပေါင်း ရောင်းရငွေမှ ၆၀ ရာခိုင်နှုန်းကို ထီဆုမဲအဖြစ် ခွဲဝေပြီး ၄၀ ရာခိုင်နှုန်းကိုတော့ အောင်ဘာလေသိန်းဆုခွန်အဖြစ် နိုင်ငံတော်က ရယူလျက်ရှိပါတယ်။ နိုင်ငံတော်အနေနဲ့ အောင်ဘာလေထီစာအုပ်ရိုက်နှိပ်ခ၊ ဖြန့်ဖြူးရောင်းချဖို့ သယ်ယူပို့ခ၊ ဝန်ထမ်းစရိတ် စတဲ့ကုန်ကျစရိတ်တွေကလည်း ရှိတဲ့အတွက် အောင်ဘာလေသိန်းဆုခွန်အဖြစ် အမှန်တကယ်ရရှိတာကတော့ ၃၅ ရာခိုင်နှုန်းခန့်သာ ဖြစ်ပါတယ်။ ဆုမဲခွဲဝေမှုနဲ့ ပတ်သက်ပြီးတော့လည်း လအလိုက် ထီရောင်းချမှုအပေါ် မူတည်ပြီး ကျပ်သိန်းတစ်သောင်းငါးထောင်၊ ကျပ်သိန်းတစ်သောင်း၊ ကျပ်သိန်းငါးထောင်၊ ကျပ်သိန်းငါးရာဆု စတဲ့ဆုတစ်ခုချင်းစီရဲ့ အရေအတွက်ကိုလည်း ပြည်သူတွေကို ထုတ်ပြန်ကြေညာပေးလျက် ရှိပါတယ်။

ထီဆုငွေထုတ်ယူရမယ့်နေရာနဲ့ ပတ်သက်ပြီးတော့ ထီဆုငွေများကို အနိမ့်ဆုံးဆု ငွေကျပ်ငါးသောင်းဆုမှ အမြင့်ဆုံးငွေကျပ်သိန်းတစ်သောင်းငါးထောင်အထိ ဆုမဲအမျိုးအစားအားလုံးကို ရန်ကုန်နဲ့ မန္တလေးမြို့ရှိ အောင်ဘာလေသိန်းဆုဌာနခွဲများ၊ ငွေကျပ် ၁၀ သိန်းနဲ့ အောက်ဆုမဲများကို သက်ဆိုင်ရာ မြို့နယ်အခွန်ဦးစီးဌာနမှူးရုံးများမှာ ထုတ်ယူခွင့်ပြုလျက်ရှိပါတယ်။

ကျွန်တော်တို့ အောင်ဘာလေထီရုံးအနေနဲ့ မည်သည့်ဆုမဲအမျိုးအစားကိုမဆို နေ့ချင်းပြီး ပြန်လည်ထုတ်ပေးလျက်ရှိပါတယ်။ ထီဆုငွေကိုတော့ အစိုးရဌာနတွေ ငွေပေးချေမှုဆိုင်ရာ လုပ်ထုံးလုပ်နည်းတွေအတိုင်းပဲ သက်ဆိုင်ရာ မြန်မာ့စီးပွားရေးဘဏ်ခွဲရဲ့ ချက်လက်မှတ်များနဲ့ ထုတ်ပေးလျက်ရှိပါတယ်။

ယခုကာလမှာ ကြုံတွေ့နေရတဲ့ ဘဏ်ဆိုင်ရာအခက်အခဲများနဲ့ ပတ်သက်ပြီးတော့လည်း ကျွန်တော်တို့ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာနနဲ့ မြန်မာနိုင်ငံတော်ဗဟိုဘဏ်တို့ ညှိနှိုင်းချက်အရ ငွေကျပ်ငါးသောင်းမှ ငွေကျပ်သိန်း ငါးထောင်အထိ ဆုမဲများအပေါ် ကနဦးငွေသားထုတ်ယူလိုပါက ငွေကျပ်သိန်းငါးရာအထိကို တစ်လုံးတစ်ခဲတည်း ထုတ်ပေးလျက်ရှိပါတယ်။ ဆုမဲရဲ့ ကျန်ငွေကို ဘဏ်စာရင်းဖွင့်လှစ်ပြီး ဗဟိုဘဏ်သတ်မှတ်ချက်အတိုင်း မြန်မာ့စီးပွားရေးဘဏ်မှ ထုတ်ပေးလျက်ရှိပါတယ်။

**မေး။ ။ ယခုလတ်တလောမှာ အခြားတရားမဝင်အဖွဲ့အစည်းတွေကလည်း ထီကို ဖွင့်လှစ်ရောင်းချဆောင်ရွက်မယ်ဆိုတာတွေ ကြားနေရပါတယ်။ အဲဒီကိစ္စနှင့်ပတ်သက်ပြီး ဆရာ့ အမြင်လေး သိပါရစေ။**

ဖြေ။ ။ ဥပဒေရေးရာအပိုင်းအနေနဲ့ပြောရရင်တော့ သူတို့ဖွင့်မယ့်ထီက ချဲ၊ နှစ်လုံးထီတွေလို တရားမဝင်ထီပုံစံမျိုးဖြစ်တဲ့အတွက် ရာဇသတ်ကြီး၊ လောင်းကစားဥပဒေစတဲ့ တည်ဆဲဥပဒေတွေနဲ့ ငြိစွန်းတဲ့ အခြေအနေရှိပါတယ်။ အဲဒါကြောင့် ထီလုပ်ငန်းဆောင်ရွက်တဲ့သူရော၊ ထီကံစမ်းသူရော သက်ဆိုင်ရာ ဥပဒေတွေအရ အရေးယူခံရနိုင်တဲ့အတွက် လုပ်ငန်းလည်ပတ်ဆောင်ရွက်နိုင်ဖို့ရော ထီကံစမ်းနိုင်ဖို့အတွက်ပါ ကန့်သတ်ချက်တွေ အများကြီးရှိနိုင်ပါတယ်။

ထီလုပ်ငန်းရဲ့ သဘောသဘာဝအနေနဲ့ပြောရရင်တော့ ထီလုပ်ငန်းဆိုတာ နည်းပညာ၊ ကျွမ်းကျင်မှု၊ အရင်းအနှီး၊ လူ့စွမ်းအားအရင်းအမြစ်တို့ လိုအပ်တဲ့အပြင် အချိန်ယူဆောင်ရွက်ရတဲ့ လုပ်ငန်းအမျိုးအစားလည်း ဖြစ်ပါတယ်။ နောက်ပြီးတော့ Paper Lottery, E-Lottery စတဲ့ ထီလုပ်ငန်းအမျိုးအစားအပေါ် မူတည်ပြီးတော့လည်း နည်းပညာလိုအပ်ချက်၊ အရင်းအနှီးလိုအပ်ချက်နဲ့ ရှုပ်ထွေးခက်ခဲမှုတွေကလည်း မတူညီကြပါဘူး။ လက်ရှိနိုင်ငံတော်ကဆောင်ရွက်နေတဲ့ အောင်ဘာလေထီလို Paper Lottery ပုံစံဆိုရင်တော့ အထက်မှာပြောခဲ့သလို ထီလက်မှတ်ရိုက်နှိပ်ခြင်း၊ ဖြန့်ဖြူးခြင်းစတဲ့လုပ်ငန်းစဉ်တွေကို ဆောင်ရွက်ရပါတယ်။ လုပ်ငန်းစဉ်တစ်ခုစီအလိုက် နည်းပညာလိုအပ်ချက်၊ အချိန်ပေးရမှုနဲ့ ရှုပ်ထွေးခက်ခဲမှုတွေ ရှိကြပါတယ်။ ဥပမာ - ထီလက်မှတ်ရိုက်နှိပ်ခြင်းအပိုင်းမှာဆိုရင် လုံခြုံမှုအဆင့်အတန်းပါရှိတဲ့ ထီစာအုပ်တွေ ထုတ်ဝေနိုင်ဖို့အတွက် နည်းပညာလိုအပ်သလို စက်ပစ္စည်းကိရိယာတွေ လိုအပ်ချက် ရှိပါတယ်။ နောက်ပြီး ထီလက်မှတ်တွေကို ဖြန့်ဝေတဲ့ အပိုင်းမှာဆိုရင် ထီကိုယ်စားလှယ်တွေ လိုအပ်ပါတယ်။

ဒီလိုပဲ E-Lottery စနစ်နဲ့ လုပ်မယ်ဆိုရင်လည်း ဝက်ဘ်ဆိုက် တည်ထောင်ခြင်း၊ အွန်လိုင်းကတစ်ဆင့် ရောင်းချခြင်း၊ ငွေပေးချေခြင်းဆိုင်ရာကိစ္စရပ်တွေအတွက် နည်းပညာတွေ၊ ကျွမ်းကျင်မှုတွေ များစွာလိုအပ်ချက် ရှိပါတယ်။ ဒါ့ကြောင့် ထီလုပ်ငန်းနဲ့ပတ်သက်ပြီး အတွေ့အကြုံရှိတဲ့ လုပ်ငန်းတွေ၊ နည်းပညာဆိုင်ရာကုမ္ပဏီတွေရဲ့ ပူးပေါင်းဆောင်ရွက်မှုနဲ့ နည်းပညာအကူအညီရရှိဖို့လည်း လိုအပ်နိုင်ပါတယ်။

E-Lottery မှာ အဓိကကျတဲ့အချက်တစ်ခုကတော့ ငွေပေးချေမှုအပိုင်းဖြစ်ပါတယ်။ တခြား နိုင်ငံတွေမှာတော့ E-Wallet တို့ Debit Card- Credit Card တို့ Bank Wire Transfer တို့တွေနဲ့ လုပ်လေ့ရှိပါတယ်။ ထီလုပ်ငန်းလုပ်ငန်းစဉ်တိုင်းမှာ အခက်အခဲတွေနဲ့ ရှုပ်ထွေးမှုရှိကြပါတယ်။ အထူးသဖြင့်တော့ တရားမဝင်ထီလုပ်ငန်းဖြစ်တဲ့အတွက် ပိုပြီးတော့ ခက်ခဲနိုင်ပါတယ်။ ဒါ့ကြောင့် တခြားအဖွဲ့အစည်းတွေအနေနဲ့ ထီလုပ်ငန်းတစ်ရပ်ကို အမည်ခံသက်သက်မဟုတ်ဘဲ လက်တွေ့အောင်မြင်အောင် အကောင်အထည်ဖော် ဆောင်ရွက်နိုင်ခြေ အလွန်နည်းတယ်လို့ သုံးသပ်ပါတယ်။

**မေး။ ။ ဆရာ ခုနက ရှင်းပြသွားတဲ့အချက်ထဲမှာ ငွေပေးချေမှုအပိုင်းက E-Lottery စနစ်အတွက် အဓိကကျတဲ့အချက်ဖြစ်တယ်လို့ ပြောသွားပါတယ်။ အဲဒီတော့ တရားမဝင်ထီအတွက်ဆိုရင် ငွေပေးချေမှုအပိုင်းက အလုပ်ဖြစ်နိုင်ပါ့မလား။ အဲဒီအပေါ်မှာလည်း ဆရာ့အမြင်ကို ဆွေးနွေးပေးပါဦး။**

ဖြေ။ ။ မှန်ပါတယ်ခင်ဗျာ။ E-Lottery စနစ်မှာ ငွေပေးချေမှုက အဓိကကျတဲ့အချက်တစ်ခု ဖြစ်ပါတယ်။ မြန်မာနိုင်ငံမှာ KBZ Pay, Wave Money တို့ အပါအဝင် Mobile Payment တွေ၊ Online Payment, Bank Transfer တွေအားလုံးက မြန်မာနိုင်ငံတော်ဗဟိုဘဏ်ရဲ့ ထိန်းချုပ်မှုနဲ့ ဆောင်ရွက်ရတာ ဖြစ်ပါတယ်။ မြန်မာနိုင်ငံတော်ဗဟိုဘဏ်အနေနဲ့ကလည်း ဒီလိုတရားမဝင်ထီနဲ့ ပတ်သက်တဲ့ ငွေပေးချေမှုတွေ၊ ငွေလွှဲပြောင်းမှုတွေကို ပြင်းပြင်းထန်ထန် အရေးယူဆောင်ရွက်မှုတွေရှိနိုင်ပါတယ်။ ဥပမာ - တရားမဝင်ထီအတွက် ငွေပေးချေမှုနဲ့ဆက်စပ်တဲ့ ဘဏ်စာရင်းတွေကို ပိတ်သိမ်းတာ၊ ဘဏ်စာရင်းထဲမှာရှိတဲ့ငွေတွေကို ထိန်းချုပ်တာစတာတွေကို ကျယ်ကျယ်ပြန့်ပြန့်ဆောင်ရွက်နိုင်ခြေရှိပါတယ်။ ဒါ့အပြင် ပြည်ထဲရေးဝန်ကြီးဌာနလို သက်ဆိုင်ရာဝန်ကြီးဌာနကို သတင်းအချက်အလက်တွေပေးပို့ပြီးတော့လည်း ရာဇဝတ်ကြောင်းအရ အရေးယူဆောင်ရွက်တာတွေ ရှိနိုင်ပါတယ်။ ဒါကြောင့်မို့ တရားမဝင်ထီလုပ်ငန်းအနေနဲ့ ရပ်တည်နိုင်ဖို့ တော်တော်ခက်ခဲမယ်လို့ပဲ မြင်ပါတယ်။

**မေး။ ။ အောင်ဘာလေထီလုပ်ငန်းနဲ့ပတ်သက်ပြီး ဆက်လက်ဆောင်ရွက်သွားမယ့် အစီအစဉ်တွေရှိရင်လည်း သိရှိလိုပါတယ်။**

ဖြေ။ ။ ကျွန်တော်တို့ ပြည်တွင်းအခွန်များဦးစီးဌာနအနေနဲ့ အောင်ဘာလေထီနဲ့ ပတ်သက်ပြီး ပြည်သူတွေသိသင့်တဲ့ သတင်းအချက်အလက်တွေကို အချိန်နဲ့တစ်ပြေးညီ ထုတ်ပြန်အသိပေးသွားမှာဖြစ်သလို အသိပေးကြေညာမှုတွေ၊ ရှင်းလင်းဆွေးနွေးမှုတွေကို ပိုမိုတိုးမြှင့်ဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။ ဒါ့အပြင် ထီဆုမဲခွဲဝေမှုကိုလည်း လက်ရှိခွဲဝေပေးတဲ့ ၆၀ ရာခိုင်နှုန်းထက် တိုးမြှင့်ခွဲဝေပေးနိုင်ဖို့နဲ့ ထီပေါက်သူများကို ထီဆုငွေထုတ်ယူရာမှာ ငွေထုတ်ကန့်သတ်ချက်မထားဘဲ တစ်လုံးတစ်ခဲတည်း အပြည့်အဝထုတ်ယူခွင့်ရရှိနိုင်ဖို့ စီစဉ်ဆောင်ရွက်ပေးသွားမှာ ဖြစ်ပါတယ်။ ပြည်သူများအနေနဲ့ ထီကံစမ်းရာမှာ ပိုမိုလွယ်ကူအဆင်ပြေစေဖို့နဲ့ ထီဈေးနှုန်းတည်ငြိမ်စေဖို့အတွက်လည်း နည်းလမ်းသစ်တွေ ကြိုးပမ်းဖော်ထုတ်ဆောင်ရွက်လျက်ရှိပါကြောင်းနဲ့ ပိုမိုကောင်းမွန်တဲ့ဝန်ဆောင်မှုတွေပေးနိုင်ဖို့အတွက် ကြိုးပမ်းလျက်ရှိပါကြောင်း အသိပေးပြောကြားလိုပါတယ်။

> ❒ **ထီဆုမဲခွဲဝေမှုကိုလည်း လက်ရှိခွဲဝေပေးတဲ့ ၆၀ ရာခိုင်နှုန်းထက် တိုးမြှင့်ခွဲဝေပေးနိုင်ဖို့နဲ့ ထီပေါက်သူများကို ထီဆုငွေထုတ်ယူရာမှာ ငွေထုတ်ကန့်သတ်ချက်မထားဘဲ တစ်လုံးတစ်ခဲတည်း အပြည့်အဝထုတ်ယူခွင့်ရရှိနိုင်ဖို့ စီစဉ်ဆောင်ရွက်ပေးသွားမှာ ဖြစ်ပါတယ်။ ပြည်သူများအနေနဲ့ ထီကံစမ်းရာမှာ ပိုမိုလွယ်ကူအဆင်ပြေစေဖို့နဲ့ ထီဈေးနှုန်းတည်ငြိမ်စေဖို့အတွက်လည်း နည်းလမ်းသစ်တွေ ကြိုးပမ်းဖော်ထုတ် ဆောင်ရွက်လျက်ရှိ**

# ကမ္ဘာပေါ်ရှိ ထိုင်တော်မူကျောက်ဆစ်ဗုဒ္ဓရုပ်ပွားဆင်းတုတော်များအနက် ဥာဏ်တော်အမြင့်ဆုံးဖြစ်လာမည့် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တည်ဆောက်ပူဇော်ခြင်းလုပ်ငန်းများတွင် အလှူငွေထည့်ဝင်လှူဒါန်းနိုင်ရေးနှိုးဆော်ခြင်း







ဓမ္မာရုံ(၂၁၃×၉၀)ပေ ၁ လုံး-၈၇၃၀ သိန်း



မုစလိန္ဒအိုင်

၁။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ဦးဆောင်သည့် (၇)ရက်သား၊ သမီး၊ ဘုရားဒါယကာ၊ ဒါယိကာမတို့က မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား မြန်မာနိုင်ငံတွင် ထေရဝါဒဗုဒ္ဓသာသနာတော်ထွန်းလင်းတောက်ပလျက်ရှိသည်ကို ကမ္ဘာကိုပြသရန်၊ တိုင်းပြည်အေးချမ်းသာယာမှုရှိစေရန်၊ ရုပ်ပွားတော်မြတ်ကြီးအား ပြည်တွင်း၊ ပြည်ပဘုရားဖူးများလာရောက်ခြင်းဖြင့် ဒေသတိုးတက်စည်ကားမှုကို အထောက်အကူဖြစ်စေရန်၊ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်မှုအား အထောက်အကူဖြစ်စေရန်ရည်သန်လျက် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ ဒက္ခိဏသီရိမြို့နယ်အတွင်း၌ သာသနာတော်ထုံး၊ ရုပ်ပွားဆင်းတုတော်ထုံး၊ မြန်မာ့ရိုးရာတည်ထုံးများနှင့်အညီ တည်ဆောက်ပူဇော်လျက်ရှိပါသည်။

၂။ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တည်ဆောက်ရေးလုပ်ငန်းများအား တပ်မတော်(ကြည်း၊ ရေ၊ လေ)မိသားစုများ၊ စေတနာရှင်များ၊ တိုင်းရင်းသားပြည်သူတို့၏ စုပေါင်းလှူဒါန်းမှုဖြင့် အောက်ပါအတိုင်းတည်ဆောက်ပူဇော်သွားမည်ဖြစ်ပါသည်-

| စဉ် | လှူဒါန်းနိုင်သည့်အမျိုးအစား | တန်ဖိုး (ကျပ်သိန်း) | လှူဒါန်းနိုင်သည့် အရေအတွက် | လှူဒါန်းပြီး အရေအတွက် | လှူဒါန်းရန်ကျန်ရှိ အရေအတွက် |
|---|---|---|---|---|---|
| ၁။ | ဓမ္မာရုံ(၂၁၃×၉၀×၄၆)ပေ | ၈၇၃၀. ၂၁ | ၁ လုံး | - | ၁ လုံး |
| ၂။ | ရေပန်းအကြီး (အချင်း ၇၅ ပေ၊ အမြင့် ၁၈ ပေ) | ၄၃၂၁ | ၁ ခု | - | ၁ ခု |
| ၃။ | ရေပန်းအသေး(အချင်း ၁၅ ပေ၊ အမြင့် ၉ ပေ) | ၈၀၅ | ၁၈ ခု | - | ၁ ခု |
| ၄။ | မြန်မာမှုတစ်ဖက်လှ ခြံစည်းရိုး ၂၇ ပေခန်း | ၃၁ | ၄၅၅ ခန်း | ၁၂ ခန်း | ၄၄၃ ခန်း |
| ၅။ | မဟာရံတံတိုင်းရှိ ထောင့်တိုင်(စကျင်မြန်မာမှုပါ) | ၁၅ | ၅၀ တိုင် | ၈ တိုင် | ၄၂ တိုင် |
| ၆။ | မဟာရံတံတိုင်း စိန်တောင်စကျင်ကနုတ်ပန်း (စကျင်မြန်မာမှုပါ) | ၇ | ၆၅၂ ခု | ၄၆ ခု | ၆၀၆ ခု |
| ၇။ | လမ်းမီးတိုင်(၉ မီတာ (၁) တိုင်) | ၁၀ | ၁၈၀ တိုင် | ၁၃ တိုင် | ၁၆၇ တိုင် |
| ၈။ | Garden Light (၁ မီတာ(၁)တိုင်) | ၁. ၂ | ၉၀ တိုင် | ၁၅ တိုင် | ၇၅ တိုင် |

| စဉ် | လှူဒါန်းနိုင်သည့်အမျိုးအစား | တန်ဖိုး (ကျပ်သိန်း) | လှူဒါန်းနိုင်သည့် အရေအတွက် |
|---|---|---|---|
| ၉။ | မုစလိန္ဒအိုင်(၁ ကန်) | | |
| | (က) အဝင်မုခ်အဆောက်အဦ (၄၆ ပေ×၃၄ ပေ×၂၂. ၈ ပေ) | ၁၄၉၈ | ၁ ခု |
| | (ခ) အဝင်မုခ်အဆောက်အဦ စကျင်မြန်မာမှုလုပ်ငန်း(အတွင်းမီးအပါ) | ၃၅၃၆ | ၁ ခု |
| | (ဂ) အဝင်မုခ်အဆောက်အဦ ပင်မလှေကား(၃၅ ပေ×၃၂ ပေ) | ၅၆၂ | ၁ စင်း |
| | (ဃ) ရေကန်ဆောက်လုပ်ခြင်း(၃၁၅ ပေ× ၂၃၄ ပေ) | ၁၆၂၄ | ၁ ကန် |
| | (င) ရေကန်အတွင်းပတ်လမ်းနှင့် လက်ရန်းလုပ်ငန်း | ၉၁၇ | ၁ ခု |
| | (စ) ရေကန်အပြင်ပတ်လမ်း၊ ဘေးလှေကား ၂ စင်းနှင့်လက်ရန်းလုပ်ငန်း | ၁၀၀၈ | ၁ ခု |
| | (ဆ) ရေကန်ပတ်လမ်း မီးတိုင်များထွန်းညှိပေးခြင်းလုပ်ငန်း(၁ တိုင် ၉. ၅ သိန်း) | ၇၀၃ | ၇၄ တိုင် |
| | (ဇ) ရေကန်ပတ်လည်မြေယာရှုခင်း | ၅၁ | ၁ ခု |
| ၁၀။ | ရင်ပြင်တော်ပင်မတံတား(၁၀ ပေခန်း(၁)ခန်း) | ၁၃၂၂ | ၉ ခန်း |
| ၁၁။ | High Mast မီးတိုင်(၂၀ မီတာ (၁)တိုင်) | ၄၉၄ | ၉ တိုင် |
| ၁၂။ | ချောင်းဖြောင့်မြေထိန်းနံရံ(၁၂ ပေ× ၁၇၆ ပေ) | ၁၉၃ | ၈၂ ခု |
| ၁၃။ | မဟာရံတံတိုင်း၏ မြေထိန်းနံရံ(၁၀ ပေ ၁ ခန်း) | ၇၂ | ၂၀၀ ခန်း |
| ၁၄။ | မဟာရံတံတိုင်း၏(အင်္ဂတေမြန်မာမှုနှင့် Expansion Joint) | ၄ | ၂၁၈. ၁၄ ခု |

